စိတ်ကူးချိုချိုအနုပညာ
mgyoe.com



# နိုင်ဝင်းဆွေ

# မြှစပယ်ရုံ


တတိယအကြိမ်

mgyoe.com

mgyoe.com

နိုင်ဝင်းဆွေ

# မြစပယ်ရုံ



NWS0004

4,000.00 KS

mgyoe.com

မြစပယ်ရုံ၊ နိုင်ဝင်းဆွေ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ၊
စာမျက်နှာ ၃၄၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၆ စိတ်ကူးချိုချို၏ ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ဆရာသည် ပန်းချီကားနံဘေး ခုံမြင့်ပေါ်မှ ဆင်းလာခဲ့ပြီး နောက်သို့ ဝေးဝေးဆုတ်သွားကာ ပန်းချီကားကို ပြန်ကြည့်သည်။

ဓာတ်စင် အဝေးကြည့် ပန်းချီကားပေါ်၌ စုတ်ချက်ကြမ်းကြမ်း တင်ထားသည့် ဆေးတုံးဆေးခဲများသည် အဝေးသို့ ဆုတ်ခွာကြည့်မှ တောရိပ် တောင်ရိပ်များ ပီသလာသည်။ ပန်းချီကားအရှေ့ဘက်ပိုင်းသည် တော၌ ရိုးတံပြိုင်းပြိုင်း ဇရာလှိုင်းကြောင့် တည်ငြိမ်နေသည့် ရွက်ကြွေသစ်ပင်များ၊ ကြွေလုရွက်ဝါများဖြင့် ထိန်ထိန်တောက်နေသော သစ်ပင်များ၊ ကြွေဆဲရွက်ဝါနှင့် ပုရစ်ဖူးတံများကြောင့် အဝါနှင့် အစိမ်း ဆေးစုံဖက်နေသည့် သစ်ပင်များ၊ ရွက်စိမ်းနုကလေးချည်း ဝေနေသော သစ်ပင်များ၊ သစ်ပင် အနိမ့်အမြင့် အမျိုးမျိုးအစားစားများ စုပေါင်း ရောမွှေထားသည်။ တောရိပ်နောက်ဘက်၌ ရေတံခွန်တစ်ခု စီးကျနေသော ကျောက်တောင်သည် ငြိမ်သက်နေ၏။

ဆရာသည် ဤပန်းချီကားကို သူ၏ ဝဏ္ဏပဘာ၊ နဂါးရုံ၊ မြတ်ပန်းဝတ်မှုန်နှင့် ကသည်းမလေး၊ အဆောင်းတို့၌ အများဆုံးသုံးရန် ဓာတ်ဝင်ပန်းချီအဖြစ် ရည်ရွယ်သည်။ မြတ်ပန်းဝတ်မှုန်၌ ဤပန်းချီကားသည် အဓိက ဓာတ်ဆောင်တစ်ဦး ဖြစ်လာပေမည်။ "ငွေတောင်ပြည်"အက ဓာတ်၌လည်း ဤပန်းချီကား၏ တောရိပ် တောင်ရိပ်များအပေါ်တွင် ကိန္နရာ ကိန္နရီများ ဝဲကာ ပျံကာ လှုပ်ရှားကြပေမည်။

ပန်းချီကားအပေါ်ပိုင်း ကျောက်တောင်အထက်၌ မာယာစုံသော ကောင်းကင်ကို ဆရာ့စိတ်၌ မှန်းဆဖြည့်စွက် ကြည့်သည်။ စိတ်ကူးထဲမှာ "ပုံမခြား ဂဠုန်နဂါး

mgyoe.com

mgyoe.com


စုံများလှ ရုပ်ကောင်" ကို ထင်မြင်လာမိသည်။ စုတ်ချက်များ၌ စိတ်ကူး၍ ထင်ဟပ်လာနိုင်ပေမည်။ စုတ်ချက်များပေါ်တွင် ...

"တိမ်ခိုး မြူခိုး ဇော့ကာနှင်၊ ရွှေစင်လေလား ငွေပင်လား၊ ရထား ငွေသား– လေလျှင်သွား၊ ထင်မှားမြင်မှား ဇော်ဂီလား၊ သည်မှာ ဟိုမှာ ကြဲဖြန့် ကာပင်၊ သည်အခါမှာခင် ဆည်းဆာအလှရဲ့ ခဏတာအဆောင်တွင်၊ တွယ်တာ ငေးမောလို့ ဇောစိတ်မှာရှင် ....၊

ရောင်စုံယှက်ပြေး အတွေးစိတ်ဝယ်ထင်၊ ရှင်မလိုနဲ့၊ အို မှဲ့မှဲ့ လေး...၊ ရှိုက်သံပေးလို့၊ ငေးမလိုလို မာယာပိုလျှင်၊ ငိုလိုက်မှာလား ရယ်မှာလား ....ဟင်၊ ပင်လယ်ပြင်လား– မိုးစင်လား၊ ထင်မှားမြင်မှား ငေးမိမှားလို့၊ စိတ်ကထွေပြား တွေကစားစဉ်–မာယာပန်းချီက ပြုပြင်"

ဆရာ၏ စိတ်ထဲ၌ သူရေးခဲ့သည့် 'မာယာတိမ်' သီချင်းထဲမှ တစ်ပိုင်း တစ်စကို သတိရလာသည်။ ဆရာသည် သူ့သီချင်းကို သူ့ဘာသာ တီးတိုးဆိုလိုက်မိသည်။ သူ၏ မပွင့်တပွင့်ဆိုသံသည် ပန်းချီကားရှိရာသို့ ဝဲပြန့်သွားကာ ပန်းချီကားကို ထပ်မံဖြည့်စွက်နေသည်ဟု ထင်မိသည်။

သူသည် ပန်းချီကားပေါ်၌ ဖြည့်စွက်ရမည့်နေရာ၊ နုတ်ပယ်ရမည့် နေရာများကို စိတ်ကူး၌ ခံစားကာ ရှာဖွေကြည့်သည်။

အတော်ကြာမှ သီချင်းကို အဆိုရပ်ခဲ့ပြီး ပန်းချီကားကြက်ထားရာ ဗန်ဒါပင် ရိပ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

ခုံမြင့်ပေါ်၌ တက်ရပ်ပြီး စုတ်ကိုကိုင်ကာ ဆေးချက်များကို ဖြည့်စွက် လိုက်သည်။ ဆရာ၏ စိတ်မှာ အလျှင်လိုလာပြန်သည်။ ဤပန်းချီကားသည် အနုသဘင်အတွက် နောက်ဆုံးပန်းချီကား ဖြစ်၏။ အသစ်ထပ်မံ ဖွဲ့စည်းလိုက် သော အနုသဘင်မှာ မကြာမီရက်ပိုင်းအတွင်း၌ပင် ဇာတ်က ထွက်ကြရတော့မည်။

မိုးသည်အတော်ကြာကပင် မြို့သစ်ကလေးကို စွန့်ပြေးကာ ကောင်းကင်ယံသို့ ပျံတက်သွားခဲ့ပေပြီ။ ဆရာသည် ဇာတ်စင် ပန်းချီများကို နေ့စဉ်ရက်ဆက် ကတိုက်ကရိုက် ဆွဲခဲ့ရသဖြင့် လူလည်း အတော် ပင်ပန်းနေသည်။ ပထမနှစ် ဇာတ်ခေါင်းမကွဲမီ ရက်အတော်ကြာကပင် စိတ်ပင်ပန်းနေသည်။

ပြီးခဲ့သည့်နှစ်က ဆရာ၏ အနုသဘင် ဇာတ်ပိုင်ရှင်မှာ သက်ခိုင် ဖြစ်သည်။ ဆရာသည် အလုပ်မှ ထွက်လိုက်ပြီး သူနှင့်အတူ အနုသဘင်ကို ထူထောင် လိုက်၏။ ဆရာနှင့် ဦးသက်ခိုင် အနီးနှင့် အဝါလို တူညီသယောင်နှင့်

mgyoe.com

mgyoe.com


ဆန့်ကျင်ဘက် ကွဲလွဲသည်။ အနီနှင့် အဝါကို ပေါင်းစပ်လိုက်လျှင် အရောင်သစ် (လိမ္မော်)ရောင် ထွက်လာပေသည်။ ဆရာသည် သူ့ပင်ကို အရည်အသွေး အတိုင်းသာ ကျင့်သုံးလိုသည်။ နောက်တော့ ထိုဇာတ်သည် ရှုပ်ထွေးနေရာမှ ကွဲထွက်သွားရတော့သည်။

အနုသဘင်သည် တစ်နှစ်တာရေစီး၌ အခက်အခဲအမျိုးမျိုးကို ဖြတ်သန်း ကျော်လွှားလာခဲ့ရသည်။ ဖြတ်သန်းနေရင်း မခိုင်မာသော အစိတ်အပိုင်းများသည် အနုသဘင်မှ တဖြုတ်ဖြုတ် ပဲ့ကျ ကြွေကျခဲ့ရသည်။ လှကြည်ကြည်လေး၊ စိန်ဝင်းရွှေ၊ ပဒုမ္မ ကြည်ကြည်၊ ခေတ်စန်းကြည်၊ မီးဘက်ဆိုင်ရာ ငွေစန္ဒာ တင်အောင်၊ ဦးသက်ခိုင် (ဇာတ်ပိုင်ရှင်)၊ ကျော်မြလေး (လူရွှင်တော်)။ သူတို့ကား အနုသဘင်၌ မခိုင်မာသော အစိတ်အပိုင်းများ ဖြစ်သဖြင့် ကြွေကျခဲ့သည်။

အသစ်ပြန်ဖွဲ့စည်းသောအခါ ခေါင်းဆောင်မင်းသားနေရာ စိန်ဝင်းရွှေ အစား အောင်မြင့်စိန်ကို သုံးလိုက်သည်။ တိုးမလေးကို ခေါင်းဆောင် တင်လိုက်သည်။ ရွှေမန်းသူကြည်ကြည်ကို ပဒုမ္မကြည်ကြည် နေရာ၌အစားသွင်းသည်။ ငွေစန္ဒာတင်အောင်နေရာ၌ မောင်သောင်းလေးကို လဲလှယ်လိုက်သည်။ လှကြည်ကြည်လေး နေရာတွင် စိန်အုန်းကြည်ကို တိုးမြှင့်တင်ပေးလိုက်သည်။ အနုသဘင်၌ အဟောင်းများနေရာတွင် အသစ်များ အစားသွင်းကာ ဆရာ ကိုယ်တိုင် ပြန်လည် ထူထောင်ပေးလိုက်သည်။

ဆရာသည် အဘိုးထံမှ ရသည့် အေးရိပ်ငြိမ်တိုက်နှင့် ခြံကို ရောင်းချလိုက်ပြီး ငွေကို အနုသဘင်အတွက် သုံးစွဲလိုက်သည်။ အနိမ့်ပိုင်း ရပ်ကွက်တွင် ခြံကျဉ်း ကလေးနှင့် အိမ်ငယ်ကလေးတစ်ခုကို ဈေးသက်သက်သာသာဖြင့် ဝယ်ယူကာ အနုသဘင်အတွက် ထိုနေရာမှ အားယူပြီး ခေါင်းထောင်လိုက်ပြန်သည်။

အေးရိပ်ငြိမ်မှ ပြောင်းလာပြီးကတည်းက အေးရိပ်ငြိမ်ဘက်သို့ တစ်ကြိမ် တစ်ခါမှ မသွားတော့ပေ။ ဆရာသည် အေးရိပ်ငြိမ်ကို မကြည့် မမြင်ချင်တော့ပေ။ အဘိုးသည် အေးရိပ်ငြိမ်၌ ငယ်စဉ်ကတည်းက အခြေချနေထိုင်ခဲ့၏။ ဖေဖေ့ကိုလည်း အေးရိပ်ငြိမ်၌ပင် မွေးဖွားခဲ့သည်။ အဘိုးကား ပစ္စည်းဥစ္စာ အတန်အသင့် ကြွယ်ဝသည်။ ဖေဖေ (ဦးဖူးခေါင်)ကို သူ၏ စီးပွားရေးလုပ်ငန်းများ၌ ကိုင်တွယ် စေချင်သည်။ ဖေဖေကမူ ငယ်စဉ်ကတည်းက စောင်းတီး၊ ပန်းချီရေး၊ ဇာတ်စာရေးဆရာ လုပ်ကာ ရုပ်သေးအဖွဲ့တစ်ဖွဲ့နောက် လိုက်ပါသွားသည်။ ထို့နောက် မေမေ (စပယ်ရုံ) နှင့် တွေ့ဆုံကာ စိတ်တူကိုယ်တူဖြင့် (စပယ်ရုံအငြိမ့်)

mgyoe.com

mgyoe.com


အဖွဲ့ကြီးကို ဖွဲ့ကာ ရောဝတီ မြစ်ရိုးတစ်လျှောက်တွင် ထက် အောက်စုန်ဆန် ခရီးနှင်နေခဲ့သည်။

ဆရာ့ကို စပယ်ရုံအငြိမ့်အဖွဲ့ကြီး ခေတ္တရပ်နားရာ ရောဝတီ မြစ်ကမ်း မြို့ကလေးတစ်မြို့၌ မွေးဖွားခဲ့သည်။ ဆရာ ဆယ်နှစ်သားလောက်အထိ အငြိမ့် အဖွဲ့ကြီး စုန်ရာ ဆန်ရာ လိုက်ပါခဲ့ရသည်။ ထိုအခါက ဒေါ်စပယ်တင်သည် အကသင် မင်းသမီးကလေးမျှသာ ရှိသေးသည်။ မေမေယဉ် (စပယ်ယဉ်)မှာမူ မေမေ၏လက်ထောက် ထက်မြက်သော မင်းသမီးတစ်လက် ဖြစ်နေခဲ့လေပြီ။ စပယ်ရုံအငြိမ့်အဖွဲ့ကြီးကို ပြန်စဉ်းစားလိုက်လျှင် ဖေဖေ၊ မေမေ၊ စပယ်ယဉ်၊ စပယ်တင် တို့ကို အမှတ်ရလွမ်းဆွတ်လာမိသည်။

ဆရာသည် ဖေဖေ၏ ပတ္တလားခုံ၌ ဝင်ခေါက်နေတတ်၏။ ထံတျာ၊ သီတာ၊ သာယာ၊ ထွေတလာ၊ ခွဲခွဲခြားခြားတို့ကို ဖေဖေပြသည့်အတိုင်း လိုက်ခေါက်နေ သည်ကို သတိရသည်။

"နောက်တော့မှ သား သူတို့တန်ဖိုးကို သိလာမှာပဲ၊ မြန်မာမှု တေးဂီတ တစ်ခုလုံးဟာ ထံတျာနဲ့ပဲ ပြည့်စုံနေပြီ။ ထံတျာက ပင်မပဲ၊ နောက်တော့ သိလာ မှာပေါ့"

စောင်းကိုမူ ဆရာသည် ဖေဖေ သီချင်းနှစ်ပုဒ်မျှ တက်ပေးသည်ကိုသာ ကြိုးစား ပမ်းစား လိုက်ခဲ့ရပေသည်။ ဖေဖေက လက်ထပ်၍ မသင်ကြားခဲ့သော်လည်း ဖေဖေ၏စောင်းသံသည် နား၌ယဉ်ပါးနေခဲ့သဖြင့် နားဖြင့် သင်ကြားပြီးသား ဖြစ်နေ ခဲ့သည်။

မေမေက ဆရာ့အား အခြေခံ ယိုးဒယား ကကွက်များကို စတင် သင်ကြား သောအခါ ဆရာ့ အသက်မှာ ငါးနှစ်မျှပင် မပြည့်သေး။ ပုဆစ်ဒူးချ ထိုင်ပြီး ရင်ကို ကော့ကော့ထားကာ ပေါင်ပေါ်၌ လက်နှစ်ဖက် အမှောက်အလှန် ကျင့်နေရသည်ပင် ရက်ပေါင်းများစွာ ကြာညောင်းခဲ့သည် ထင်ရ၏။ ထို့နောက်မှ လက်နှစ်ချောင်းကို အပြန်အလှန် အထက်ပင့်ယူ၊ အောက်ပြန်ချ လုပ်နေရပြီး ခေါင်းပါ ပါလာရသည်။ နောက်မှ တဖြည်းဖြည်း ထိုင်ရာမှ ထရသည်။ နောက်မှ ကကြိုးကခွင်များကို စတင်ရသည်။

ထိုအခါက ဆရာသည် မေမေ၏ လက်ထောက်မင်းသမီးဖြစ်သူ မေမေယဉ်နှင့် အတူတူ အိပ်ခဲ့ရ၏။ စားလျှင်လည်း သူနှင့်အတူတူ၊ တစ်ခါတစ်ရံ တစ်ခုခုကို တိတ်တိတ်ကလေး ခေါ်ကျွေးပြီး သူ့ကို အမွေးခိုင်းသည်။ သူသည် မုန့်တစ်ချပ်ကို

mgyoe.com

mgyoe.com


ပြပြီး ပါးကို ထိုးပေးလိုက်၏။ ဆရာသည် မုန့်တစ်ခု စားချင်တိုင်း တစ်ခါမွေး နေရသောအခါ သူသည် နှစ်နှစ်ခြိုက်ခြိုက် ရယ်နေတတ်လေသည်။ သူသည် အလွန်ရွှင်လန်းစွာ ပြုံးရယ်တတ်၏။ သူပြုံးလျှင် ချစ်စရာကောင်းသော သွားတက် ကလေးတစ်ခု ပေါ်သွားတတ်သည်။

"သားကြီး၊ မင်းဟာ မေမေ့သားကြီး၊ ကဲ ... ခေါ်စမ်း မေမေလို့ ခေါ်လိုက် စမ်း ..."

"မေမေ"

"တော်...တော်၊ သားကြီးက သိပ်လိမ္မာတာပဲ"

ထိုအခါက မေမေယဉ်မှာ အပျိုစင်ဖြစ်လေသည်။ ဆရာသည် အပျိုစင် မေမေယဉ်၏သား ဖြစ်ခဲ့ရသည်ကို ယခုပြန်၍ အမှတ်ရသောအခါ ပြုံးနေမိသည်။

နောက်ဆုံး ဇာတ်ကပြီးအပြန် အလူးအလဲဖျားကာ ညောင်ဦးတွင် ဖေဖေနှင့် မေမေ ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သောအခါ ဆရာသည် နေ့တငိုငို၊ ညတငိုငို ဖြစ်နေခဲ့ရသည်။ ဆရာ့၌ သွေးသားတော်စပ်သူ ဆွေမျိုးဟူ၍လည်း မရှိနိုင်၊ စပယ်ရုံ အငြိမ့်ကြီးကား အစိတ်စိတ်အမြွှာမြွှာကွဲကာ ဇာတ်သိမ်းသွားခဲ့ရလေပြီ။ ဆရာသည် မေမေယဉ် ရင်ခွင်ထဲတွင် မတိတ်နိုင်အောင် ငိုခဲ့ရသည်။ မေမေယဉ်မှတစ်ပါး အားကိုးဖွယ်ရာလည်း မရှိတော့။ မကြာမီရက်ပိုင်း၌ ဆရာ့အား ဆရာတစ်ခါမျှ မမြင်ဖူးခဲ့သော အဘိုးသည် လာ၍ခေါ်၏။ ဆရာ ငိုရင်း ပတ္တလားတီးနေသည်ကို တွေ့သောအခါ ...

"ဟာ ... လာပြန်ပြီ တစ်ယောက်၊ ဒါလည်း ဖူးခေါင်ကလေးပဲကွ၊ ခွေးလိုနေ လေလွင့်ခွေးလို သေရဦးမယ့် အကောင်ကလေးပဲ၊ "ဖူးခေါင်ကလေး၊ ဖူးခေါင် ကလေး ..." ဟု တဖျစ်ဖျစ် ပြောနေခဲ့သည်ကို သတိရသည်။

ဆရာသည် မေမေယဉ်ကို ခွဲလာခဲ့ရသဖြင့် ငိုကြွေးမိပြန်သည်။ သင်္ဘောကြီး တစ်စင်း၏ အထက်တန်းတွင် အဘိုးနှင့်အတူ လိုက်ပါလာခဲ့ရသည်။

မြို့သစ်ကလေးသို့ ရောက်လာပြီး အေးရိပ်ငြိမ်တွင် နေရသည်တွင် ဆရာ၏ ဘဝမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ နေ့စဉ် စည်းကမ်းကျစွာ ကျောင်းတက်ရသော ကျောင်းသားတစ်ဦးဖြစ်လာသည်။ ဖေဖေ စာသင်ခဲ့သဖြင့် ဒုတိယတန်းမှ စတင်ကာ နေရသော်လည်း အရွယ်နှင့် မလိုက်တော့ပေ။ ဆရာသည် တစ်တန်းပြီးတစ်တန်း လွယ်လွယ်ကူကူကလေးနှင့် အောင်လာကာ တက္ကသိုလ်သို့ ရောက်သွားခဲ့သည်။ ဆရာသည် အဘိုးနှင့် ကင်းဝေးရာသို့ ရောက်သွားရပြန်လျှင်

mgyoe.com

mgyoe.com


မူလကရှိခဲ့သော သဘင်စိတ်လည်း အလိုလို လွတ်လပ်စွာ နိုးကြွလာပြန်သည်။ စောင်းကိုကိုင်ပြီး အကများကို လေ့လာနေခဲ့၏။ ကျောင်းကပွဲများ၌ ပါဝင်လာသည်။

"မင်း...ဟိုမှာ ဖက်ခွက်စား ပြန်လုပ်လာပြီဆို ..."ဟု အဘိုးက ငေါက်ငန်းလျှင် ဆရာသည် ရယ်မောနေခဲ့၏။ "ကောင်းတယ်ကွာ၊ ဖက်ခွက်စားမျိုး၊ အမျိုးမမှန်တဲ့အကောင်၊ ခွေးလို လေလွင့်နေဦးမယ့်အကောင်၊ ဖူးခေါင်ကလေး"

နောက်ပိုင်းနှစ်များ၌ အဘိုး၏လယ်မြေများ ကစဥ့်ကရဲ ဖြစ်လာကာ စီးပွားရေးကျဆင်းလာသည်။ ဆရာ ကျောင်းထွက်လိုက်ရပြီး မြို့သစ်မြို့ကလေး အမှတ်(၁) အထက်တန်းကျောင်းတွင် အထက်တန်းပြ ဆရာကလေး ဝင်လုပ်နေသည့် အတွင်း၌ အဘိုး ကွယ်လွန်သွားသည်။ အဘိုး၏ ခြံတစ်ကွက်၊ တိုက်ကလေး တစ်လုံးနှင့် ရွှေတိုရွှေစလေး အနည်းငယ်မျှသာ အမွေအဖြစ် ကျန်ရစ်ခဲ့လေသည်။

ဆရာသည် သူ၏ ကျောင်းဆရာဘဝကို သာယာချမ်းမြေ့ဖွယ် ပန်းချီကားတစ်ချပ်ဟု စိတ်ထဲတွင် ထင်သည်။ ကျောင်းကပွဲများနှင့် ကြုံကြိုက်လာလျှင် သူ၏ သဘင်စိတ်လည်း မြူးကြွလာတတ်ပြန်သည်။ နောက်တော့ သူသည် အလိုလိုပင် ကျောင်းကပွဲများ၌ သီချင်းရေးဆရာ၊ အကသင်ဆရာ၊ ဇာတ်ဆရာ ဖြစ်လာသည်။

ထမင်းဆိုင်တစ်ဆိုင်၌ လစာပေးစား၊ ကျောင်းတက်၊ စာဖတ်၊ ကျောင်း ကပွဲက၊ ပန်းချီရေး၊ ကဗျာရေး။

အေးရိပ်ငြိမ်ဧည့်ခန်းတွင် ဖေဖေ နောက်ဆုံး ရေးဆွဲခဲ့သည့် ပန်းချီကားကြီး သုံးချပ်ကို ချိတ်ဆွဲထားသည်။ ဆရာသည် ဤပန်းချီကားကြီး သုံးချပ်ကို ဖေဖေ၏ အမွေအဖြစ်ဖြင့် မြတ်နိုးနေခဲ့သည်။ မေမေ၊ မေမေယဉ်နှင့် ဒေါ်စပယ်တင် တို့၏ ကနေဟန် ပန်းချီကားကြီးသုံးချပ်၌ ဖေဖေ၏ အတွေး၊ စိတ်ကူးစိတ်သန်း၊ ခံစားတတ်မှုများကို မြင်တွေ့နေနိုင်သည်။

ဖေဖေ၏ စုတ်ချက်များသည် ရဲရင့်၏။ တင်းမာသည်။ ခိုင်မြဲသည်။

ပန်းချီကားထဲ၌ မေမေ၏မျက်လုံးမှာ ညို့ကာ ရီဝေနေသည်။ မေမေ၏ ပန်းချီကားပေါ်တွင် ဖေဖေ၏ စွဲမြဲသောမေတ္တာတရားကို မြင်တွေ့နေရသလိုပင်၊ ဖေဖေ၏ မေတ္တာမှာ နက်ရှိုင်းလှပေသည်။

မေမေယဉ်သည် ကနေရင်း ပြုံးနေ၏။ သူ့အပြုံးမှာ သစ်လွင်တောက်ပပေသည်။ သွားတက်ကလေးပေါ်နေသည်။

ဒေါ်စပယ်တင်ကား ချိုးထားသော သူ့လက်ချောင်းကလေးများပေါ်၌

mgyoe.com

mgyoe.com


စိတ်အာရုံ စူးစိုက်ထားပုံရသည်။ သူ့လက်ချောင်းကလေးများကို သူ ပြန်ကြည့်ပြီး သူ့ စိတ်ကူးထဲ၌ လှနေသည်ဟု ထင်နေလိမ့်မည်။

ကျောင်း၌ ဒေါ်စပယ်တင်၏ သမီးကလေးကို ခုနစ်တန်း ကျောင်းသူကလေး အဖြစ်ဖြင့် တွေ့ရသောအခါ အလိုလိုခင်မင်လာမိသည်။ ကျောင်းသူကလေး၏ နာမည်မှာ 'စပယ်'ဟူ၍ ဖြစ်နေပြန်သည်။ သူ့နာမည်ကို သိရရုံဖြင့် သူသည် စပယ်ရုံအငြိမ့်အဖွဲ့ကြီး အဆက်အနွယ်ပေတကားဟု ခံစားမိသည်။ ဒေါ်စပယ်တင်သည် စပယ်ရုံအငြိမ့်ကြီး ပျက်သွားပြီးနောက် ဇာတ်မကတော့ဘဲ အိမ်ထောင်ပြု လိုက်သည်။ သူ့လင်ကွယ်လွန်သွားသည့်အခါ ဆင်းဆင်းရဲရဲဖြင့်ပင် သမီးလေး တစ်ယောက်နှင့်အတူ အိမ်ထောင်သစ်မပြုဘဲနေသည်။ မကြာမတင်ကမှ မြို့သစ်ကလေးသို့ ရွှေ့ပြောင်းလာပြီး ရက်ကန်းစင်ကလေးနှစ်စင် ထောင်ကာ လုပ်ကိုင်စားသောက် နေရရှာသည်။

နောက်ပိုင်း၌ စပယ်သည် ကျောင်းကပွဲများတွင် ဆရာ က ခိုင်းသည့် အတိုင်း က လာခဲ့သည်။ သူသည် သုခုမ ဗီဇရှိသော မိန်းကလေးဖြစ်၏။ ဆရာ သင်ပြသည့်အတိုင်း လိုက်လုပ်နိုင်၏။ ထက်သည်။ သဘောပေါက်လွယ်သည်။ သူသည် ဆရာ့ကို ဆရာတစ်ဦးလိုမျှမကဘဲ သွေးသားဆွေမျိုးတော်စပ်သည့် အစ်ကိုကြီးတစ်ဦးလို ချစ်ခင်လာသည်။ ဤဖြူစင်သော၊ သန့်စင်သော မေတ္တာ တရားကို ဘယ်အခါတွင်မှ မပျောက်ကွယ်ပါစေနှင့်ဟု ဆုတောင်းရပေသည်။

"တို့က သွေးသားဆွေမျိုး မတော်စပ်ကြပါဘူး၊ ဒါပေမဲ့ သဘင် ဆွေမျိုး တော်တယ်၊ သဘင်ဆွေမျိုးဆိုတာ သွေးသားဆွေမျိုးထက်ပိုပြီး ခင်မင်တွယ်တာ တတ်ကြတာပဲ ကလေးရယ်"

ဆရာသည် ရံဖန်ရံခါ ဆရာ ကြုံဆုံဖြတ်သန်းခဲ့ရသော စပယ်ရုံအငြိမ့် အဖွဲ့ကြီး အကြောင်း မိန်းကလေးကို စိတ်ဝင်စားစွာ ပြောပြမိတတ်သည်။ ငယ်စဉ်က တွေ့ကြုံခဲ့ရသည် ဖြစ်သော်လည်း စပယ်ရုံအငြိမ့်အဖွဲ့ကြီးဖြင့် ကြုံဆုံခဲ့ရသည်တို့မှာ မနေ့ကပင် ဖြစ်ပျက်ခဲ့သလို ထိုအခါတွင် ဆရာ့ စိတ်၌ ထင်လာတတ်သည်။

ဘာကြောင့်ရယ်လို့မသိ။ သည်မိန်းကလေး ကလျှင် ဆရာသည် မေမေ့ကို သတိရလွမ်းဆွတ် လာတတ်သည်။ သူ၏ ခြေနတ်ဟန်၊ ခြေသိမ်းဟန်၊ ပြုံးလိုက် ဟန်တို့မှာ မေမေနှင့် တစ်နေရာမဟုတ်လျှင် တစ်နေရာ၌ လာ၍တူနေတတ်သည် ထင်သည်။

ဆရာသည် ညနေဘက်တွင် မြို့အပြင်ဘူတာရုံသွားလမ်း၌ လမ်းလျှောက်

mgyoe.com

mgyoe.com


တတ်၏။ ဘူတာရုံသွားလမ်းသည် လခြမ်းလိုကွေ့ကာ တောင်ကုန်းကလေးများကြား၌ တည်ရှိနေပုံမှာ လှပလေသည်။ အပြန်တွင် အနိမ့်ပိုင်းရပ် ရတနာလမ်းဘက်သို့ ဝင်ရောက်တတ်သည်။ သဲဝါချောင်းကူး တံတားကို ကျော်လိုက်လျှင် စပယ်တို့ ခြံဘက်မှ ရက်ကန်းခတ်သံကို ကြားရတတ်သည်။ သူတို့ခြံမှာ သစ်ပင်ပန်းမန်များဖြင့် စိမ်းစိုနေသည်။ အိမ်နိမ့်ကလေး ဖြစ်သော်လည်း ကျယ်ဝန်းသည်။ ဧည့်ခန်းရှေ့ဘက်၌ ရက်ကန်းစင် နှစ်စင်ထားသည်။ ခြံဝသို့ ရောက်လျှင် မိန်းကလေး၏ ရက်ကန်းခတ်ဟန်ကို လှမ်းမြင်တွေ့ရသည်။ သူသည် ဆရာ့ကို မြင်လျှင် ရက်ကန်းအခတ်ရပ်ထားပြီး ဆင်းပြေးလာတတ်သည်။ ကလေးစိတ်ကလေးဖြင့် ဆရာ့လက်ကို လာ၍ ဆွဲခေါ်သည်။ ထိုအခါ၌ ဆရာသည် နှမကလေးတစ်ယောက်နှင့်တွေ့ဆုံသလို ရင်ထဲ၌ ကြည်နူးနှစ်သိမ့် သွားတတ်သည်။

"ဆရာက စောင်းပိုက်လာခဲ့ရောပေါ့"

"လမ်းလျှောက်ရင်း ဝင်လာတာဗျာ၊ လမ်းလျှောက်တာ စောင်းကြီးပိုက်ပြီး လျှောက်နေရမလား၊ ဒါဖြင့် ဆရာ့ကို ဗေလုဝနတ်သားလို့ ခေါ်ကြမှာပေါ့။ ဒါတော့ ရှက်ပါတယ်"

မိန်းကလေးသည် နှစ်နှစ်ခြိုက်ခြိုက်ရယ်လျှင် ဝင်းစက်စက် မျက်လုံးကြီးများမှာ ပို၍ တောက်ပသွားသည်။ ပါးပြင်သည်လည်း မို့ဖောင်းလာကာ အနီသွေးစို့သွားတတ်သည်။

နောက်တော့ ဆရာသည် သူတို့ခြံသို့ စောင်းပိုက်ကာ ဝင်ရောက်သည်။ မိန်းကလေးသည် စောင်းနှင့်အတူ သီချင်းများကို ဝင်ဆိုလာတတ်သည်။

"ဒေါ်ဒေါ်တင်လည်း တတ်သလို မှတ်သလိုတော့ သင်ပေးတာပဲကွယ်၊ မောင်ကြော့ဝေ ကြည့်ပြီး သင်ပေးပါဦး။ သူက သိပ်ကချင်တာ၊ သွေးက ပြောတာကိုး"

ဒေါ်စပယ်တင်သည်လည်း အတိတ်ကို တွေးကာ ငေးနေတတ်ပေသည်။ ဆရာသည် သူ့ကို အက အခြေခံမှစကာ စနစ်တကျ သင်ပြပေးနေမိလျက်သား ဖြစ်နေသည်။ မေမေ စပယ်ရုံ၏ နည်းအတိုင်း ထိုင်ရာမှ တဖြည်းဖြည်း ထ။ နေ့စဉ် စောင်းတစ်လက်ဖြင့် သွားရောက်လေ့ကျင့်ပေးနေရလျှင် ဆရာကိုယ်တိုင်လည်း စိတ်နှလုံးထဲ၌ ဆွတ်ပျံ့ကြည်နူးနေမိသည်။

ထိုအခါကမူ သူ့အား နောင်အခါ အနုသဘင်၌ "မြစပယ်ရုံ" ဟူသော မင်းသမီးကြီးတစ်လက် ဖြစ်လာစေရန်လည်း ရည်ရွယ်ချက်မရှိနိုင်။

mgyoe.com

mgyoe.com


"အနုသဘင်"ဟူသော အဖွဲ့အစည်းကို ထူထောင်မည်ဟုလည်း မတွေးခဲ့။ ထိုအတွေးမျိုး ပေါ်ပေါက်ခဲ့သည်ဟု ဆိုလျှင်လည်း ခဏတစ်ဖြုတ် စိတ်ကူးယဉ် မိခြင်းမျှသာဖြစ်ပြီး ချက်ချင်း ပြန်၍ ပျောက်ကွယ်သွားပေလိမ့်မည်။

ထိုအခါက ဆရာ၏ အေးငြိမ်းသောဘဝမှာ ပို၍ပြည့်စုံဝေဆာလာသည်။ ဆရာသည် အနေကွာနေခဲ့သော မေမေနှင့် နှမကလေးတစ်ယောက်ကို ကြီးလာမှ ပြုန်းခနဲလာ၍ တွေ့ရသလို စိတ်ထဲတွင် ထင်မြင်နေခဲ့သည်။ တစ်ခါတစ်ရံ၌ စပယ်သည် ဆရာနှင့်အတူ စာကြည့်တိုက်များသို့ လိုက်ပါလာတတ်ပြန်သည်။ သူသည် စာပေ၌လည်း မွေ့လျော်တတ်သော မိန်းကလေး ဖြစ်နေပြန်သည်။

ကျောင်းပိတ်ရက်များ၌ ဆရာသည် သူတို့အိမ်တွင် နေ့တစ်ဝက်မျှ နေထိုင်တတ်သည်။ တစ်ခါတစ်ရံ ညစာကို သူတို့အိမ်မှာပင် စားတတ်သည်။ ဆရာရောက်နေလျှင် သူတို့ခြံမှာ ဂီတသံ၊ တေးသံတို့ကြောင့် အနုပညာဘုံ ကလေးတစ်ခု ဖြစ်လာသည်။ စပယ့်ကို အဆို၌လည်း ပင်ကိုဗီဇရှိသူအဖြစ်ဖြင့် တွေ့မြင်နေရပြန်သည်။ စပယ်၏ ဂီတသံပါသော နူးညံ့သောတေးသံ၊ ပျို့ဆန်သော တေးသံသည် စောင်းသံကို ပွေ့ပိုက်ကာ မျှားခေါ်သွားတတ်၏။

"တိမ်တောင်နီလာသွေး ... ဆွေးစေဖွယ်၊ သွယ်သွယ် .... သွယ်သွယ် ထွေလာနှော ... ရေယဉ်ကြော ... ငွေသောင်ယံမှာ ... မောင်နှံလွမ်းလို့ ကျွမ်း ကြွေပြန် ...."

စောင်းသံနှင့် သူ့တေးသံမှာ ခွဲခြားထား၍ မရနိုင်တော့ပေ။ ထိုအခါ၌ စိတ်အာရုံမှန်သမျှတို့သည် အနုပညာ၌ စုဝေးကာ နစ်မျောသွားတတ်ပေသည်။ အနုပညာ၏ အလှတာတ် လှိုင်းဂယက်မှာ ညင်သာညက်ညောပေသည်။

ဆရာသည် စပယ်၏ အနုပညာဗီဇထက်မြက်မှုကို တစ်စထက်တစ်စ ပို၍ သိလာမြင်လာမိသည်။ ယုံကြည်လာသည်။ မိန်းကလေး၌ရှိသော ညှို့ယူ တတ်သည့် စွမ်းအားမှာ မသေးငယ်နိုင်ပေ။ သူ့လက်တွင်းသို့ ရောက်သွားသည့် ကကွက်သည် ရှိရင်းထက် အဆမတန် ပို၍ လှလာသည်။ သီချင်းသံသည်လည်း ပို၍ သာယာနစ်မျောလာတတ်သည်။

တစ်ခါတစ်ရံ၌ ဆရာသည် ဒေါ်စပယ်ဇာင်နှင့် စကားပြောရင်း စပယ်ရုံ အငြိမ့်ကြီး အကြောင်းကို ပြောမိကြလျှင် အငြိမ့်အဖွဲ့ကြီးတစ်ဖွဲ့ ဖွဲ့စည်းလိုသော စိတ်ဆန္ဒပင် ပေါ်ပေါက်လာတတ်သည်။ စပယ်ကို ခေါင်းဆောင်တင်လျှင် အောင်မြင်ရမည်ဟု ထင်လာသည်။ စင်စစ်၌ စပယ်သည် အငြိမ့်ထက် ဇာတ်ကို

mgyoe.com

mgyoe.com


ပို၍ ထက်မြက်ပေမည်။ ထိုသို့ တွေးမိလျှင် ဇာတ်ထောင်ချင်စိတ်ပေါက်လာတတ်ပြန်သည်။ ထိုစိတ်မှာ ခဏတစ်ဖြုတ် စိတ်ကူးယဉ်စိတ်မှ စိတ်ကူးအဖြစ်သို့ ပြောင်းလဲတတ်သော သဘောလည်း ရှိသည်။

ဆရာသည် သူ့ကို ပထမဆုံးအကြိမ် ကျောင်းကပွဲ ဇာတ်စင်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် တင်ပေးလိုက်သည်ကို မကြာခဏ သတိရနေတတ်သည်။ ထိုညက မိန်းကလေးသည် ရင်လည်း ခုန်နေခဲ့ပုံရသည်။ ပျော်လည်း ပျော်နေကာ စိတ်မချမဝံ့မရဲလည်း ဖြစ်နေခဲ့ပေလိမ့်မည်။

ဆရာသည် ကျောင်းကပွဲအစီအစဉ်ထဲ၌ မစပယ်လေး ခေါင်းဆောင်လုပ်ရမည့်ဇာတ်ကို ရှေ့ဆုံးပိုင်းအစီအစဉ်အဖြစ်ဖြင့် စီစဉ်လိုက်သည်။ ထိုဇာတ်၌ ရှေ့ဆုံးမှ စတင်ထွက်ရမည့်သူမှာလည်း မိန်းကလေးပင်ဖြစ်နေသဖြင့် မိန်းကလေးမှာ ပို၍ စိတ်လှုပ်ရှားခဲ့ပေလိမ့်မည်။

ဇာတ်ခုံရှေ့၌ ပရိသတ်များသည်လည်း မှော်လင့်ထားသည်ထက် အဆမတန်များနေသည်။ ကျိတ်ကျိတ်တိုးမျှ စည်ကားနေသည်။ ပရိသတ်၏ အသံများသည် ဇာတ်ခုံနောက်ဘက်သို့ လာနေကြလေသည်။

ဇာတ်စလျှင် စပယ်ထွက်ရမည့်အခန်း၌ စောင်းဖြင့် လိုက်တီးပေးရမည် ဖြစ်၍ ဆရာသည် ပုဏ္ဏားကွယ် နံဘေးတွင် စောင်းပိုက်ကာ ဝင်ရပ်နေလိုက်သည်။ ဆရာနေရာမှနေ ကြည့်လျှင် ရှေ့နားမှ ပရိသတ်များကို တစေ့တစောင်း မြင်ရသည်။ ပရိသတ်များသည် လှုပ်လှုပ်ရှားရှား မငြိမ်မသက်ဖြစ်နေ၏။ ခေါ်သံ၊ အော်သံ၊ နှုတ်ဆက်သံ၊ ရယ်မောသံနှင့် ဆိုင်းအပျိုးတီးပေးနေသံမှာ ရောနေသည်။

စပယ်သည် မင်းသမီးအဝတ်အစား ဝတ်ဆင်ပြီး ဇာတ်ခုံနောက်ဘက်မှ လှမ်းတက်လာသည်။ သူ့ခေါင်းတွင် ဘုရင့်သမီးတော်ကလေးဖြင့် ပြိတ်စို့ ဆံထုံးကို ထုံးနှောင်ထားသည်။ ရွှေခြည် ငွေခြည်လက်နေသော နိုင်လွန်ပဝါရှည်ကြီးကို ပုခုံးတစ်ဝက် တင်လွှမ်းထားသည်။ သူသည် ဖြည်းဖြည်း ညင်ညင် လျှောက်လာပြီး ဆရာ့ရှေ့နား၌ ရပ်လိုက်လေသည်။ သူ့မျက်နှာမှာ က ရတော့မည့်ဆဲဆဲ ဖြစ်၍ ရင်ခုန်ကာ နီစွေးနေသည်။ သူသည် ဆရာ့ကို ပြုံးပြနှုတ်ဆက်ရန် ကြိုးစားကြည့်သည်။ ကန့်လန့်ကာ ကွယ်နေသော မီးရောင်တစ်ဝက်ဖြင့် မြင်နေရသော သူ့ အပြုံးသည် မပီသပေ။ တစ်မျိုးဖြစ်နေသည်။ သူ၏ တွေ့မြင်နေကျရုပ်မှာ သည်နေ့ညတွင်မှ အလှဓာတ် ပွင့်လင်းလာသည်ဟု ထင်ရသည်။ သူ၏ လှုပ်ရှားဟန်၊ ပြုံးနေဟန်သည် နုထွေးသော အပျိုစင်ကလေး၏ဟန်၊ သူ့ကို

mgyoe.com

mgyoe.com


အပျိုကလေးအဖြစ်ဖြင့် ထိုအခါတွင်မှ ဆရာသည် သတိထားလိုက်မိ၏။ ဆယ့်ခြောက်နှစ်အရွယ် နုထွေးသော အပျိုစင်ကလေး၊ ဆရာသည် ဘယ်စဉ်ကမှ သူ့ကို အပျိုကလေးဟု မတွေးခဲ့ပေ။ ယခုမှ သူ၏ မတွေးခဲ့မိသည့်စိတ်ကို အံ့အားသင့်ရမလို ဖြစ်လာသည်။

"စပယ် က ရမယ့်အခန်းနော် ဆရာ"

သူ၏ ပြောလိုက်သံမှာ တစ်မျိုးလို ဖြစ်နေသည်။ ဂီတသံလို ဖြစ်နေကာ အခါတိုင်းက ကြားခဲ့ရသော အသံနှင့် မတူတော့ပေ။

"ဟုတ်တာပေါ့၊ ကလေး က ရမယ့်အခန်းလေ"

"စပယ်ကြောက်နေသလိုပဲ ဆရာ၊ ရင်ထဲမှာ တုန်နေတာပဲ။ တစ်မျိုးပါပဲ၊ ပျော်လည်း ပျော်နေသလိုပဲ"

ဆရာသည် ညင်သာစွာ ပြုံးလိုက်မိ၏။ မိန်းကလေး၏ ရင်ခုန်နေဟန်သည် တစ်မျိုးပဲ တစ်မျိုးလှနေသည်။

"မကြောက်ပါနဲ့ကွယ်၊ ဆရာလည်း ရှိနေသားပဲ" ဟု ပြောရင်း ဆရာသည် ရယ်မောနေမိ၏။

"ဆရာသည် စောင်းတီးရင် ရှေ့နားနည်းနည်း တိုးပါ၊ စပယ် လှမ်းကြည့်ရင် မြင်နေရအောင်လို့၊ ဆရာ့ကို မြင်နေရရင် အကြောက်ပြေလိမ့်ဦးမယ်"

"ကဲ .... သွားတော့ ..."

"ဟိုဘက်နားကျအောင် တိုးပါ"

သူသည် ဆရာ့ နံဘေးသို့ကပ်ကာ ကန့်လန့်ကာနောက်သို့ လျှောက်သွားသည်။ ပြည်ဖုံးကားရှေ့၌မူ ပင်တိုင်ဆင်းထွက်ရန်အတွက် အကြိုတော်များ ထွက်နေနှင့်လေပြီ။ ဆရာသည် ရှေ့ဘက်မှ အသံများကို စောင်းဖြင့် လိုက်၍ တို့ထိပေးနေရ၏။

"သမ္မတထိပ်ပန် ပင်တိုင်စံသည် အမှန်မကွာ လှမ်းချီ၍လာမှာကြောင့် သုဇာတာစံ့ရှင်ပုံလို၊ မှန်တင်ခုံခြုံးရုပ်က လူ့သဏ္ဍာန်လှုပ်ပါလိမ့် ... ဒူးတုပ်လို့ ခစားကြ မောင်မင်းများ ..."

ပြည်ဖုံးကားရှေ့မှ ကျောင်းသားငယ်များ၏ ဇာတ်စာရွတ်သံသည် အသံကျဖုန် တစ်လည့် တိမ်းတစ်လှည့်ဖြင့် နောက်ဘက်သို့ ရောက်လာနေသည်။ မိန်းကလေးသည် ညောင်စောင်းသလွန်ရှိရာသို့ ဖြည်းဖြည်းလျှောက်သွားကာ သလွန်ထက်တွင် နွဲ့နွဲ့ကလေးဖြင့် မှီအုံးတော်ကို မှီလိုက်လေသည်။ ရှေ့မှ ပြည်ဖုံးကား

mgyoe.com

mgyoe.com


ကွယ်နေသဖြင့် သလွန်ဘက်တွင် အမှောင်တစ်ဝက် ဖြစ်နေသည်။ သလွန်တော်ပေါ်၌ စပယ်သည် အနုပညာရုပ်ကြွရုပ်တုကလေး ကလေးလို လှနေသည်။ ဆရာ့ကို မျက်လွှာကြီးပင့်ကာ လှမ်းကြည့်ရင်း မပီမသ ပြုံးလေသည်။

ဆရာသည် သူဆိုရမည့် ပင်တိုင်ဆင်းအတွက် စောင်းသံကို ရှေ့မှ ပြပေးနေရင်း ရင်ထဲတွင် ကြည်နူးဆွတ်ပျံ့နေမိပြန်သည်။ စောင်းသံသည်လည်း အလိုလို ကြွနေသည်ဟု ထင်ရသည်။ ပြည်ဖုံးကား ကတ္တီပါကြီးသည် ဖြည်းဖြည်း လေးလေး လိပ်တင်သွားနေသည်။ မိန်းကလေးထံသို့ မီးမောင်းကြီးများ ဝိုင်းထိုးထားကြလေသည်။

မိန်းကလေးသည် သလွန်တော်ပေါ်မှိနေရင်းမှ "စက်လဲ"ကို ဝင်ဆိုလိုက်လေသည်။ အဝင်၌ တုန်ယင်မှုလှိုင်းတွန့် လှိုင်းလိပ်ကလေးများ ဖြစ်ပေါ်လာကာ မှားသွားမှာလား … စိုးရိမ်စရာ ဖြစ်သွားသေးသည်။ ချက်ချင်း သူ့အသံမှာ တည်ငြိမ်သွားကာ ငြိမ့်ညောင်းလာသည်။ သူ့အသံသည် ပရိသတ်ကြီးအပေါ်၌ ကျော်လွှမ်းသွားသည်။ သူသည် ပရိသတ်ကြီးကို သူ့အသံလှိုင်းအောက်၌ ထားကာ ညို့ငင်ဖမ်းစား သွားလေသည်။ ဖြည်းဖြည်းချင်း သလွန်တော်ပေါ်မှ ဆင်းသက်ပြီး၊ ခြေခွင်အနေအထားကို ယူလိုက်သည်။ သူ၏ လက်ချောင်းကလေးများသည် ပန်းခိုင်ကလေးများ ပွင့်နေသကဲ့သို့ ကြွကြွရွရွ ကလေးလှုပ်ရှားလာသည်။ သူသည် ဇာတ်စင်ပေါ်၌ ဆရာ သင်ကြားမထားသည့် အကွက်များဖြင့် ဖြည့်ယူသွား၏။ ပို၍လှအောင် ကြွရွလာအောင် ဖန်ဆင်းသွားသည်။ သူ့၌ ကြောက်စိတ် မရှိတော့ပြန်ပေ။ သူသည် ပရိသတ်ကြီးကို ညို့ယူထားနိုင်ရန် ကြိုးပမ်းနေသည်။

စောစောက ဆူညံနေသော ပရိသတ်မှာ ငြိမ်သက်လိုက်လာသည်။

ဆရာသည် စောင်းကို တီးခတ်နေရင်း ဇာတ်ခုံကြီးတစ်ခုပေါ်၌ ရောက်နေရသလို စိတ်တွင် လှုပ်ရှားနေခဲ့သည်။ ဤခဏကလေး၌ ဆရာသည် ကြေးစား ဇာတ်စင်အဖြစ်ဖြင့် စိတ်ကူးယဉ်မိပြန်သည်။ စပယ်၏ ပင်ကိုဗီဇ အရည်အသွေးကို ပို၍ ယုံလာသည်။ သူ့ အရည်အသွေးမှာ ခဏ၌ထ၍ တောက်လာသည်။ မိမိ ထုလုပ်လိုက်သည့် ရုပ်တုကလေးတစ်ရုပ် အသက်ဝင်လှုပ်ရှားလာသည်ကို ကြည့်မြင်နေရလျှင် ထိုပန်းပုဆရာ တွေဝေမိန်းမောနေတော့သလိုပင် ဆရာသည် ငေးကာ တွေနေမိသည်။ သူ … တကယ် ထက်မြက်နိုင်တဲ့ မိန်းကလေးပဲ။ သူ့ကို ဇာတ်စင်တစ်စင်ပေါ်မှာ ခေါင်းဆောင်တင်ပေးလိုက်ရင် ထတောက်လာနိုင်တယ်…။ ဗီဇရှိတယ်၊ ထွင်တတ်ဖန်ဆင်းတတ်တဲ့ စိတ်ကူးရှိတယ်။ သူ့ကိုယ်သူ ယုံတတ်

mgyoe.com

mgyoe.com


တယ်။

ဆရာသည် ငေးကြည့်ကာ စောင်းကိုတီးခတ်ပေးနေရင်း က ပိုဒ်ဆုံး၍ ကန့်လန့်ကာဖြည်းဖြည်းချင်း ကျလာမှ ဆရာ၏ စိတ်ကူးယဉ် ရေအလျဉ်သည်လည်း မေးမှိန်ပျောက်ကွယ်သွားသည်။ ကန့်လန့်ကာကျပြီးလျှင် သူသည် ဆရာရပ်နေရာ ပုဏ္ဏားကွယ်သို့ ခပ်ပြေးပြေး လျှောက်လာသည်။ ဆရာ့ နံဘေး၌ ဝင်ရပ်ရင်း မောနေသလိုလို အသက်ပြင်းပြင်းရှူသည်။

"တော်တယ်...." ဟု ဆရာက တိုတိုပြောလိုက်သည်။

ကျောင်းကပွဲပြီးသည့် နောက်နေ့တွင် ဆရာသည် အနိမ့်ပိုင်းရပ်သို့ အလည်ရောက်သွားပြန်သည်။ ထိုညနေက ဒေါ်စပယ်တင်နှင့် စကားများစွာ ပြောခဲ့ပြီး၊ စကားပြောရင်း စပယ်ကို ဇာတ်စင်ပေါ်တင်ပေးလျှင် တောက်ပလာနိုင်သည်ဟု ယုံယုံကြည်ကြည် ရဲရဲဝံ့ဝံ့ ဆိုမိသည်။

မြို့ထဲ၌ ကျောင်းသူကလေး မစပယ်၏ အဆိုနှင့်အကမှာ လူအများ ပါးစပ်ဖျားတွင် သီးနေခဲ့ပေသည်။ ဆရာသည်လည်း ရက်အတန်ကြာပင် နှစ်သိမ့်ကြည်နူးနေမိသည်။

●

mgyoe.com

mgyoe.com

အနုသဘင်ကို ဖွံ့စည်းရန် စိတ်ကူးမစမီကတည်းက ဆရာသည် ဖွံ့စည်းနိုင်ရန် အင်အားကို စုဆောင်းမှန်းမသိဘဲ စုဆောင်းမိခဲ့သည်။ အနုသဘင်ကား တဖြည်းဖြည်းတစ်စစ အမြုတေတည်လာခဲ့ရပေသည်။

ကျောင်းကပွဲပြီးလျှင် ဆရာသည် မြန်မာမှုသဘင်ကို ပိုမိုစိတ်ဝင်စားလာကာ မြန်မာမှုပြဇာတ်များကို မွှေနှောက်နေမိပြန်သည်။ စာကြည့်တိုက်သွား စာဖတ်နေခဲ့သဖြင့် မစပယ်တို့ အိမ်ဘက်သို့ ယခင်ကလို မရောက်ဖြစ်တော့ပေ။ သတိရလှမှ တစ်ခါတစ်ခါသွားဖြစ်တော့သည်။ သူတို့အိမ်သွားပြီး အဆိုအက အကြောင်း ပြောဆိုရသည်မှာ ဆရာ့အတွက် စာအုပ်များတွင် နစ်မွန်းနေရာမှ ခေါင်းဖော် အနားယူလိုက်ချိန်ကလေး ဖြစ်နေသည်။

တစ်ခါတစ်ရံတွင် မစပယ်သည် ဒေါ်စပယ်တင်နှင့်အတူဆရာ၏ အေးရိပ်ငြိမ်သို့ ပေါက်လာတတ်သည်။ ထိုအခါမစပယ်သည် ဆရာထုတ်ပြသော ဇာတ်ညွှန်း တစ်ပိုင်းတစ်စများကို ကြည့်ကာ ရှေ့နှစ်ကျောင်းကပွဲကလေးအတွက် တစ်နှစ်မျှ ကြိုတင်အချိန်ယူပြီး ဇာတ်ညွှန်းခွဲနေနှင့်သော ဆရာ့ကိုကြည့်ပြီး အံ့အားသင့်မိပေလိမ့်မည်။ တစ်ညတာ ကပွဲကလေးအတွက် ဆရာသည် ဤမျှအချိန်ကို သုံးကာ စိတ်အားထက်သန်ခဲ့ခြင်းသည် အနုသဘင်အတွက် အားယူနေမှန်းမသိဘဲ အားယူနေခြင်း ဖြစ်နေသည်။

"ရှေ့နှစ်ကျောင်းကပွဲအတွက် ဆရာ့ပြဇာတ်သုံးပုဒ်တင်မယ်၊ ဇာတ်ဆိုပါစို့လေ…၊ အဆို အပြော အက မြန်မာမှု ပြဇာတ်ပေါ့"

mgyoe.com

mgyoe.com

ဆရာသည် စာအုပ်ဗီရိုထဲမှ ဇာတ်ညွှန်းတစ်ပိုင်းတစ်စများကို ထုတ်ပြ၏။ ဆင်းရွှေစင်၊ မြပုဏ္ဏမာ၊ မြတ်ပန်းဝတ်မှုန်အကတို့ကို ထိုကတည်းက တစ်ဝက် တစ်ပျက် ရေးပြီးနေပြီ။ ဆရာသည် သူဇာတ်ညွှန်းများမှ တေးသံ၊ ဆိုသံ၊ ကကွက်၊ ဇာတ်ကွက်ကျင်းအိုင်များတွင် သူ၏ကိုယ်စိတ်နှစ်ပါးစလုံး နစ်မြုပ်နေခဲ့သည်။ သူသည် မစပယ် ရောက်လာသည့်အခိုက်တွင် ဇာတ်ညွှန်းမှ စာများကို အသံထွက်ကာ ဖတ်ပြရွတ်ဆိုရင်းပို၍ စိတ်အားထက်သန်သွားသည်။ မိန်းကလေးသည်လည်း ဆရာ့မျက်နှာကို မျက်လွှာကြီးပင့်ကာ ငေးကြည့်နေတတ်သည်။ ဆရာသည် စကားပြောရင်း စောင်းကို ကောက်ကိုင်ကာ စောင်းသံနှင့် ညှိကာ သူ့သီချင်းများကို သီဆိုလိုက်သည်။ စိတ်ကူးထဲ၌ပေါ်လာနေသော သူလိုချင်သည့် ကကွက်များကို ချက်ချင်းလက်ချိုးကာ ထကပြနေမိလျက်သား ဖြစ်နေပြန်သည်။

"စပယ်က ပန်းဝတ်မှုန် လုပ်ရမှာလား"

"ဟုတ်တယ်၊ ဒါ ကလေးအတွက် ရည်ရွယ်ပြီးရေးခဲ့တဲ့ ဇာတ်တွေပဲ၊ ဆင်းရွှေစင်ရော၊ မြပုဏ္ဏမာရော"

မိန်းကလေးသည် ဇာတ်ညွှန်းများကို ကောက်ကြည့်ရင်း နှစ်သိမ့်ကြည်နူးနေသည်။

"မြပန်းဝတ်မှုန်က ပြီးတော့မှာပဲ၊ မြတ်ပန်းဝတ်မှုန် ပြီးရင် ကလေးကို ဇာတ်စတိုက်မယ်၊ မြတ်ပန်းဝတ်မှုန်မှာ ကလေးနဲ့ အံဝင်မယ့် ကကွက်တွေ အတော်များတယ်၊ ကြည့် ... ဒီဘက်ထဲမှာ ပုံကြမ်းဆွဲထားတဲ့ ကခွင်တွေတွေ့လား၊ အက ဆိုရင် ဆရာ လေ့လာသမျှ အကုန်လောက်ကို ဖြစ်နေတယ် ထင်ရတယ်။ ဇာတ်တိုက်ပြီးရင် အကတော့ အတော်ကြေညက်သွားမယ်။ အဆိုအရွတ်လည်း ငုံမိသွားတာပေါ့၊ ကလေးကို မင်းသမီး ပညာဆယ့်နှစ်ရပ်လည်း အသေအချာ လေ့ကျင့်ပေးရဦးမယ်၊ လုပ်စရာတွေကတော့ အများကြီး ကလေးရေ့၊ သဘင်ပညာဆိုတာ လိုက်လို့မကုန်နိုင်တဲ့ ပညာ၊ အခြေခံကို တင်ပြောတာ၊ အနုပညာဆိုတာကတော့ ဘယ်အနုပညာမှာမှ အဆုံးသတ်မရှိနိုင်ဘူး၊ ဆရာတော့ မောနေတာပဲ၊ တစ်ခါတစ်ခါ ဆရာ့ကိုတောင်မှ ကျောင်းဆရာ ဟုတ်မှဟုတ်သေးရဲ့လားလို့ ထင်တယ်"

ဆရာသည် ရယ်မောရင်း ကြည်နူးနေမိသည်။

"ဆရာဖြစ်စေချင်တာက မြန်မာ့ဇာတ်စင်တွေမှာ မြန်မာ့သဘင်မှု မြန်မာမှုပြဇာတ်တွေပဲ လွှမ်းနေစေချင်တယ်၊ ဥပမာကွယ် ကိုတင်မောင်ရဲ့ ဗုဒ္ဓဝင်၊

mgyoe.com

mgyoe.com


ကိုနန်းတင်ရဲ့ သျှုကုဏ္ဍလာလို၊ ဒီနေ့ကို ဇာတ်စင်တွေကို ကြည့်ရတာ စိတ်ကို မောနေတာပဲ၊ ဘာတွေမှန်းမသိတော့ဘူး၊ အခြေခံမရှိနိုင်တဲ့ လူတွေ ဇာတ်စင်ပေါ် ရောက်၊ ပရိသတ်က မကြိုက်တော့ လုပ်မိလုပ်ရာ လုပ်ကုန်ကြရော၊ ကုလားကတို့ ဘာတဲ့ ခုနှစ်လွှာအကတို့၊ အော်ပရာတို့၊ ရှေ့ပိုင်းပြဇာတ်ကို စပြီး စင်တင်ပေးခဲ့တဲ့ ကိုတင်မောင်လည်း ဒီနေ့ဇာတ်စင်ပေါ်မှာ ပြဇာတ်ဆိုတာတွေ လွှမ်းလာနေတော့ စိတ်ပျက်လာရော၊ မြန်မာမှုအနုပညာဆိုတာ သဘာဝ မဟုတ်ဘဲ၊ အလုကွဲ့၊ အလင်းအမှောင် အနီးအဝေးမဟုတ်ဘူး၊ ကောက်ကြောင်း ပန်းနွယ် ပန်းခက်ရုပ်ကြွ၊ ကဲ ... ရာမတို့ အီနောင်တို့ကိုကြည့်၊ မဏိကတ်ကစပြီး ဒါးပိန်ဦးမောင်ကြီးတို့အထိ မြန်မာမှု ပြဇာတ်တွေကိုကြည့်၊ ဆရာက အသစ်ကို လက်မခံတတ်လို့ မဟုတ်ဘူး၊ အသစ်ဆိုတာ အဟောင်းကို ကွန့်ပြီးယူရမယ့် သဘောရှိတယ်၊ ဒါမှ မြန်မာမှု ပစ္စည်းလို့ ဆိုလို့ရမှာပေါ့၊ ရမ်းသန်းပြီး နာမည့်ကျော် ချင်တာနဲ့ ဝိုဝို ဝိုးပစ်တာမျိုး– အခုဇာတ်စင်တွေပေါ်မှာ မြင်နေရတာ မောနေတယ်၊ ဆရာတော့ သူတို့ဇာတ်တွေကို ကြည့်ကို မကြည့်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

ဆရာသည် ဤရက်ပိုင်းအတွင်း၌ သဘင်နှင့် ပတ်သက်သော သူ့ စိတ်ကူးများ ကို ပြောနေမိခဲ့လေသည်။ ဆရာ့စိတ်ကူးထဲ၌ စိတ်ကူးယဉ်မှုကလေးမှာ တရိပ်ရိပ် ဖြတ်သန်းနေတတ်သည်။ မိန်းကလေးသည်လည်း အေးရိပ်ငြိမ်သို့ မကြာမတင် ပေါက်ပေါက်လာသည်။ တစ်ခါတစ်ရံတွင် ဆရာ လမ်းလျှောက်ရာသို့ပင် လိုက်လာ တတ်သည်။

"ဆရာ ဘယ်လိုစိတ်ကူးနေလို့လဲ" ဟု သူကလမ်းလျှောက်ရင်း မေးတတ် သည်။

"သဘင်နဲ့ ပတ်သက်လို့လား"

သူသည် ဆရာ့ကို ငဲ့ကြည့်ရင်း ခေါင်းကို ညိတ်ပြတတ်သည်။

"ဘာရယ်လို့တော့ စိတ်ကူးမရှိသေးဘူးပေါ့ ကလေးရယ်၊ ဒါပေမဲ့ မင်းကိုတော့ ဆရာ ယုံနေတာ အမှန်ပဲ၊ မင်းကို ဇာတ်ခုံပေါ်တင်ပေးနိုင်ရင် ဆရာ မြင်ချင်တဲ့ သဘင်မျိုး မြင်လာရမှာပဲလို့ ယုံကြည်နေတယ် အောင်မြင်ရမယ်လို့ ယုံကြည်ထား တယ်။ ဒါပေမဲ့ ဇာတ်တစ်ဇာတ်ထောင်ဖို့ စိတ်ကူးလို့တော့ မရနိုင်ဘူး။ ဘာပြုလို့လဲ ဆိုတော့ ငွေရင်းငွေနှီးကလည်း လိုတယ်၊ ပြီးတော့ ဆရာက ကျောင်းဆရာ မဟုတ်လား၊ ကျောင်းဆရာလစာလေးနဲ့ စားသောက်နေထိုင်ရတဲ့ လူကိုး"

"ဒါပေမဲ့ တစ်နေ့မှာ ဆရာ ဇာတ်ထောင်လိမ့်မယ်လို့ စပယ် ယုံထားတယ်"

mgyoe.com

mgyoe.com


"ဘာပြုလို့"

"လူဆိုတာ ဒါလောက်စိတ်ထက်သန်နေရင် ဖြစ်အောင်လုပ်လာတတ်ကြတယ်လို့ စပယ်ထင်တယ်၊ ပြီးတော့ ဖြစ်လာစရာ အကြောင်းကိုလည်း ရှာဖွေဖန်ဆင်းလာတတ်တယ်၊ အခွင့်အရေးရလာရင်လည်း ကွက်တိဝင်လာအောင် အသုံးပြုလာလိမ့်မယ်"

ဆရာသည် လမ်းလျှောက်နေရင်း သူ့စကားကို၊ အလေးအနက်ထားကာ တွေးတောလာမိလေသည်။ တကယ်တမ်း သူပြောသည့်အတိုင်း ဇာတ်ကြီးအဖွဲ့တစ်ဖွဲ့ ထူထောင်နေမိမလားတွေးလာမိသည်။ ထိုကဲ့သို့ ဇာတ်အဖွဲ့ကြီးသာ ထူထောင်မိလျှင် မိန်းကလေး စပယ်၏ နာမည်မှာ မြန်မာပြည်ပေါ်တွင် ခြိမ့်ခြိမ့်သဲမျှ ကျော်ကြားလာပေလိမ့်မည်။

ဆရာသည် ဇာတ်ညွှန်းများရေးသားပြီးလျှင် စပယ့်ကို ဇာတ်စ၍ တိုက်ပေးလေသည်။ အေးရိပ်ငြိမ်၏ ဧည့်ခန်းသည်လည်း ဇာတ်စင်တစ်ခုကဲ့သို့ ပြောင်းလဲသွားလေသည်။ အေးရိပ်ငြိမ် ခြံသည် ကျယ်ဝန်းသဖြင့် ဇာတ်တိုက်ရသည်မှာလည်း လွတ်လပ်သည်။ တိုက်တံခါးများ ပိတ်ပြီးလျှင် အသံကုန်အော်ဟစ်၍ ဆိုသည့်တိုင်အောင် တစ်ဖက်ခြံမှ သဲ့သဲ့မျှသာ ကြားရလိမ့်မည်။ ဆရာသည် အေးရိပ်ငြိမ်ကို "အနုပညာဘုံ" ဟု စိတ်ကူးထဲ၌ နာမည်ပြောင်းထားသည်။ ဆရာသည် ပတ္တလားရှေ့ချပြီး တီးပေးလျှင် သူက က နေသည်။ ဇာတ်ညွှန်းထဲ၌ ဆရာ စိတ်ကူးခဲ့သော ကကွက်များသည် ရုပ်ကြွအဖြစ်ဖြင့် တကယ်တမ်းပေါ်လာသည်။ ဆရာ ရှာထားသည့် တေးသံများမှာ သူ့ထံမှ ပြန်၍ထွက်လာသောအခါ ပို၍ လှပကြွယ်ဝလာသည်။ ဆရာက အခြေခံ ကကွက်တစ်ခုကို ပြလိုက်လျှင် သူသည် ထိုကကွက်ကို ကြည့်နေရင်း မှတ်ယူလိုက်၏။ သူ၏ စိတ်ကူးအတွေးနှင့် ငုံယူလိုက်ပြီး သူက ပြန်၍ က ပြသောအခါ၌ ပို၍ လှလာသည်။ လက်ယူ ခြေထား မပြောင်းလဲသော်လည်း ထိုအထဲ၌ အလှကွန့်ရုပ်ကြွများ ထည့်သွင်းလိုက်၏။ ဆရာသည် မိန်းကလေးကို ချီးကျူးခဲ့လေသည်။ ပါးစပ်မှ ဖွင့်ဟမပြောဘဲ ပြုံးပြရုံမျှဖြင့်သာ ချီးကျူးခဲ့သည်။ ဒုတိယအကြိမ် ကျောင်းကပွဲပြီးလျှင်မူ ပရိသတ်က ချီးကျူးလိမ့်မည်ဟု ယုံထားသည်။

ဆရာသည် မစပယ်ကို ဇာတ်ညွှန်းများ ညွှန်ကြားပြသပေးနေရင်း ဆရာ့နှလုံးသားထဲ၌ ရှိသော သဘင်စိတ်မှာလည်း ပိုမိုကာ အင်အားကြီးမားလာသည်။ ကြာလျှင်ပိုမိုကာ ကျစ်လျစ်ခိုင်မာလာသည်။ သူသည် ဇာတ်ထောင်ရန်

mgyoe.com

mgyoe.com


စိတ်ကူးလည်း ပေါ်လာသည်။ စိတ်ကူးမှာ အချိန်ကြာညောင်းလာလျှင် ခိုင်မာသည်ထက် ခိုင်မာကာ လက်တွေ့လုပ်ဖြစ်လိမ့်မည်ဟု ယုံကြည်လာရပေသည်။ ဇာတ်ထောင်ဖြစ်လျှင် မိန်းကလေး၏ မင်းသမီး နာမည်ကို မည်သို့ပေးမည်ကိုပင် တွေးလာသည်။ စပယ်ရုံ ... ဟူသော မေမေ၏ နာမည်ကို ဆက်ခံထိန်းသိမ်းသည့်အနေဖြင့် "မြစပယ်ရုံ" အမည်ပေးလိုက်မည်ဟူ၍ စိတ်ကူးယဉ်ပြီး တစ်ယောက်တည်း "မြစပယ်ရုံ... မြစပယ်ရုံ" နှင့် ခေါ်ကြည့်ကာ ရယ်မောခဲ့မိသည်။

တစ်ခါတစ်ရံတွင် ဇာတ်တိုက်နေရင်း မိုးချုပ်သွားသဖြင့် ဆရာသည် သူတို့သားအမိတို့ အနိမ့်ပိုင်းရပ်ကွက်သို့ အရောက်လိုက်ပို့ရသည်။ ထိုအခါဝယ် ဆရာ့စိတ်တွင် ဇာတ်အဖွဲ့ကြီးအတွက် ဇာတ်တိုက်အပြီး မင်းသမီးကြီးကို လိုက်ပို့နေရသလို ထင်နေတတ်သည်။

"မင်းက အသံလုံတယ်၊ အသံကြည်တယ်၊ နူးနပ်တယ်၊ အနုပညာဗီဇ ရှိတယ်၊ သွေးရင် ထက်လာနိုင်တယ်၊ အနုပညာဗီဇဆိုတာ အတော်ရှိခဲသား၊ တွေ့ရခဲသားပဲ" ဟု တစ်ခါတစ်ရံဆရာသည် ဖွင့်၍ ပြောလာတတ်သည်။

(မြပန်းဝတ်မှုန်၊ ဆင်းရွှေစင်၊ မြပုဏ္ဏမာ) သုံးပုဒ်စလုံးကို မိန်းကလေးအတွက် ဇာတ်တိုက်ပြီးသောအခါ ဆရာသည် ကျောင်းကပွဲကို မျှော်လင့်တောင့်တနေခဲ့သည်။ ကျောင်းကပွဲ၌ ပရိသတ်ထံမှ မည်ကဲ့သို့ အသံပြန်လာမည်ကို တွေးနေနှင့်၏။ ပရိသတ်ထံမှ အသံကို ဇာတ်စီစဉ်မှုအတွက်လည်း မျှော်လင့်ထားသည်။ မိန်းကလေးနှင့် ပတ်သက်သော တန်ပြန်ဂယက်သံကိုလည်း မျှော်လင့်ထားသည်။

မျှော်လင့်နေသော ရက်များမှာ တဖြုတ်ဖြုတ်ကြွေလိုက်လာပြီး နှစ်တစ်ပတ်နီးပါး လည်ပတ်သွားကာ ဆိုက်ရောက်လာသည်။ ဆရာသည် ကျောင်းဆောင်ခန်းမကြီးထဲတွင် စိတ်တက်ကြွစွာ ဇာတ်တိုက်နေပြန်သည်။ ဇာတ်တိုက်နေစဉ်ကတည်းက စပယ်၏ ထက်မြက်မှုကား ကျော်ကြားလာသည်။ မိန်းကလေးမှာ ပိုမိုဖွံ့ဖြိုးကာ ပို၍လည်းလှလာသည်။ သူ၏ ကျော်ကြားမှုသည် ကပွဲ မကမီကတည်းက ကျောင်းမှ အပြင်သို့ လျှံထွက်သွားသည်။ ဇာတ်တိုက်ရာနေရာ၌ပင် တားဆီးပိတ်ပင်သည့် အထဲက ပရိသတ်များ စုရုံးလာကာ ကပွဲ ကလေးတစ်ခုလို ဖြစ်လာသည်။

မကြာမီ ကျောင်းကပွဲရက်သို့ ရောက်လာသည်။ သည်တစ်ခါ ကျောင်းကပွဲ၌ လူများ ပို၍ စည်လေသည်။ ပရိသတ်သည် မစပယ်ကို တမ်းတလာကြ၏။

"ကလေး၊ ဒီပွဲမှာ ဆရာ ဆုံးဖြတ်မယ်၊ တို့ဇာတ်ထောင်သင့်သလား ဆိုတာ

mgyoe.com

mgyoe.com


ဆုံးဖြတ်တော့မယ်၊ ပရိသတ် ဘယ်လိုလက်ခံသလဲ ဆိုတာ စောင့်ကြည့်မယ်"

ပွဲမကမီ တစ်ရက်တွင် ဆရာသည်သူ့ကို ဖွင့်ပြောလိုက်လေသည်။ သူ့ မျက်နှာကလေးမှာ ဆရာ့ကိုကြည့်ပြီး စိတ်အားတက်ကြွသွားသလို နီမြန်းသွားခဲ့သည်ကို မှတ်မိသည်။ သူ့မျက်နှာကလေးပေါ်၌ တက်ကြွမှုကြောင့် အလှဓာတ်မှာ ပို၍ ဝင့်ဝါသွားခဲ့လေသည်။

ဒုတိယအကြိမ် ကျောင်းကပွဲ၌ ဆရာသည်လည်း ပိုမို စိတ်လှုပ်ရှားခဲ့ရလေသည်။

မစပယ် ဝိုချင်း ဒွေးချိုးကလေး တစ်ပုဒ်မဝိုမီ ကျင်းအိုင်ဖွဲ့ကာ ဇာတ်နာအောင် လိုက်တက်လာအောင် လူးလိမ့်ယူနေစဉ်၌ ပရိသတ်များ မျက်ရည်ဝိုင်းလာနေသည်ကို ပုဏ္ဏားကွယ်မှ လှမ်း၍ မြင်တွေ့နေခဲ့ရသည်။ မစပယ်က ဒွေးချိုးကလေး တစ်ပုဒ် ဝိုချလိုက်လျှင်ပင် ပရိသတ်များမှာ ငြိမ်းသွားခဲ့သည်။

"အောင်မြင်မှာပဲ" ဟု ဆရာသည် တွေးထားနှင့်၏။

ကျောင်းကပွဲ ပြီးလျှင် ဆရာ မျှော်လင့်ထားသည့်အတိုင်း အသံများလျှံထွက်လာလေသည်။ သူတို့သည် ကျောင်းကပွဲကို ကြည့်နေစဉ်ပင် "ကျောင်းကပွဲ" ဟူသော အသိစိတ် ပျောက်သွားကာ ထင်မြက်သည့် မင်းသမီးကြီးတစ်လက် ခေါင်းဆောင်သည့် ဇာတ်တစ်ဖွဲ့ကို ကြည့်နေရသလိုပင် ထင်မှတ်ခဲ့ကြသည်။ တစ်ခါတစ်ရံ ကျောင်းသူကျောင်းသားအချို့ အလွန်ညံ့သွားသည်ကို မြင်ရမှ "ကျောင်းကပွဲ" ဟူသည့် အသိစိတ်မှာ ပြန်ဝင်လာသည်။

"မစပယ်ဆိုတဲ့ မိန်းကလေးကတော့ တကယ့် သဘင်သည်ကြီးများ အတိုင်းပဲဟော့"

ဆရာသည် ဤလိုင်းဂယက်သံများကို ကြားရလျှင် စိတ်အားတက်ကြွလာခဲ့လေသည်။ အေးရိပ်ငြိမ်တွင် ဖေဖေရေးခဲ့သည့် ပန်းချီကားကြီးသုံးကားရှေ့၌ ရပ်နေမိရင်း သူ၏ ကျောင်းဆရာဘဝကို မေ့လျော့ကာ သူ့ကိုယ်သူ ဇာတ်ဆရာကြီး ဟု ထင်နေမိခဲ့သည်။ အဘိုး၏ "ဖူးခေါင်ကလေး" ဟု ခေါ်ဝေါ်သံကိုနားထဲ၌ ကြားလာမိသောအခါ ပြုံးလိုက်မိသည်။

ဆရာ၏ စိတ်ကူးယဉ် ရေပင်လယ်တွင် သူတည်ထောင်မည့် ဇာတ်အဖွဲ့ အမည်ကို "အနုပညာသဘင်" ဟု ပေးရန် စိတ်ကူးလိုက်၏။ တစ်ယောက်ကောင်း အဖွဲ့နာမကို ခံယူသည်ကို ဆရာ မနှစ်ခြိုက်နိုင်ပေ။

ကျောင်းကပွဲ ပြီးနောက် ဆရာသည် လမ်းလျှောက်လည်း မထွက်ဖြစ်ပေ။

mgyoe.com

mgyoe.com


အနိမ့်ပိုင်းအရပ်သို့လည်း မရောက်ဖြစ်ပေ။ လေးရက်မြောက် ညနေတွင်မူ ဆရာ၏ အေးရိပ်ငြိမ်သို့ မစပယ်နှင့် ဒေါ်စပယ်တင် ရောက်လာခဲ့လေသည်။

ဆရာသည် သူတို့သားအမိနှစ်ဦး ခြံဝမှ ဝင်လာကြသည်ကို လှမ်းမြင်တွေ့ရသဖြင့် အိမ်ရှေ့မှ ထွက်ကာ ဝမ်းသာ လှိုက်လှဲစွာ ကြိုခဲ့သည်။

"ကျွန်တော်လည်း အဲဒီဘက်ကို မရောက်ဖြစ်ဖူး" ဟု ရယ်မောပြောခဲ့၏။

ဆရာသည် သူတို့သားအမိအား မစပယ်၏ အောင်မြင်မှု သတင်းကို ကြည်နူးစွာဖြင့် ပြန်၍ ရွတ်ပြခဲ့သည်။ မစပယ်သည်လည်း ပြုံးကာ ကြည်ကြည်နူးနူး နားထောင်ခဲ့သည်။ မစပယ်အပေါ်၌ ဆရာ၏ ယုံကြည်မှုမှာ ပိုသည်ထက်နက်နက်ရှိုင်းရှိုင်း ဖြစ်လာသည်။

"တစ်ချိန်မှာမဟုတ်၊ တစ်ချိန်ချိန်မှာ ကျွန်တော်တို့ ဇာတ်ထောင်ကြရမှာပဲ"

ဆရာသည် ပန်းချီကားကြီးများကို ငေးကြည့်ရင်း ပြောလိုက်မိသည်။

"ဆရာပြောတာ မှတ်ထားနော် မစပယ်၊ ဆရာ ဆုံးဖြတ်လိုက်ပြီ။ အခွင့်အရေးရရင်ရတာနဲ့ တစ်ပြိုင်နက် ကောက်ယူလိုက်တော့မယ်၊ မင်းမှာ အရည်အသွေးရှိသင့်သလောက် ရှိနေပြီလို့ ဆရာ ယူဆလိုက်ပြီ၊ ဒီအတိုင်းဆိုရင် ဆရာ အလုပ်က ထွက်ရပြီ။ ဟုတ်တယ်၊ စားဝတ်နေရေးကတော့ ဘာလုပ်လုပ် မတွက်မချက်လို့မရဘူး၊ မင်းလည်း လုပ်မယ်မဟုတ်လား"

"ဟုတ် … ဟုတ်ကဲ့ဆရာ" ဟု သူ၏ ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောနေသံမှာ ပိုမိုလှိုက်လှဲလာသည်။ သူ့ စိတ်နှလုံးမှာလည်း တက်ကြွလာပုံရသည်။

"စပယ်ရဲ့ အငြိမ့်ကြီးကို တို့များသားသမီးများ လက်ထက်မှာ အမွေဆက်ခံထိန်းသိမ်းရမှာပေါ့ကွယ်၊ စပယ်ရုံလို့ နာမည်ပေးရမယ်၊ မှတ်ထားနော် မြစပယ်ရုံ၊ မင်းသားနဲ့ ကျန်တဲ့လူရွှင်တော်၊ ဇာတ်ပို့၊ ဇာတ်ရံ၊ လက်ထောက် အားလုံးကို သဘာင်နယ်က ရှိပြီးသား လူတွေနဲ့ပဲ သုံးရမယ်၊ သူတို့ကို ပုံစံချပေး၊ ဖြတ်ပေး၊ တောက်ပေး၊ တိပေး၊ ဆရာ့ အနုပညာသဘင်ပုံစံနဲ့ တိုင်းတာယူရမယ်၊ ဆရာတို့ဇာတ်အဖွဲ့ကို အနုသဘင်လို့ နာမည်ပေးမယ်နော်"

ဒေါ်စပယ်တင်၏ မျက်လုံးအိမ်၌ မျက်ရည်များ ရစ်ဝိုင်းလာသည်။ စပယ်သည်လည်း ဆရာ့ကို စိုက်ကြည့်နေသည်။ သူ့ မျက်လုံးများမှာ လူးလွန့်ရွှေ့လျားနေသည်။ ဆရာသည် သူ၏ စိတ်ကူးယဉ်နေမှုကို "ကျွန်တော် စိတ်ကူးယဉ်နေတာ" ဟု ထုတ်ပြောကာ ပြုံးနေမိသည်။

ထိုနေ့က မစပယ်တို့ ပြန်သွားလျှင် ဆရာသည် ငြိမ်သက်တိတ်ဆိတ်နေသည့်

mgyoe.com

mgyoe.com


အေးရိပ်ငြိမ်၌ စိတ်ကူးယဉ်ကာ ကျန်ရစ်ခဲ့လေသည်။

ထို့နောက် ဆရာသည် ကျောင်းသွားနေရသည့် ရက်များအတွင်း၌ မစပယ်တို့အိမ်ဘက်သို့ မရောက်ဖြစ်နိုင် ဖြစ်နေသည်။ ကျောင်း၌လည်း မစပယ်နှင့် ဇာတ်သဘင်အကြောင်း မပြောမိ။ သူသည် ကျောင်းဆရာ အလုပ်ကိုလည်း ငြီးငွေ့လာသလို ဖြစ်လာသည်။ ကျောင်းဆရာလုပ်နေရသည်ကို မကျေနပ်နိုင်အားတော့ဘဲ ဝတ္တရားကျေ ကြိုးပမ်းနေရသည်။

အချိန်ရလျှင် မြန်မာမှုသဘင်ကိုသာ လေ့လာနေမိပြန်လေသည်။ သူ့ စိတ်ထဲ၌ အနုပညာသဘင်သာလျှင် အမြစ်တွယ်နေသည်။ အနုသဘင်ကို ဘယ်ပုံသဏ္ဌာန်နှင့် လုပ်မည်ဟူ၍ တွေးနေရာမှ ဝဏ္ဏပဘာ ဇာတ်ညွှန်းကို ရေးမိလေသည်။ ထိုဇာတ်ညွှန်းထဲ၌ သူသည် နစ်မြုပ်သွားပြန်၏။ အချိန်များ တဖြုတ်ဖြုတ် ကုန်ဆုံးကြွေနေလိုက်သည်ကို သတိမထားမိပေ။ ဝဏ္ဏပဘာ အဆုံးသတ်သည့်နေ့ ညနေ၌ စိတ်လက်ရွှင်လန်းစွာဖြင့် အနိမ့်ပိုင်းသို့သွားရန် စိတ်ကူးပြီး အပြင်ထွက်မည် ပြုသော အခါတွင်မှ မိုးတဝုန်းဝုန်း ရွာချနေသည်ကို သတိထားမိလေသည်။ ဆရာ့ စိတ်ကူးထဲတွင် နောက်ထပ် ဇာတ်ညွှန်းများဖြစ်သည့် "ဓာတုကလျာ"နှင့် "မာယာ" သည်လည်း ပေါ်လာသည်။ စိတ်အားထက်သန်မှုကြောင့် ဦးနှောက်မှာ အလုပ်များစွာလုပ်လာနိုင်သည်ဟု တွေးရသည်။ "နေဦး၊ သူတို့ ငါ ဒီဇာတ်ညွှန်းတွေ မပြသေးဘူး၊ ပြီးမှ ပြလိုက်မယ်၊ သူ အံ့အားသင့်သွားမှာပဲ"

ထိုနေ့က တံခါးပြန်ပိတ်ခဲ့ပြီး ဆရာသည် ကုလားထိုင်၌ ထိုင်ကာ စောင်းကို တီးနေမိသည်။ သူသည် ဝဏ္ဏပဘာအဖြစ်ဖြင့် မိန်းကလေး၏ မျက်နှာကလေးကို မြင်နေသည်။ သူ၏လှုပ်ရှားဟန်ကို မြင်နေသည်။ "ဝဏ္ဏပဘာ"သည် ဆရာ စိတ်ကူးယဉ်သည့် အနုသဘင် အဖွဲ့ကြီး၌ သော့ချက်တစ်ချက် ဖြစ်လာလိမ့်မည်။

နောက်ရက်များတွင် "ဓာတုကလျာ" ကို ဆက်၍ ရေးသားလိုက်ပြန်သည်။ ကျောင်း၌ မစပယ်နှင့် တွေ့လျှင် "ဒေါ်ဒေါ်တင် နေကောင်းရဲ့လား" ဟုသာ မေးလိုက်သည်။ သူသည် အေးရိပ်ငြိမ်၌ပင် ငြိမ်သက်ကာ ဇာတ်ညွှန်းကို ဆက်၍ ရေးသည်။ ကကွက်များကို လက်ချိုးကကြည့်ပြီး ဇာတ်ညွှန်းပေါ်၌ ပုံကြမ်းရေးခြယ်ကာ မှတ်သားသည်။ ချက်ချင်း စောင်းကို ကောက်ကိုင်ကာ သီချင်းများကို ဆိုကြည့်သည်။ အေးရိပ်ငြိမ်မှာ အနုသဘင်၏ စတင်ရာ ရေစီးကြောင်းဖြစ်၏။ မကြာမီ အနုသဘင်အဖွဲ့ကြီးသည် အေးရိပ်ငြိမ်မှ ခေါင်းထောင်ထလာရမည်ဟု ယုံထားသည်။ ဓာတုကလျာပြီးနောက် "မာယာ" ရေးသားပြီးသောအခါ စဆောင်း

mgyoe.com

mgyoe.com


ထားသော စိတ်ကူးများ ကုန်သွားသည်။

"အို... ငါ့လက်ထဲမှာ ဇာတ်ညွှန်း ခြောက်ပုဒ်တောင် ရှိနေပြီ"

မာယာရေးပြီးလျှင် မြို့သစ်ကလေး၌ နေသာလာပြန်လေသည်။ ဆရာသည် ညရေးသားပြီး ကျောင်းပိတ်ရက်နှင့် ဆုံနေသဖြင့် နောက်နေ့ နံနက်၌ပင် အနိမ့်ပိုင်းသို့ ရှင်လန်းပေါ့ပါးစွာ လျှောက်လာခဲ့လေသည်။ သူ၏ ဇာတ်ညွှန်းကို ရေးနေစဉ်၌ လမ်းနံဘေး သစ်ပင်များ စိမ်းစိုလန်းဆန်းနေကြသည်ကိုပင် သတိမထားမိဘဲ... အခုမှ သတိထားလိုက်မိသောအခါ၊ သူ့ကိုယ်သူ နှစ်သက်စွာ "ငါဒါလောက်ကို ဇာတ်သဘင်အပေါ်မှာ စိတ်ဝင်စားပါလား" ဟု ပြန်တွေးကြည့်ကာ ကြည်နူးမိသည်။ ရတနာလမ်း၌ ခြံများမှာ စိမ်းစိုနေသည်။ လမ်းနံဘေးမြောင်းများတွင် ရေများ စီးနေသည်။ မိုး၏ ရနံ့မှာ သင်းမြနေပေသည်။ ခြံများတွင် ပုဏ္ဏရိုက်ပန်းများ ပွင့်လန်းနေသည်။ ဆရာသည် သဲဝါချောင်းကူးတံတားပေါ်တွင် ရပ်တန့်ပြီး ချောင်းရေများ ညင်ညင်သာသာ စီးနေသည်ကို ကြည့်ရှုခဲ့မိပြန်သည်။ ဤတံတား ပေါ်မှပင် မစပယ်တို့ခြံမှ ရက်ကန်းခတ်သံကို ကြားရလေသည်။

ဆရာသည် အတန်ကြာမှ မစပယ်တို့ ခြံဘက်သို့ လျှောက်ခဲ့သည်။ ခြံဝမှ လှမ်းကြည့်လိုက်လျှင်ပင် ရက်ကန်းစင်ပေါ်၌ ထိုင်နေသော မစပယ်ကို လှမ်း၍ တွေ့ရသည်။ သူသည်လည်း ဆရာ့ကို လှမ်းမြင်လိုက်သဖြင့် ရက်ကန်းအခတ် ရပ်လိုက်လေသည်။

"မေမေ ... ဆရာ လာနေတယ်" ဟု ပြောသံမှာ ဝမ်းသာကြည်နူးသံလည်း ဖြစ်နေသည်။ ဆရာသည် ခြံအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ရွှင်လန်းစွာဖြင့် ရယ်မောနှုတ်ဆက်သည်။ ဒေါ်စပယ်တင်က ဆရာ့ကို မလာသဖြင့် အပြစ်တင်သောအခါ ဆရာသည် ဇာတ်ညွှန်းများကို ချပြပြီး ပြုံးနေလိုက်၏။

မစပယ်က ဆရာ့ ဇာတ်ညွှန်းများကို လှန်ကြည့်ပြီး "ကျောင်းကပွဲ အတွက် လား" ဟုမေးလျှင် ဆရာသည် ရယ်နေလိုက်၏။

"ကျောင်းကပွဲအတွက် ဘယ်ဟုတ်မလဲ ကလေးရယ်၊ အနုသဘင် အတွက်ပေါ့၊ ဘဝင်မြင့်ပြီး ပြောရရင် ဇာတ်သဘင်နယ်တစ်ခုလုံးအတွက်ပေါ့၊ ဒါ မြန်မာ့မှု သဘင်လို့ ပြောပြဖို့အတွက်ပေါ့"

ဆရာသည် နောက်ရက်များ၌ သူတို့ အိမ်ကို မကြာမကြာ ရောက်သွားသည်။ ဆရာ့ ရင်ခွင်ထဲ၌ စောင်းပိုက်လျက်သား ပါသွားသည်။ ဆရာသည် ဇာတ်ညွှန်းများ ကို မတိုက်သေးဘဲ မိန်းကလေးကို အဆိုနှင့် အကများထပ်၍ လေ့ကျင့်ခိုင်းနေသည်။

mgyoe.com

mgyoe.com


မင်းသမီး အတတ်ပညာ ဆယ့်နှစ်ရပ်ကို သင်တန်းတစ်ခုလို ပို့ချ လေ့ကျင့်ခိုင်းသည်။ ဥပမာ အရူးအဖြစ် သရုပ်ဆောင်ရန် အခါမျိုး၌ အေးရိပ်ငြိမ်ကို ခေါ်သွားတတ်ပြန်သည်။ အေးရိပ်ငြိမ်မှာမူ လွတ်လပ်လေသည်။ အေးရိပ်ငြိမ်ရောက်လျှင် မစပယ်၏ အနုပညာဇီဇမှာလည်း ပို၍ ထက်မြက်လာသည်ဟု ထင်ရသည်။

တစ်ခါတစ်ရံ၌ ဆရာ လမ်းလျှောက်လျှင် မစပယ်ပါ လိုက်ပါတတ်သည်။ သူသည် ဇာတ်ခွင်ဟု သဘောထားပြီး သရုပ်ဆောင်ကပြနေချိန်၌ မင်းသမီးကြီး တစ်လက်ကဲ့သို့ လုပ်သွားတတ်သော်လည်း ယခုလိုအပြင်ဘက်၌ လွတ်လွတ်လပ်လပ်ဆိုလျှင် ကလေးစိတ်များပင် ပြန်ဝင်လာတတ်သည်။ သူသည် ဆရာ့နံဘေးမှကပ်၍ လျှောက်လာရင်း ပြုံးရွှင်စွာ ရယ်မောတတ်သည်။ သူမ၏ နုသစ်ပျိုမျစ်သော မျက်နှာကလေးမှာ ပန်းပွင့်များလို အပြစ်ကင်းမဲ့နေသည်။

ဆရာ့စိတ်ကူးထဲ၌ ဘယ် အခါမဆို အနုသဘင်သာလျှင် ဝင်ရောက်နေ၏။

မြစပယ်ရုံ၊ ဟုတ်ပါတယ်။ မြစပယ်ရုံသည် အနုသဘင်၏ အသည်းအသက်ဖြစ်ရမည်။ မြစပယ်ရုံ၏ အမည်နာမမှာ တသင်းသင်းမြ နေစေရမည်။

မစပယ်၌ စွဲဆောင်တတ်မှုရှိ၏။ ညှို့ယူဖမ်းစားတတ်မှုရှိ၏။ အနုပညာ ခံစားမှုရှိ၏။ ထက်မြက်သော အတွေးစိတ်ကူးလည်း ရှိ၏။ ပင်ကိုအသံလည်း ရှိ၏။

ဆရာ၏ ထက်သန်လှသော စိတ်ကူးအဟုန်ကို ရပ်တန့်သွားစေရန် မည်သည့်အရာနှင့်မျှ တားဆီးပိတ်ထား၍ ရနိုင်မည်မဟုတ်ပေ။

"သဘင်လောကမှာ ခေါင်းဆောင်မင်းသား တစ်ယောက်ကောင်း နာမည်နဲ့ ဖွဲ့စည်းတဲ့ ပုံစံရှိတယ်၊ ဟိုတုန်းကတော့ ရာမအဖွဲ့ ရှိခဲ့ဖူးတယ်၊ အခုခေတ်မှာတော့ စိန်မဟာသဘင်ဆိုတာလောက်ပဲ တစ်ယောက်ကောင်း နာမည်မတပ်တာ ဆိုလို့ ရှိတယ်၊ ဒါတောင်မှ ဖိုးစိန်ကြီး နာမည်ကို ယူထားတာကိုး၊ ဆရာကတော့ အနုပညာမှာပဲဖြစ်ဖြစ်၊ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ သူ့ရဲကောင်းဝါဒကို မကြိုက်ဘူး၊ မင်းသား နာမည်တပ်ထားတော့ မင်းသားပြောင်းတိုင်း ဇာတ်နာမည် လိုက်ပြောင်းနေရရော၊ ဆရာတော့ အနုသဘင်ပဲ လုပ်မယ်။ ဘယ်သူကက အနုသဘင်ကတော့ အနုသဘင်ပဲ၊ ပြီးတော့ အနုသဘင်ကို ပြန်လိုက်ရင်၊ မြစပယ်ရုံ အဓိပ္ပာယ် ထွက်လာစေရမယ်။ မြစပယ်ရုံကတော့ ဘယ်သူတွေပြောင်းပြောင်း အနုသဘင်က မပြောင်းရဘူး။ ဆရာနဲ့ အတူတူ ရှိရမယ်။ တကယ်လို့ မင်းမရှိဘူးဆိုရင်လည်း အနုသဘင်ရဲ့ မူလအဓိပ္ပာယ်သာ ပြောင်းချင်ပြောင်းသွားမယ်"

ဆရာသည် ရယ်စရာလိုပြောသော်လည်း မရယ်ဘဲနှင့် ငြိမ်နေခဲ့၏။ မစပယ်ကမူ

mgyoe.com

mgyoe.com


ဆရာ့ မျက်နှာကို မော့ကြည့်ကာ ရယ်မောလေသည်။

"ကောင်းပါပြီ ဆရာရယ်၊ ဆရာ့ အနုသဘင်က စပယ် ဘယ်တော့မှ မခွဲပါဘူး၊ စပယ်သေရင်တောင် စပယ့်ဂူမှာ အနုသဘင်လို့ရေးဖို့ မှာထားရစ်ခဲ့ပါမယ်၊ ဒါပေမဲ့ ဆရာ့ အနုသဘင်က ဘယ်မှာလဲဟင်၊ စိတ်ကူး ရေယဉ်ကြောထဲမှာပဲ မဟုတ်လား....."

ဆရာသည် လမ်းကို ဖြည်းဖြည်းမှန်မှန်လျှောက်နေရင်း တည်ငြိမ်စွာဖြင့် မစပယ်၏ ရယ်သံပျောက်ကွယ်သွားသည်အထိ စောင့်နေလိုက်သည်။ သူ့ကိုယ်သူလည်း စိတ်ကူးရေအလျဉ်၌ မျောပါနေသလားဟု ပြန်မေးလိုက်၏။ ထိုသို့ မဖြစ်နိုင်တော့ပေ။

ဘုတာရုံဘက်သွားရာ မြို့အပြင် လခြမ်းကွေ့လမ်းမှာ တိတ်ဆိတ်ငြိမ်သက်ကာ ငြိမ်းချမ်းနေသည်။ ညနေ ဆည်းဆာသည်လည်း စိတ်ကူး၌ ငေးမောနေသကဲ့သို့ အပြာနုရောင် လွှမ်းခြုံကာ ငြိမ်သက်တွေဝေနေသည်။

"မဟုတ်ဘူးကလေး၊ ဆရာ အလေးအနက် ပြောနေတာ၊ ဇာတ်ထောင်ပေးနိုင်မယ့် ငွေရှင် တစ်ယောက်ကို မရရအောင်ရှာမယ်၊ နောက်ဆုံးကွယ်၊ မတတ်နိုင်တဲ့ အဆုံးမှာ ဆရာက အေးရိပ်ငြိမ်ကို ရောင်းပြီးဖြစ်ဖြစ် ထူထောင်ဖို့ ဆုံးဖြတ်လိုက်တယ်၊ အခုလေးတင် ဆုံးဖြတ်လိုက်တာပဲ၊ ခိုင်ခိုင်မာမာ ချမှတ်လိုက်တာပဲ၊ တကယ်တမ်းတွေးရရင် အေးရိပ်ငြိမ်ကို ဒီအတိုင်းထားလို့ ဆရာ့အတွက် သိပ်အသုံးကျလှတယ် မဟုတ်ဘူး၊ အသုံးကျအောင် အသုံးချမယ်၊ ဆရာက အဘိုး လျှောက်ခဲ့တဲ့ လမ်းပေါ်မှာ လျှောက်ချင်တာမဟုတ်ဘူး၊ ဖေဖေလို လူမျိုးဖြစ်ဖို့ပဲ တမ်းတတယ်။ ကလေးကို မြစပယ်ရုံလို့ နာမည်ပေးတာက ကလေးကို မေမေ့လို အနုပညာသည် ဖြစ်စေချင်လို့ မေမေနာမည် ခံယူခိုင်းတာ၊ အနုပညာလမ်းဆိုတာသာ ဆရာတို့လမ်း ဖြစ်ရမယ်၊ ကလေးနဲ့ ဆရာနဲ့ လျှောက်ရမယ့်လမ်း၊ ဆရာ မင်းကို ယုံကြည်ပါတယ်၊ အကြွင်းမရှိ ယုံကြည်တယ်၊ မင်း အောင်မြင်ရမယ်....."

ဆရာသည် သူ့စကားထဲ၌ သူ့ကိုယ်သူ ဖေဖေနှင့် နှိုင်းကာ မစပယ်ကို မေမေနှင့် နှိုင်းနေမိသည်ကို သတိရသွားသည်။ မစပယ်ကမူ ဘာမျှတွေးလိုက်ပုံမရပေ။ မစပယ် မျက်နှာပေါ်မှာ အပြုံးများ ပျောက်ကွယ်သွားကာ လေးနက်လာသည်။ စိတ်အားထက်သန်မှုဖြင့် မျက်နှာကလေးနီထွေးလာနေသည်။

"ဆရာ အလုပ်က ထွက်ရမှာပေါ့" ဟု သူက စကားဖြတ်၍ မေးသည်။

mgyoe.com

mgyoe.com


"ဆရာ အလုပ်ထွက်ရမှာကို အလေးအနက် သိပ်မတွေးဘူး။ တွေးတာက အနုသဘင် ထူထောင်ရင် ထက်မြက်တဲ့ လူတွေဘယ်လောက်ရနိုင်မလဲလို့ပဲ၊ ဦးကြာယုံကြီးနဲ့ ဦးငွေသောင်ကို ဆရာ့ ဇာတ်ထဲအရခေါ်သုံးမယ်၊ မောင်စိုးနဲ့ မောင်ထွန်းကိုလည်း ခေါ်သုံးမယ်၊ ကျော့်မြလေးကိုလည်း ဆရာ သဘောကျတယ်၊ စန်းအုန်းကြည်လည်း ထက်မြက်လာနိုင်တဲ့ မင်းသမီးလို့ထင်တယ်၊ ဆရာတော့ ဒါတွေပဲ အလေးအနက်ထားပြီး တွေးမိတယ်"

"အို .... ဆရာအလုပ်ထွက်ရင် စားဝတ်နေရေးက ရှိသေးတာကော" ဟု သူက ခပ်တိုးတိုး ညည်းပြောလေသည်။

ဆရာသည် သူ့ မျက်နှာကလေးကို ကြည့်ကာ ဖြည်းဖြည်း ညင်ညင် ပြုံးမိသည်။ ထိုခဏတွင် ခံစားမှုတစ်ခုသည်လည်း ဝင်ရောက်လာနေသည်။ ထိုခံစားမှုကို နှစ်သိမ့်ကြည်နူးမှုဟု အမည်ပေးသင့်ပေမည်။ ဆရာသည် သူ့အတွက် အဘိုးမှ တပါး စိုးရိမ်ကြောင့်ကြသူဟူ၍ နောက်ပိုင်း၌ မတွေ့ရှိခဲ့ဖူးရာ၊ ယခု မစပယ်က စိုးရိမ်စိတ်ကလေးဖြင့် မေးနေသောအခါ ရင်ထဲတွင် အေးမြသွားနေသည်။ ဆရာသည် သူ့ကိုယ်သူ အထီးကျန်မဟုတ်တော့ဟု တွေးလိုက်မိပြန်သည်။

"ဒါကတော့ လူဟာဘာလုပ်လုပ် လုပ်တဲ့ အလုပ်ကို မှီပြီး ထမင်းစား ရအောင်တော့ ဖန်ဆင်းရမှာပေါ့လေ၊ သဘင်ကို လုပ်နေရင် သဘင်က ကျွေးပေါ့၊ သဘင်ကလည်း တတ်နိုင်သမျှတော့ ကျွေးပါလိမ့်မယ်လို့ ယုံကြည်တယ်၊ သူကျွေးသမျှကို စားပေါ့၊ သူက ငတ်ခိုင်းဦးမယ်လို့ဆိုရင် ငတ်ပေါ့၊ ဒါတော့ ဘယ်တတ်နိုင်မလဲ၊ တစ်ခုတော့ ရှိတယ်၊ ကျောင်းဆရာဘဝလိုတော့ ပြည့်စုံချင်မှ ပြည့်စုံမယ်၊ စိတ်ချချင်မှ စိတ်ချရမယ်၊ ဆန်းပါဘူး၊ အနုပညာလမ်းဆိုတာ ဒါလောက်တော့ ကြမ်းတမ်းမှာပေါ့၊ ဘဝပြောင်းသွားရတာကိုး၊ ဘာလဲ၊ မင်းကကော ငတ်မှာကို ကြောက်လို့လား ကလေးရယ်"

"ကြောက်ပါဘူး" ဟု ပြောရင်း မစပယ်သည်လည်း ရယ်မောနေလိုက်သည်။ ဆရာသည်လည်း နှစ်နှစ်ခြိုက်ခြိုက် ရယ်ခဲ့မိသည်။

နောက်ရက်များ၌ ဆရာသည် စပယ်နှင့်အတူ ဤမြို့အပြင်လမ်းတွင် မကြာမကြာ လမ်းလျှောက်နေမိသည်။ လမ်းလျှောက်ရင်း အနုသဘင်အတွက် စိတ်ကူးပုံစံရာထားချက်များ ထုတ်မိလေသည်။ စိတ်ကူးမှာ ခိုင်မြဲသည်ထက် ခိုင်မြဲလာသည်။ "မြစပယ်ရုံ" ဟူသော အမည်မှာ တောက်ပလာရပေမည်။

●

mgyoe.com

mgyoe.com

အချိန်များမှာ ဖျတ်ခနဲ ဖျတ်ခနဲ ပျံပြေးသွားသည်။ ဆောင်း၌ ဆရာသည် မစပယ်အား အခြေခံအကများနှင့် အဆိုများ ကျေနပ်နိုင်သည့် အဆင့်အထိ သင်ပြပေးနေရင်း နွေဦးသို့ ဆိုက်ရောက်လာသည်။ ဆရာ အူရောင်ငန်းဖျား ဖြစ်ကာ ဆေးရုံတက်နေသည့်အခါ နွေအစွန်ပိုင်း ရောက်လာနေပြီ။ နေ့များ ချစ်ချစ်တောက် ပူပြင်းနေသည့်ကြားထဲတွင် သကြံန်မိုးရွာချလိုက်လျှင် အပြောင်းအလဲမှာ အံ့သြစရာလို တွေ့နေရပြန်သည်။ ထို့နောက် မိုးသည် ဆက်တိုက် ရက်အတန်ကြာ ရွာပြီးမှ အရှေ့ဘက် မြင်းမဏိတောင်ခြေသို့ ပြန်ပြေးသွားသည်။ မြို့သစ်ကလေးကို နွေလယ်သာခေါင်၌ သည်အတိုင်း လှည့်မကြည့်ဘဲ ထားပစ်ခဲ့ရက်လေသည်။

ဆေးရုံတက်နေသည့် ရက်များအတွင်း၌ပင် ဆရာသည် ကိုသက်ခိုင်နှင့် တွေ့ဆုံကာ အနုသဘင်ကို ထူထောင်ရန် ကြိုးပမ်းလိုက်သည်။ ကိုသက်ခိုင်သည် သဘင်ကိုလည်း ဝါသနာထုံသည်။ တယောကလေး ဂီတာကလေးလည်း တီးမှုတ် တတ်သည်။ မြို့သစ်ကလေး ဇာတိဖြစ်သော်လည်း စစ်သားဘဝဖြင့် မြို့သစ် ကလေးမှ အတန်ကြာလွင့်နေသဖြင့် ယခင်က ဆရာနှင့် မသိခဲ့ပေ။ သူသည် ကုန်သည်လုပ်နေပြီးမှ ပစ္စည်းဥစ္စာအတော်အတန် စုဆောင်းမိကာ မြို့သစ်ကလေးသို့ ပြန်လာသည်။ ဆရာနှင့် တွေ့ဆုံကြပြီး ဇာတ်ထူထောင်ရန် စိတ်အားထက်သန် လေသည်။ သူသည် မစပယ်၏ ထက်မြက်မှု ကျော်ကြားမှုကိုလည်း သိထားပြီး ဖြစ်၏။ ဆရာသည် သူနှင့် ဆေးရုံသီးသန့်ခန်းကလေး၌ တိုင်ပင်ခဲ့သည်။ များမကြာမီ၌ပင် အနုသဘင်မှာ စိတ်ကူးမှ ရုပ်လုံးပေါ်လာပေတော့မည်။

mgyoe.com

mgyoe.com


နောက်ပိုင်း၌ အနုသဘင်အတွက် လူရွေးချယ်ပြီးသားပင် ဖြစ်လာသည်။ မင်းသားအဖြစ်ဖြင့် စိန်ဝင်းရွှေလေး၊ လူရွှင်တော် မောင်စိုး၊ မောင်ထွန်း၊ ထွန်းအောင်နှင့် ကျော်မြလေး၊ မင်းသားကြီး ဦးကြာယုံနှင့် ဦးငွေသောင်၊ မင်းသမီး ပဒုမ္မာကြည်ကြည်၊ စိန်အုန်းကြည်၊ ကုလားမစိန်၊ နီနီဝင်း၊ လှလှမူ၊ ရီရီစိန်နှင့် မြစပယ်ရုံ။ ရှေ့နှစ်မှစ၍ ဇာတ်ထွက်နိုင်ရန် နှစ်ဦးနှစ်ဖက် အပြီးသတ်ဆွေးနွေးပြီးနောက် ဆရာသည် ဆေးရုံခန်းကလေးထဲဝယ် စိတ်လှုပ်ရှားနေခဲ့သည်။

တစ်ခါတစ်ရံ ဆေးရုံခန်းအတွင်း၌ မစပယ်နှင့် ကိုသက်ခိုင်လာ၍ ဆုံနေတတ်သော်လည်း ဆရာသည် မစပယ်ကို ပြောပြမထားနှင့်သေးဘဲ၊ အားလုံး သေချာပြီးမှ ဖွင့်ပြောပြမည်ဟု တမင်လျှို့ဝှက်ထားလိုက်သည်။

ဤဆေးရုံ၏ သီးသန့်အခန်းကလေး၌ နေထိုင်ရခြင်းမှာ ဆရာ့အတွက် ဘဝတစ်ခုမှ တစ်ခုသို့ မကူးပြောင်းမီ ကြားနေရာကလေးလို ဖြစ်နေသည်။ ဤနေရာကလေး၌ အနားယူနေသလိုလည်း ဖြစ်နေသည်။ ဆရာသည် ဆေးရုံ၏ ဤသီးသန့် အခန်းကလေးကို နှစ်သက်နေ၏။ ပြတင်းမှန်တံခါးကို ဖွင့်ကြည့်လိုက်လျှင် ရှေ့ဘက်၌ စိမ်းစိမ်းစိုစို ပေါက်နေသော မြက်ခင်းပြင်ကို လှမ်းမြင်ရသည်။ ဟိုဘက်၌ မြို့ပြင်လမ်းကို လှမ်းမြင်ရသည်။ တမာပင်ပုကလေးများသည် ယိမ်းနွဲ့လှုပ်ရှားနေ၏။

ညနေဘက်များ၌မူ စပယ်သည် နွားနို့နှင့် ကြက်ဥ လာပို့သည်။ သူ့ လက်ထဲ၌ ရွှေစပယ်ပန်းများလည်း ပါလာတတ်သည်။

ဆရာ့ ခေါင်းရင်း ကြွေပန်းကန်ထဲတွင် ထိုစပယ်ပန်းများကို ထည့်ပေးထားသည့်အခါ စပယ်ပန်းရနံ့မှာ ဆရာ၏ သီးသန့်ခန်းထဲတွင် ကြိုက်လှောက်နေသည်။ တစ်ခါတစ်ခါ၌ သူသည် ဆရာခိုင်းလျှင် ဤဆေးရုံ သီးသန့်ခန်းထဲတွင် ပါးစပ်ဆိုင်းဖြင့် က ပြတတ်ပြန်သည်။ ထိုအခါ၌ သူ့မျက်နှာမှာ နီမြန်းနေသည်။

သူပြန်သွားသော အခါ၌ ဆေးရုံသီးသန့်ခန်းသည်လည်း ငြိမ်သက် တိတ်ဆိတ်ကျန်ရစ်ခဲ့သည်။ အခြားအခန်းများနှင့်လည်း ဝေးကွာသဖြင့် အသံဗလံ မကြားရပေ။ တစ်ယောက်တည်း ကျန်ရစ်ခဲ့လျှင် ဆရာသည် အနုသဘင်အတွက် ငြိမ်၍ တွေးနေမိတတ်၏။ ဤဆေးရုံအခန်းထဲ၌ အလုပ်မရှိဘဲ ကြာကြာနေလာရသောအခါ စိတ်သည် ပျံ့လွင့်လာသည်။ အလုပ်တခုခုတွင် စိတ်အာရုံ စူးစိုက်ကာ နစ်မြုပ်နေရစဉ်၌ စိတ်သည် ငြိမ်သက်နေတတ်သော်လည်း ယခုလို တွေးတော ငေးမော

mgyoe.com

mgyoe.com


နေရုံသာရှိသောအခါ ခြောက်သယောင်းမှုကို ခံစားလာရသည်။ အပြင်ဘက်မှ စိမ်းစိုသော မြက်ခင်းပြင်ကို မြင်နေရသော်လည်း သွေ့ယောင်းမြဲ သွေ့ယောင်းနေလျက်ပင်။ ဆရာသည် ခုတင်ပေါ်တွင် ဖြူဆွတ်သော အိပ်ရာခင်းပေါ်၌ လဲလျောင်းနေရင်း ကမောက်ကမနိုင်လှသော အတွေးမျိုးစုံကို တွေးနေတတ်လာသည်။

နေ့အိမ်မက်များကို တဖျတ်ဖျတ် မက်နေမိတတ်သည်။ ပုထုဇဉ်၏ နှလုံးသားမှာ ဤကဲ့သို့ပင် မတည်နိုင်၊ မငြိမ်နိုင်လှပ်ရှားတတ်ပေးသည် တကား။ သူသည် မည်သူ့ကိုဟူ၍ မေးမြန်း၍ မရနိုင်ပေ။ နှလုံးသားထဲ၌ မပြည့်စုံ၍ တမ်းတနေမှုသာ ဖြစ်ပေလိမ့်မည်ထင်သည်။

တစ်ညနေ၌မူ သူသည် ကဗျာကလေးတစ်ပုဒ်ကို တစ်ဝက်တစ်ပျက် ရေးစပ်သည်။

အိပ်မယ်လို့ မှေးလိုက်တော့
ကိုယ့်ဘေးမှာ ဖြူပြာညက်ပါတဲ့
ကွက်လပ်ကလေး တစ်တောင့်ထွာ။
နေရာအားပေမဲ့
ကိုယ့်အနားဘယ်သူလာလို့
ဘယ်အခါ ယှဉ်ကာစက်မယ်
တွေးလျက်ခါခါ။
နှင်းရည်ဆမ်းပါတဲ့
သဇင်ပန်းမြတ်သူဇာ
လာမှာလိမ့်လေလား။

သူသည် ကဗျာကို အချိုးအဆစ်ကုန်အောင် ဆက်မရေးတော့ပေ။ ဤကဲ့သို့ တစ်ဝက်တစ်ပျက် ရေးလိုက်ခြင်းကြောင့် ကဗျာ၏ ခံစားရမှုမှာ ပိုမို ထင်ပေါ်လာသည်ဟု ခံစားရသည်။ ရင်ထဲ၌မူ ကဗျာချောင်းသည် စီးသန်းမြဲပင်။ ကဗျာချောင်းသည် နှလုံးသားတောင်ခြေမှ ချောင်းဖျား ခံလာခဲ့ပေသည်။ သူသည် သူ့ကဗျာကို ပြန်ဖတ်ကြည့်ပြီး လိပ်ပြာမလုံနိုင်၊ ရှက်စိတ်ဝင်လာကာ ရယ်မောလေသည်။ ကဗျာရေးထားသည့် စာရွက်ကို ဆုတ်ချေလိုက်ပြန်သည်။

သူသည် အထီးကျန် ခံစားရမှုများကို ကြာရှည် လက်ခံမထားချင်ပေ။ ကျောင်းမြန်မြန်ဖွင့်ကာ ကျောင်းတက်၊ အလုပ်တစ်ခုခုကို လုပ်ချင်လာသည်။

mgyoe.com

mgyoe.com


ကျောင်းပြန်ဖွင့်ပြီးလျှင်မူ ကျောင်းဆရာအလုပ်မှ ထွက်စာငပင်၊ အနုသဘင်ကို ဖောက်ချ လုပ်ကိုင်တော့မည်။ အနုပညာသည်၏ ကြမ်းတမ်းသော ဘဝလမ်းကို လျှောက်ရန် ဆုံးဖြတ်သောအခါ၌မူ မပူရမပင်ရသော တစ်ကောင်ကြွက်ဘဝကိုပင် ကျေနပ်ချင်သည်။ မိမိကိုယ်မှလွဲ၍ အခြားဘာမှ ပူပင်တွယ်တာစရာ မရှိနိုင်။

"တစ်ကိုယ်တည်းလေ.... ရဲရဲတိုးဝင် ခရီးနှင်ပေါ့" ဟု စိတ်တက်ကြွလာပြန်သည်။

ထိုကဲ့သို့ တွေးလျှင်မူ ဤဆေးရုံခန်းကလေး၌ တစ်ကိုယ်တည်း လဲလျောင်းနေရခြင်းကို ကျေနပ်မိသည်။ သူသည် မှန်တံခါးကို ဖွင့်ပြီး လမ်းပေါ်မှ တမာပင်တန်း၊ စိမ်းလန်းသော မြက်ခင်း၊ ဟိုဘက်မှ မြို့အပြင်လမ်း၊ တောင်ပူစာကုန်းကလေးများ၊ လှပသော ဆည်းဆာတို့ကို ကြည့်ကာ ခင်နှင်းယု၏ 'မွေး' မှ အာရောဂျံ ဟု ဤဆေးရုံခန်းကလေးကို ထင်နေတတ်ပြန်သည်။ မွေးမှ အာရောဂျံသည် သူ့စိတ်နှလုံးသားထဲ၌ စွဲနေ၏။ အနုပညာ ဖန်ဆင်းချက်များမှာ တကယ်ရှိသော မူလရုပ်ဝတ္ထုများထက် များစွာ ပိုမိုကာ စွဲမြဲခိုင်မြဲတတ်သည်။ သူသည် တစ်ကိုယ်တည်းနေစဉ်ကာလ၌ "မွေး"နှင့် စကားပြောချင် စိတ်ပေါ်လာကာ သူ့ကိုယ်သူ ရယ်မောတတ်ပြန်သည်။

ဆရာသည် မိုးများပြန်၍ အုံ့ဆိုင်းလာသည့် ဆေးရုံမှဆင်းရက် နီးကပ်လာသော တစ်ညနေတွင်မှ အနုသဘင်ကို ထူထောင်ဖြစ်တော့မည့်အကြောင်း မစပယ်ကို ထုတ်ပြောခဲ့လေသည်။ ထိုညနေက မစပယ်၏ အံ့အားသင့်နေမှု၊ တက်ကြွနေမှုများကို ဘယ်သောအခါ ပြန်တွေးတွေး မမေ့နိုင်မည်မဟုတ်ပေ။ ဆရာကိုယ်တိုင်လည်း စကားပြောရင်း ကြည်နူးနှစ်သိမ့်နေသည်။

"ကလေးနဲ့ ဒီဆေးရုံခန်းထဲမှာ ခဏခဏဆုံနေတဲ့လူရော၊ သူ့နာမည်က ကိုသက်ခိုင်တဲ့။ သူကဇာတ်ထောင်မယ်ဆိုလို့ ဆရာတို့ ဆွေးနွေးနေကြတာ အတော်ကြာပြီ။ ဒီလူ့မှာ ငွေရင်းငွေနှီးလည်း မဆိုးပါဘူး၊ သဘင်စိတ်လည်း ရှိပုံရတယ်။ ဆရာတို့ အသေးစိတ်အဆုံးသတ်အထိ ညှိနှိုင်းဆွေးနွေးပြီးပြီ။ ကောက်လုပ်ရုံလောက်ပဲ ကျန်တယ်"

ဆရာဖွင့်ပြောလိုက်ချိန်တွင် မစပယ်သည် ကြွေပန်းကန်ထဲသို့ စပယ်ပန်းများကို ထည့်နေဆဲဖြစ်သည်။ သူသည် ခုတင်ဘက်သို့ တိုးလာပြီး ဆရာ့ကို မျက်လွှာကြီးပင့်ကာ ကြည့်သည်။ သူမျက်နှာမှာ အံ့အားသင့်နေကာ မယုံမကြည်လည်း ဖြစ်လာနေသည်။

mgyoe.com

mgyoe.com


သူက "ဆရာဘာပြုလို့ အစောကထဲက စပယ်ကို မပြောတာလဲဟင် သိပ်ဆိုးတာပဲ" ဟု ပြောလိုက်သံမှာ တစ်မျိုးကြီးလို ဖြစ်နေသည်။ ချိုလည်း ချိုမြနေသည်ဟု ထင်ရသည်။

ဆရာသည် အိပ်ရာထဲမှ ဖြည်းဖြည်းထကာ သူ့ကိုကြည့်ရင်း ရယ်နေမိသည်။

"အိုကွယ်.... ဒါတော့ ဆရာက သေချာမှ အသေအချာဆုံး ဖြစ်မှ ပြောချင်တာကိုး၊ ခုတော့ စာချုပ်ချုပ် ကြိုသုံးငွေထုတ်ကြရုံလောက်ပဲ ကျန်တယ်။ မင်းသားတော့ စိန်ဝင်းရွှေကိုပဲ သုံးမယ်၊ ဒီကောင်ကလေး အခြေခံ သိပ်မဆိုးလှပါဘူး၊ မင်းသားကြီး ဦးကြာယုံနဲ့ ဦးငွေသောင် မောင်စိုးတို့ မောင်ထွန်းတို့ ထွန်းအောင်တို့ကို သုံးမယ်၊ အားလုံးညှိနှိုင်းပြီးပြီ၊ ဆရာဆေးရုံက ဆင်းရင် ကျောင်းဖွင့်ပွဲလုပ်၊ ပြီးတော့ အလုပ်ထွက်၊ ပြီးတော့ ဇာတ်စ စီးရမှာပဲ၊ ဝဏ္ဏပဘာက စစီး ရမယ်"

"စပယ်က ဝဏ္ဏပဘာလား ဆရာ"

"ဟုတ်တယ်လေ၊ ဘာပြုလို့လဲ"

သူသည် ပြုံးနေရင်း "ဆရာ့ ဝဏ္ဏပဘာက သိပ်လှတယ်၊ စပယ်က လှမှ မလှဘဲ" ဟု ပြောနေသည်။

"ကလေးက လှပါတယ်" ဟု ဆရာက ရယ်မောသံဖြင့် ပြောသည်။

သူ့ကိုယ့်လုံးကလေးမှာ ကဟန်ဖြင့် ညွတ်နွဲ့နေသည်။ ဆရာသည် သူ့ မျက်နှာကလေးကို သည်တစ်ခါ စူးစိုက်ကြည့်မိသည်။ ဆိုသလောက်မလှ လှသည်ဟု မပြောသာ ဟု တွေးမိသည်။

"လှတယ်ဆိုတာကို မင်းဘယ်လိုနားလည်သလဲ၊ လှတယ်ဆိုတာ ဘာကို ခေါ်တာလဲ။ ဆရာ ထင်တာတော့ အလှဓာတ်ဆိုတာ အများရဲ့ စိတ်နှလုံးအာရုံကို ဖွဲ့နေအောင် ဆောင်ထားတတ်တာမျိုးကို ခေါ်မှာပဲလို့ ထင်တယ်၊ ကဲ... မင်းကို ဆိုပါစို့ကွယ်၊ မင်းကို သာမန်ကြည့်ရင် လှတယ်လို့ လူတိုင်းက ပြောချင်မှပြောမယ်၊ ဒါပေမဲ့ ခြုံကြည့်ရင်တော့ ပြုစားဖမ်းစားတတ်တဲ့ ခွန်အားရှိတယ်ဆိုတာ ဝန်ခံသွားကြရမှာပဲ၊ "ပြုစားတတ်တဲ့ ဝိညာဉ်" ရှိတယ်ဆိုတာပေါ့လေ။ ဘာပြုလို့လဲ ဆိုရင် မင်း ကလိုက်ရင် ပရိသတ်ကို ညှို့ယူသွားနိုင်တယ်။ ပရိသတ်က အလှဆိုတာကို ဘာမှမသိဘဲနဲ့ သိပ်လှပါလားလို့ ခံစားနေရမယ်၊ ဥပမာ မင်း သီချင်းတစ်ပုဒ်ပုဒ် ဆိုလိုက်ရင် မင်း ပင်ကိုရုပ်ဟာ ပျောက်သွားတယ်၊ မင်းရုပ်ဟာ လှတဲ့ ရုပ်တုအနုပညာပစ္စည်းတစ်ခု အလိုလိုဖြစ်လာတယ်၊ ဝဏ္ဏပဘာလည်း ဖြစ်နိုင်တယ်၊

mgyoe.com

mgyoe.com


ပပဝတီလည်း ဖြစ်လာနိုင်တယ်၊ မင်းလုပ်ရင် သရုပ်မဆောင်နိုင်တဲ့ မတူနိုင်တဲ့ အလှဆိုတာ မရှိနိုင်တော့ဘူးလို့ ဆရာယုံနေတယ်။

ဆရာသည် သူ့ကို မကြည့်ဘဲ အနုသဘင်၏ အစီအစဉ်များကို စိတ်တက်ကြွစွာ ပြောနေမိသည်။ မစပယ်သည်လည်း အနေအထိုင်ရခက်နေသလို ကြွေပန်းကန်ထဲ၌ ပန်းများကို ထည့်နေသည်။ ခွေးခြေကိုယူပြီး ဆရာ့ ခြေရင်းဘက်၌ ထိုင်တော့မလို မထိုင်သေးဘူးလို လုပ်နေသည်။ ရှက်ဟန်ဖြင့် မျက်နှာ နီမြန်းနေသည်။ မျက်လုံးများကား ပိုမိုတောက်ပလာသည်။

"ဆရာက ဒီအစီအစဉ်တွေ အတိုင်းတောင် လုပ်မနေချင်တော့ဘူး၊ ခုချက်ချင်းပဲ ဇာတ်စင်ပေါ် တက်ရုပ်ပစ်ချင်လာတယ်"

"စပယ်တို့ တွဲရမှာ ဇာတ်သဘင်နယ်ထဲက လူဟောင်းတွေချည့်ပဲနော် ဆရာ"

ဆရာသည် မိန်းကလေး၏ ရင်ခုန်နေမှုကို မြင်တွေ့နေရ၏။ သူမ၏ မျက်နှာပေါ်မှ အပြုံးများမှာ ရင်ခုန်နေသောကြောင့် မပီမသနိုင်လည်း ဖြစ်နေသည်။

"ကလေးက ကြောက်နေလို့လား"

"ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြတာပဲကွယ်၊ ကိုယ့်ခွင် ကိုယ်ပိုင်ဖို့ ကိုယ့်ပရိသတ်ကို ကိုယ်ထိန်းထားနိုင်ဖို့၊ ဒါပေမဲ့ သူတို့နဲ့တော့ မတူတာတွေ အများကြီး တွေ့လာရ ကြုံလာရမှာပေါ့ကွယ်၊ သူတို့နဲ့ ဆရာတို့နဲ့ အနေအထိုင်ချင်းလည်း မတူနိုင်ဘူး၊ အကျင့် စရိုက်ချင်းလည်း မတူနိုင်ကြဘူး၊ အလေ့ စရိုက်ချင်းလည်း မတူနိုင်ကြဘူး၊ အလေ့အထလည်း တခြားစီ၊ ဆရာတို့ စိတ်လည်း ညစ်ကြရမယ်၊ တစ်ခါတစ်ရံ ဇာတ်က ထွက်ပြေးချင်လာအောင် စိတ်ညစ်လာကြရမယ်၊ သူတို့ကို အားမလို အားမရလည်း ဖြစ်ရဦးမယ်၊ သူတို့ကို စာပေဆိုတာ ဖတ်ရ ကောင်းမှန်း သိလာကြအောင်ပဲ အတော်ကို ကြိုးပမ်းရဦးမယ်၊ အရေးကြီးဆုံးက မြန်မာ့သဘင်မှု တန်ဖိုးကို သူတို့ နားလည်လာအောင် လုပ်ရဦးမယ်၊ ဒါတွေ ဩ့ာက်တွေးနေရင်တော့ လူကို မောနေတာပဲ၊ တွေးလို့ကို မဆုံးနိုင်ဘူး၊ အများကြီးပဲ၊ ဦးကြာယုံကြီး ကိုတော့ ဆရာ အစကထဲက လေးစားတယ်၊ သဘင်အပေါ်မှာ အလေးအနက် ရှိတာဆိုလို့ သူတစ်ယောက်တည်းလောက် ရှိတာကိုး၊ ပြီးတော့ သူတို့ထဲမှာ အုပ်စုဖွဲ့ပြီး ဝိုင်းတိုက်ကြဦးမှာတွေလည်း ရှိလာရမှာပဲ၊ မင်းကို ကျောင်းသူလူထွက် ကလေးလို့ တွက်ပြီး အထင်သေးလာကြဦးမယ်၊ ဇာတ်ရှုပ်တယ်ဆိုတဲ့ စကား မင်းကြားဖူးသလား"

ထိုညနေက စပယ်သည် အတော်နှင့် မပြန်ဖြစ်ပေ။ မိုးချုပ်ခါနီးမှ သူ့ကို ပြန်ရန်

mgyoe.com

mgyoe.com


တိုက်တွန်း လွှတ်လိုက်ရသည်။ သူပြန်သွားပြီး အတော်ကြာအထိ ဆရာသည် စိတ်လှုပ်ရှားနေခဲ့၏။ အနုသဘင်အဖွဲ့ကြီးအတွင်းတွင် ကြုံတွေ့ရမည်များကို ကြိုတင်ကာ တွေးဆနေမိလေသည်။ စပယ်ရနံ့ သင်းပျံ့နေသော ဆေးရုံ သီးသန့်ခန်းကလေးမှာ တိတ်ဆိတ်ငြိမ်သက် ကျန်ရစ်ခဲ့သည်။ ဆရာမလေး တစ်ပတ်လာပြီး ဆေးထိုးပြန်သွားပြီးနောက် ညမှာမှောင်လာသည်။ အပြင်ဘက်၌ နွေနှောင်း မိုးဖွဲများ ရွာချနေသည်။ မှန်တံခါးတွင် မိုးရေများ စီးကျလာနေသည်။ ငြိမ်သက်နေသော ဆေးရုံခန်းမှာမူ တဖြည်းဖြည်း ပြန်လည်ကာ သွေ့ယောင်းလာ နေပြန်ပြီ ဟူ၍ ဆရာ့စိတ်၌ ထင်နေတွေးနေမိပြန်သည်။

●

mgyoe.com

mgyoe.com

အလုပ်ထွက်ခွင့် အမိန့်စာကျသည့်နေ့က ဆရာ့ စိတ်ထဲတွင် ပြင်းထန်စွာ လှုပ်ရှားနေခဲ့သည်။ အနုပညာသည် တစ်ဦး၏ လွတ်လပ်ခွင့်ကို အရယူပြီး ဖြစ်၍ ပီတိလည်း ဖြစ်ခဲ့ရသည်။ အနုပညာလောကကား ဖြတ်သန်း ပျံသန်းရန် အတွက် ကျယ်ပြောလှပေသည်။ သူသည် အေးဆေးငြိမ်သက်စွာ မပူမပင် နေရသည့် ကျောင်းဆရာဘဝမှ ဟိုဘက်ကမ်းရှိ ပူပင်မှုများဖြင့် ရောထွေး လှုပ်ရှားနေရသော အနုပညာသည် ဘဝကို ခုန်ကူးလိုက်သည်။

အနုပညာလမ်းပေါ်၌ လျှောက်ရန်အတွက် သူ၏ အခွံကလေးအတွင်းမှ အပြင်သို့ ထွက်ပြူကြည့်လိုက်သောအခါ နှလုံးသားထဲတွင် ခိုအောင်းနေခဲ့သော စိုးရိမ်စိတ်နှင့် ကြောက်ရွံ့စိတ်များသည်လည်း ငြိမ်နေရာမှ လှုပ်ရှားလာကြသည်။

အနုပညာသည်တို့၏ လမ်းသည် ရေရာမှုမရှိနိုင်ပေ။ ဘယ်အခါတွင် မဆို လူးလွန့် လှုပ်ရှားနေသည်။ ခလုတ်ကန်သင်းတို့ဖြင့် ပြည့်နှက်နေမည်။ မှောင်ပိန်းနေသော လမ်းမကြီး တစ်ခုနှင့်လည်း တူနေမည်။ ရံဖန်ရံခါ၌ ကြယ်ရောင် ကလေးများ ပြိုးပြိုးပြက်ပြက် လက်လာတတ်သော်လည်း ချက်ချင်း ပျောက်ကွယ် သွားကာ အမှောင်ထုကြီးသာလျှင် သိပ်သည်းစွာ ပိတ်ဆိုင်းလာပြန်သည်။

ထိုနေ့က ဆရာသည် ကျောင်းအုပ်ကြီးရုံးခန်းမှ ထွက်လာခဲ့ပြီး အဆင်း လှေကား၌ ခြေတစ်လှမ်းရွေ့လျား တစ်ထစ်နင်းလိုက်တိုင်း ကမ္ဘာသစ်တစ်ခုသို့ ထွက်ခွာလာခဲ့သလို စိတ်၌ ထင်လာသည်။ ဆရာသည် လုပ်ဖော်ကိုင်ဘက် ကျောင်းဆရာ ဆရာမများကို ရင်းနှီးစွာ နှုတ်ဆက်ခဲ့ပြီး ဖြစ်၏။ ဆရာ

mgyoe.com

mgyoe.com


လှည့်ထွက်လာသောအခါ သူတို့သည် ငေးကျန်ရစ်ခဲ့၏။ ဆရာ့ ကျောပြင်ကို နောက်မှနေ၍ ကြည့်နေကြလိမ့်မည်။ ကျောင်းအုပ်ကြီး၏ သက်ပြင်းချသံမှာ ဆရာနှင့်အတူ လိုက်ပါလာသည်ဟု စိတ်ကထင်နေသည်။ သူတို့သည် သူ့ကို အရူးဟု ဆိုကြမလား။ ဆိုကြလျှင်လည်း ထိုစကားမှာ လေးနက်စွာ မှန်ကန်ပေသည်။

ကျောင်းဝင်းထဲ၌ ကျောင်းမတက်သေးသဖြင့် ကျောင်းသားများ ဆူညံစွာ လှုပ်ရှားနေသည်။ ကျောင်းအုပ်ကြီး ရုံးခန်းရှေ့မှ စက်ဘီးများ ဖြတ်သန်းနင်း သွားလေသည်။ ဟိုဘက် သိပ္ပံ၊ ဓာတုဗေဒ အခန်းတံခါးကို ကျောင်းဆရာ ဦးအောင်မြတ် ဖွင့်နေသည်။ ဆရာသည် သူပိုင် အတန်းဘက်သို့ လှေကားမှ ကြည့်သည်။ ရင်းနှီးပွန်းတီးသော ကျောင်းသား ကျောင်းသူကလေးများ၏ ငယ်နုသစ်လွင်သည့် မျက်နှာကလေးများမှာ လန်းဆန်းနေကြသည်။ ကျောင်းခန်းရှေ့၌ ကျောင်းသားကြီး သုံးယောက်၏ ရယ်မောသံ ပျံ့လွင့်လာသည်။

"ကျောင်းဆရာဘဝကတော့ အေးငြိမ်းတာအမှန်ပဲ" ဟု တွေးနေမိသည်။ ကျောင်းဝင်းထဲ၌ မိုးဖွဲမိုးမှုန်ကလေးများ ကျလာသည်။ ဆရာသည် အောက်ဆုံး လှေကားထစ်၌ ခဏမျှ တွေရပ်ပြီး သူ့ ကျောင်းသူ၊ ကျောင်းသား တပည့်များကို နှုတ်ဆက်ရန် အမှတ်ရသွားသည်။ ကျောင်းသားအများစုမှာ ကျောင်းကပွဲများ စီစဉ်သော ဆရာ့ကို ခင်မင်ရင်းနှီးကြသည်။ ဆရာသည် မိုးရွာထဲ၌ ဖြတ်လျှောက်ပြီး သူ့ အတန်းရှေ့၌ ရပ်လိုက်လေသည်။

အတန်းရှေ့၌ ဝိုင်းဝန်း နှုတ်ဆက်သံများ ထွက်လာသည်။ ဆရာသည် လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်နေမိ၏။ အတန်းရှေ့ စင်္ကြံတွင် ဆရာ့ ဘေး၌ ကျောင်းသား၊ ကျောင်းသူများ ဝိုင်းဝိုင်းလည်နေသည်။ ထိုအချိန်မှာပင် ကျောင်းဝင်းထဲသို့ ဘိုင်စကယ် စီးဝင်လာသော ကျောင်းသားတစ်ယောက်ကို လှမ်းမြင်တွေ့ရသည်။ ထိုကျောင်းသားသည် စင်္ကြံရှေ့ထိ ဘိုင်စကယ်စီးလာပြီး သွက်လက် ဖျတ်လတ်စွာ ခုန်ဆင်းလိုက်သည်။ ဆရာ့ဘက်ကို ဖျတ်ခနဲတစ်ချက် လှမ်းကြည့်လိုက်သည်။

သူသည် ဖြူဖြူသွယ်သွယ် ကျောင်းသားကလေး ဖြစ်၏။ ကျောင်းတွင် ပညာရေး၌ ထူးချွန်သည်။ သစ်တော အရေးပိုင်ဟောင်းနှင့် သစ်စက်ပိုင်ရှင် ဦးမောင်မောင်ဖေ၏ တစ်ဦးတည်းသော သားဖြစ်သဖြင့် ကျောင်း၌ ထင်ပေါ် ကျော်ကြားသူဖြစ်သည်။

သူသည် ဆရာ့ကို တစ်ချက် လှမ်းကြည့်လိုက်ပြီး မျက်နှာပျက်သွားလေသည်။

mgyoe.com

mgyoe.com


အတန်းဘက်သို့ နောက်ပေါက်မှ ဝင်ရပ်လိုက်သည်။

ဆရာလှည့်ထွက်သွားမည်အပြုတွင်........

"ကိုယ့်ဘာသာကိုယ် ဘာလုပ်လုပ် အရေးမကြီးဘူး၊ ရိုးရိုးသားသားနေတဲ့ ကျောင်းသူတစ်ယောက်ကိုတော့ ဖျက်ဆီးသွားဖို့ မကောင်းဘူး"ဟု သူ၏ ပြောချလိုက်သံကို ကြားရလေသည်။

ဆရာ လှမ်းကြည့်လိုက်သောအခါတွင် သူသည် ဆရာ့ကို ကျောပေးလိုက်၏။

သူနှင့်တွဲဖက်၍ ကျောင်းသားတစ်ဦးက........

"ဟုတ်တယ် ..... ဖျက်ဆီးဖို့ မကောင်းဘူး" ဟု ထောက်ပေးသည်။

ဆရာသည် ခဏမျှ အံ့အားသင့် တွေနေမိသည်။ ရုတ်တရက် ဒေါသ ဖြစ်မိသော်လည်း သူ့စိတ်ကို သူပြန်၍ ထိန်းချုပ်ထားလိုက်ရသည်။ တုဖက်၍ ဖြစ်နေရလျှင် မိမိ သိက္ခာပိုမို ကျဆင်းသွားမည်ကို သတိထားမိသည်။ ဆရာသည် မျက်နှာမပျက်စေရန် သတိထားလျက် အတန်းရှေ့ စင်္ကြံမှ လှည့်ထွက်လာခဲ့သည်။

နောက်ဘက်အတန်းထဲမှ "မင်း .... ဒီလိုတော့ ပြောဖို့မကောင်းပါဘူး မင်းဆွေ" ဟု ကျောင်းသားကြီးတစ်ယောက်၏ ပြောနေသံလည်း ကြားရသည်။

"ဘာမကောင်းတာလဲကွ၊ ခဲနဲ့ပေါက် မထုတ်လို့ မကောင်းတာလား၊ သူ့ဘာသာသူ ခေါင်းလုပ်စားတာ အရေးမကြီးဘူး၊ ကျောင်းသူကလေး တစ်ယောက်ကို ဖျက်ဆီးသွားတာတော့ ကောင်းသလား၊ ဈေးအစ ... ဇာတ်အလယ်... ဖာအဆုံး"

"ဟော့ကောင် တော်၊ တော်ကွာ"

"ကဲ ...... မတော်ဘူးဆိုတော့ မင်းဘာလုပ်မလဲ၊ လုပ်ချင်လို့လဲ။ မင်း ကိုကြော့ဝေက ဆရာလား၊ ဘာဆရာလဲ"

ဆရာသည် မိုးဖွဲများကြား၌ အေးဆေးတည်ငြိမ်စွာ လျှောက်ထွက်လာခဲ့သည်။ အော်ဟစ်ပုတ်ခတ်နေသော မောင်မင်းဆွေ၏ အသံသည် ကျောင်းရှေ့သို့ ရောက်လာနေသည်။ ကျောပြင်ကို နောက်မှ မျက်လုံးပေါင်းများစွာ ဝိုင်းဝန်းကြည့်ရှုကာ ရှုတ်ချကြမည်ကို ယခုမှ တွေးလိုက်မိသောအခါ ဆရာသည် ရင်ထဲတွင် ဆတ်ဆတ်ခါမျှ နာကျင်မိသည်။ စိတ်ကိုသာ မချုပ်တည်းလိုက်နိုင်လျှင် မောင်မင်းဆွေကို ရက်ရက်စက်စက် ရိုက်နှက် ထိုးကြိတ်ပစ်လိုက်မိမည်။ ထိုကဲ့သို့ ပြုလုပ်သင့်သည်လည်း အမှန်ဖြစ်၏။ မလုပ်ခဲ့မိဘဲ အရှုံးပေးသလို အေးအေး ဆေးဆေး သည်းခံကာ ထွက်လာမိသည့် စိတ်ကို ပြန်၍ နားမလည်နိုင်အောင်လည်း

mgyoe.com

mgyoe.com


ဖြစ်နေရသည်။ မောင်မင်းဆွေ၏ ရင့်သီးသော စကားလုံးများ၊ ရွံမုန်းသော အသံများသည် နားထဲမှ မထွက်နိုင်တော့ပေ။

ဆရာ့ မျက်နှာ၌ မိုးရေစက်များမှန်နေသည်။ မိုးသည်ပို၍ မည်းညို့လာ၏။ ကျောင်းဝင်းမှ အထွက်တွင် ဝေါခနဲ သွန်းရွာချလိုက်လေသည်။ ထိုအခါ ကျောင်းအုပ်ဆရာကြီး ရုံးခန်းအတွင်း၌ ထီး ကျန်ရစ်နေခဲ့သည်ကို သတိရမိသည်။ သည်းထန်မာန်ပြင်းသော မိုးထဲ၌ သည်အတိုင်းဆက်၍ လျှောက်လာခဲ့သည်။ ကျောင်းဝင်းမှ ထွက်လိုက်ပြီး ကျောင်းဥပစာ ဆိုင်းဘုတ်ကြီးကို ကျော်လိုက်မိမှ သက်ပြင်းချလိုက်မိသည်။ လမ်းပေါ်သို့ ရောက်လျှင် မမြင်ရတော့ပေ။ ကျောင်းနှင့် ဆရာ့ ကြား၌ မိုးများဖြင့် ဆီးကာပြီးသားဖြစ်နေသည်။ ဆရာသည် အပြင်ဘက် လမ်းမကြီးဘေး၌ လျှောက်နေသောအခါ စောစောက ပေါက်ကွဲလုမတတ် ဖြစ်ကုန်သည့် ဒေါသများ ပြယ်လိုက်လာပြီး ထိုနေရာတွင် ဝမ်းနည်းစိတ်များ အစားထိုးဝင်လာလေသည်။

သူသည် ကျောင်းသားအများ လေးစားချစ်ခင်သည့် ကျောင်းဆရာတစ်ဦး မဟုတ်နိုင်တော့ပေ။ သူသည် သဘင်သည် တစ်ဦးဘဝသို့ ပြောင်းခဲ့လေပြီ။

ရတနာလမ်းသို့ ရောက်လျှင် မစပယ်တို့ အိမ်ဘက်ဝင်ရန် စိတ်ကူးခဲ့သော်လည်း ဝင်ရောက်ချင်စိတ်မရှိတော့ပေ။ ဆရာသည် သူဖြစ်ခဲ့ရသည်တို့ကို မစပယ်အား အသိမပေးသင့်ဟု တွေးလိုက်သည်။ မစပယ်သည် ကိုးတန်းအောင်ပြီးသည့်နှစ် ကျောင်းဆက်မတက်ဘဲ ထွက်နေခဲ့၏။ ကျောင်းဖွင့်ပွဲ၌မူ မစပယ် ပါဝင်ခဲ့သေးသည်။

အေးရိပ်ငြိမ်သို့ ရောက်သည့်တိုင်အောင် မိုးသည်ဝုန်းဒိုင်း ကြဲပက်ကာ ရွာသွန်းနေဆဲဖြစ်သည်။ ဆရာသည် အိမ်ထဲဝင်လိုက်ပြီး တံခါးများအားလုံး ပိတ်ပစ်လိုက်၏။ ဤအချိန်၌ မည်သူနှင့်မျှ မတွေ့ဆုံလိုပေ။ တစ်ဦးဦး တစ်ယောက်ယောက် အိမ်သို့ လာလည်မည်ကို စိုးရိမ်နေသည်။ မည်သူမျှမလာသဖြင့် စိတ်သက်သာရာ ရနေသေးသည်။

ဆရာသည် ပန်းချီကားကြီးသုံးချပ်ရှေ့၌ အကြာကြီးရပ်ကြည့်နေမိသည်။ ဖေဖေ၏ စုတ်ချက်လက်ရာများကို မြင်နေရသောအခါ၌ စိတ်ဆောက်တည်ရာ ရနေသလိုလည်း ဖြစ်လာသည်။ အတော်ကြာ၍ စိတ်ငြိမ်သက်စပြုမှ စာအုပ်ဗီရိုကို ဖွင့်ကာ စာဖတ်ရန် ကြိုးပမ်းကြည့်သည်။ စာလုံးများကို မြင်နေရသော်လည်း ဘာဆိုလိုသည်ကို ကြိုးစားကြည့်၍ပင် မရနိုင်အောင် ဖြစ်နေသဖြင့် စာအုပ်ကို

mgyoe.com

mgyoe.com


ပိတ်ထားလိုက်ရသည်။ သူသည် စောင်းကိုတင်ထားရာမှ ယူလိုက်ပြီး အုပ်ထားသော ကတ္တီပါအစွပ်ကို ဖြုတ်လိုက်ပြီး စောင်းကို လက်ဖြင့် ထိကြည့်ရန်ပင် စိတ်မပါနိုင်သဖြင့် အားလျှော့လိုက်ကာ သက်ပြင်းချ လိုက်မိပြန်သည်။ အိပ်ခန်းဘက်သို့ လျှောက်သွားပြန်ကာ အိပ်ရာထဲဝင်ပြီးမှ အိပ်မရနိုင်လွန်းသဖြင့် ဧည့်ခန်းသို့ ဆင်းသက်လာရပြန်သည်။ လမ်းလျှောက်နေရင်း စိတ်ကုန်ခန်းနွမ်းနယ်လာသဖြင့် ကုလားထိုင်၌ ပစ်ထိုင်ချလိုက်မိသည်။

မောင်မင်းဆွေ၏ စကားသံကို ကြားနေရ၏။ အချိန်အတန်ကြာသောအခါ မောင်မင်းဆွေ အပေါ်၌ ဒေါသမဖြစ်နိုင်တော့ဘဲ အေးစက်တည်ငြိမ်လာသည်။ မောင်မင်းဆွေကိုချည်း အပြစ်တင်၍ မရနိုင်ပေ။ သူတစ်ယောက်တည်းကသာ ဤအမြင်မျိုး မြင်သည် မဟုတ်နိုင်။ မြန်မာပြည်သူပြည်သားများ ရာစုမှာ သဘင်သည်များကို ထိုအတိုင်း "ချေးအစ ... ဓာတ်အလယ် ... ဖာအဆုံး" ဟု မြင်နေရသည်။ ပြည်သူကို အပြစ်တင်၍လည်း မရနိုင်ပြန်ပေ။

ဆရာသည် ကုလားထိုင်ပေါ်၌ ထိုင်နေရင်း အဖော်တစ်ဦးဦးနှင့် စကားပြောနေရလျှင် စိတ်တည်ငြိမ်လာနိုင်သည်ဟု တွေးမိပြန်ကာ အဖော်ကင်းမဲ့ တိတ်ဆိတ်နေမှုကို မနှစ်သက်တော့ပေ။

"ဟုတ်တယ်....ဒါကို ပြည်သူ့အပေါ် ပုံချလို့တော့ မရနိုင်ဘူး" ရင်ထဲတွင် တနုန့်နုန့် ဖြစ်လာသည်။ ဒေါသလား၊ နာကြည်းမှုလား၊ ရှုပ်ထွေးနေမှုလား ခွဲခြား၍လည်း မရနိုင်ပေ။ မည်သို့ကို ဒေါသဖြစ်ရမည်နည်း။

စင်စစ်၌ သဘင်သည်များရာစု၏ ကိုယ့်တန်ဖိုး ကိုယ်မသိမှုကြောင့် သဘင်သည်တို့၏ အဆင့်အတန်းမှာ နိမ့်လျော့သွားခဲ့ရပေသည်။ သူတို့သည် အသိပညာ ခေါင်းပါးလှ၏။ ခြုံကြည့်လျှင် စာပေဖတ်ကြားရကောင်းမှန်း သိနိုင်သူပင် အလွန်နည်းပါးသည်။ အနုပညာ၌ စာမေးပွဲဟူ၍ မရှိနိုင်ပေရာ။ အောင်လက်မှတ်အရည်အချင်း မစစ်ဆေးနိုင်သဖြင့် သဘင်နယ်တွင် အုတ်အရောရောကျောက်အရောရော အနုပညာသည်ဟူ၍ အမည်ခံယူကြ၏။ သူတို့ကို ပရိသတ်က မကြိုက်နိုင်သောအခါ၌ ကယောင်ကတမ်းဖြင့် လုပ်မိလုပ်ရာများ လုပ်ပြကြရသည်။

"မိဘများ မြှောက်စားမှ တောက်ကြွားရမယ့်သားပါ"

"ဖေဖေ မေမေ ကိုကို မမ တို့ ကျွေးတဲ့ ထမင်းကလေး တစ်လုတ်ကို စားနေရပါတယ်"

mgyoe.com

m.gyoe.com


"ဝမ်းရေးအတွက်ကြောင့် အဆင်မသင့်လို့ စင်မြင့်ပေါ်က က ရပါတယ်"

အငြိမ့်စင်များပေါ်တွင် ထဘီချွတ်ကာ ခုနစ်လွှာအက၊ ဘောလုံးကန် အက၊ ရေကူးကန်အက၊ တဟီဟီအော်ပရာ ဒါတွေကို လုပ်လိုက်ကြလေသည်။ ကုလားက ဟူ၍ မြန်မာ့ဇာတ်စင်ပေါ်တင်ကာ ရင်သား တင်သား လှုပ်ပြကြရရှာသည်။ မြန်မာ့ဇာတ်စင်ပေါ်၌ ဒန့်စ်ကို ဘောင်းဘီတင်ကျပ် ဝတ်ကာ တင်ပြကြရရှာသည်။

သူတို့သည် ထိုလွဲမှားသော စိတ်ထားများဖြင့်ပင် ဇာတ်ခုံပေါ်မှဆင်းကာ အပြင် လောကကို တိုးဝင်သောအခါ ပြည်သူကအထင်သေးစွာဖြင့် "ဈေးအစ... ဇာတ် အလယ်" ဟု သူတို့၏ အမြင်ကို ဖော်ပြကြလေသည်။

"ဇာတ်သမဆိုရင် မကောင်းတော့ဘူး....၊ မိန်းမကောင်း မဟုတ်နိုင်တော့ဘူး"

ဆရာသည် ဖေဖေရေးခဲ့သည့် ပန်းချီကားကြီး သုံးချပ်ကို ငေးကြည့်နေရင်း ရင်ထဲတွင် ဆို့လာ နေမိသည်။ မေမေ၏ မျက်လုံးများမှာ ညှို့ရီဝေနေသည်။ မေမေ၏ မျက်နှာပေါ်မှ အပြုံးမှာ ပွင့်လန်းနေသည်။

"ဟုတ်တယ် မေမေ .... ဇာတ်သမဆိုရင် မကောင်းတော့ဘူးလို့ သူတို့ မြင်လာ ကြတာပဲ"

စင်စစ်တွင် အနုပညာဆိုသည်မှာ "ညှို့ယူ ဖမ်းစားတတ်သော အလှတရား" ဖြစ်သည်ဟု ဆရာထင်သည်။ ညှို့ယူဖမ်းစားသော အလှတရားသည် ကာမဂုဏ် ဟူ၍ မဟုတ်နိုင်တော့ပေ။ ကာမဂုဏ်ဖြင့် ဖမ်းစား ညှို့ယူခြင်းသည်လည်း အနုပညာ မဟုတ်နိုင်ပေ။ ရုံဖန်ရုံခါ၌ သူတို့နှစ်ခုမှာ ရောထွေးရှုပ်ထွေး သွားတတ်၏။ သဘင်သည်တစ်ဦး ဆောက်တည်ခံယူထားရမည့် အနုပညာမှာ အခြား အနုပညာထက်များစွာ ပို၍ ခက်ခဲတတ်၏။ သူသည် လူကိုယ်တိုင်ကို အနုပညာ ပစ္စည်းဖြစ်အောင် ဖန်ဆင်းယူနေရ၏။ ထိုလူကိုယ်တိုင် ဖြစ်သော သူ့အပေါ်၌ ပရိသတ်စိတ်နှလုံး ညွတ်နူးသွားအောင် ဖမ်းစားယူနေရ၏။ သူသည် အနုပညာ အလှဖြင့် မဟုတ်ဘဲ လူကိုယ်တိုင်၏ ကာမဖြင့် ဖမ်းစားညှို့ယူလိုက်မိသည်နှင့် တစ်ပြိုင်နက် ပြည့်တန်ဆာအသွင်သို့ ပြောင်းလဲသွားပေတော့သည်။

ထိုအထဲတွင် "ထမင်းတစ်လုတ်အတွက် အဆင်မသင့်လို့ စင်မြင့်ပေါ် တက်ရပါတယ်" ဟူသည့် စိတ်မျိုးဖြစ်လာလျှင် သူ၏ အသံမှာ ဈေးခေါ်သံအဖြစ်သို့ ရောက်ရှိသွားပေတော့မည်။

ဆရာသည် မောင်မင်းဆွေ၏ စကားသံကို စိတ်ထဲမှာ ဖျောက်ဖျက်ပစ်၍ မရနိုင်သေးပေ။ ဆရာ၏ အဘိုးကိုယ်တိုင်ပင် မေမေ့ကို ချွေးမအဖြစ်ဖြင့် အသိအမှတ်

m.gyoe.com

mgyoe.com


မပြုခဲ့ပေ။ အဘိုးသည် တစ်ဦးတည်းသော သားဖြစ်သူကို စွန့်ပစ်လိုက်လေသည်။

"ဖူးခေါင်.... မင့်ဟာမနဲ့ ဘယ်မှာနေနေ၊ ဘာဖြစ်နေနေ ငါဘာမှ မကြားချင်ဘူး၊ ငါ့ဆီ ဘယ်တော့မှ မလာခဲ့နဲ့" ဟု အဘိုးထံမှ စာရသောအခါ မေမေသည်လည်း သည်းထန်စွာ ငိုကျွေးခဲ့ရသည်။ မေမေ၏ မျက်ရည်သည်လည်း မခန်းခြောက်နိုင်ဟု ထင်ရသည်။ ထိုမျက်ရည်ချောင်းသည် မေမေ့နာမည် "စပယ်ရုံ"ကို ဆက်၍ ခံယူလိုက်သည့် "မြစပယ်ရုံ" ထံမှ စီးကျရမည့် မျက်ရည်များကို အစဉ်အဆက် ဆက်ခံသူများလည်း တွေ့ရှိကြကာ သူတို့၏ နှလုံးကြေကွဲသော မျက်ရည်များနှင့် စုစည်းပေါင်းစပ်ယူကြရလိမ့်မည်။

ပြတင်း၌ မိုးရေများစီးကျနေသည်။ အတော်ကြာမှ မိုးသည် ရပ်သွား၏။ ပြီးပြန်၍ ရွာလာပြန်သည်။ ဆရာသည် စောင်းကို ကြိုးစား၍ တီးကြည့်လိုက်၏။ အနုသဘင်၏ ရှေ့ခရီးစဉ်ကို မျှော်တွေးကြည့်နေရင်း စိတ်ကို အလုပ်ပေးထားလိုက်သည်။

ညနေဆည်းဆာ၌မူ နေရောင်ခြည် သန်းလာပြန်သည်။ ဆရာသည် ပြတင်းများကို အားလုံး ဖွင့်ကာ အပြင်သွားရန် စိတ်ကူးကြည့်လိုက်သည်။ မစပယ်နှင့် သွားရောက်တွေ့ဆုံ နှုတ်ဆက်ရန် တွေးလိုက်လျှင် မောင်မင်းဆွေ၏ စကားများကို သတိပြန်လည်လာပြန်သည်။ သည်နေ့ မစပယ်ထံသို့ မသွားတော့ရန် အပြီးအပိုင် ဆုံးဖြတ်လိုက်သည်။

ညအိပ်ရာထဲ ရောက်သည့်တိုင်အောင် ကျောင်း၌ တွေ့ကြုံရသော အဖြစ်မှာ ဂယက်ရိုက်ခတ်လျက်ရှိသည်။ အိပ်ရာထဲ၌ ငြိမ်သက်နေရင်း အိမ်ရှေ့ဘက်မှ မင်းဘောပင်များ လေတိုးဝှေ့သံကို ကြားနေရသည်။ တိတ်ဆိတ်ငြိမ်သက်မှုမှာ နက်ရှိုင်းလှပေသည်။ ခေါင်းရင်းပြတင်းဝမှ ကြယ်ရောင်ကလေးများ၏ အားသေး မှေးမှိန်လှသော အရောင်သည် ဖြူဖွေးသော အိပ်ရာပေါ်သို့ လာ၍ ထိတွေ့နေသည်။ ကောင်းကင်၌ မိုးသားကင်းစင် ကြည်လင်နေသည်။

"ဇာတ်စင်နံဘေးက ပြေးခဲ့ပါ၊ ပြေးခဲ့ပါတော့ရှင်၊ မျှော်သူ၊ မျှော်သူ..... မျှော်သူ......မလာရင် ပေါ်ပေါ်လာနိုး"

အငြိမ့်မင်းသမီးကလေး တစ်လက်၏ ဇာတ်ခုံပေါ်မှ ညည်းသံကို ဆရာ့ နားထဲ၌ ကြားယောင်နေသည်။ သူသည် ချာလည်လှည့်ကာ တင်သားများကို တဆတ်ဆတ် လှုပ်ပြ၏။ မြူဆွကာ ဝိုင်းပြ၏။ လှုပ်ပြ၏။ မျက်လုံးကို ချာလည် လှည့်ကာ ဝိုင်းပြသည်။

mgyoe.com

mgyoe.com


"ဒီဘက်ကိုလှည့်ပြပါဦးဗျို့၊ ဒီဘက်ကို လှည့်ပြပါဦး"

အစ်ကိုကာလသားများ၏ ရမ္မက်ဆူပွက်နေသော အသံသည် မင်းဘောရှက်ချင်းခတ်သံနှင့် ရောထွေးနေသည်။ ရမ္မက်ပြပွဲကြီး၊ ဖော်ချွတ်လှုပ် ပြပွဲကြီး၊ ထိုအဆင့်မှာ သဘင်သည်တို့ ဆင်းသက်ရမည့် နေရာမဟုတ်ပေ။

ပြဇာတ်တို့၏ ဖခင်ကြီး ဘာရတမုနိသည် သူ၏ ပထမဆုံး ပြဇာတ် "အလံတော်" တွင်.......

**အမျိုးမျိုးသောဘာဝတို့နှင့် ယှဉ်၍ အဆင့်အတန်း အမျိုးမျိုး ရှိသော လူတို့နှင့် ဆက်စပ်နေသည့် ဤပြဇာတ်သည်ကို ပဥ္စမဒေဝအဖြစ် ငါစီရင်ခဲ့သည်။ ဤပြဇာတ်သည် အယုတ် အလတ်အမြတ် ဖြစ်သော လူတို့၏ ကိစ္စပေါ်တွင်တည်ကာ လူတို့၏ အကျိုးစီးပွား၊ ဥပဒေသ၊ သမာဓိ၊ စိတ်ပျော်ရွှင်ချမ်းမြေ့ မှုနှင့် ချမ်းသာသုခကို ပေးလိမ့်မည်။**

အနုပညာသည်ကြီးသည် ဤသို့ ရဲရင့်စွာ ကြွေးကြော်ခဲ့၏။ သူသည် ဗြာဟ္မဏတို့၏ ဝေဒကျမ်းကြီးလေးကျမ်းနှင့်အတူ သူ၏ ပြဇာတ်အား ပဥ္စမဒေဝ အဖြစ်ဖြင့် သွတ်သွင်းခဲ့သည်။

အဘယ်ကြောင့်ဆိုလျှင် သူ၏ ပြဇာတ်များ၌ .....

**ဣရုဝေဒမှ စကားပြေ**
**သာမဝေဒမှ တေးဂီတ**
**ယဇုဝေဒမှ အမူအရာ**
**အထဗ္ဗဝေဒမှ ရသ**

သူသည် စာပေကျမ်းဂန်၌ မကျွမ်းကျင်ကြကုန်သော ပြည်သူများနှင့် ဝေဒကျမ်းကြီးများ အလွယ်တကူ ရင်းနှီးလာစေရန် ရည်ရွယ်ကာ သူ၏ ပြဇာတ်များကို ပဥ္စမဝေဒဟု ရေးစီရင်ခဲ့၏။ က ပြခဲ့၏။

ပြဇာတ်သည် သဘင်ဖြစ်၏။ လူမျိုး၊ ဒေသ၊ ယဉ်ကျေးမှု၊ နီးနွှယ်ခြင်း အသွင်အပြင် ကွာခြားကြသော်လည်း ပြဇာတ်ကား သဘင်သာလျှင် ဖြစ်ပေ သည်။ ထိုသို့ဆိုလျှင် သဘင်သည်တို့၏ အဆင့်အတန်းမှာ မည်မျှ မြင့်သည့် နေရာတွင် ရှိသင့်သနည်း။ သူတို့ မည်သည့်အတွက်ကြောင့် သူတို့အဆင့်မှ ဆင်းလျှောချနေ

mgyoe.com

m.gyoe.com


ကြသနည်း။

ဆရာသည် အိပ်ရာထဲတွင် ငြိမ်သက်နေရင်း ဤအတွေးစများကို ဖြတ်ပစ်ချင်လေသည်။ သူသည် သူ လုပ်ရမည့် အလုပ်ထက် မနိုင်ရင်ကာနိုင်သော အတွေးကို မတွေးချင်တော့ပေ။ ထိုအတွေးကား သူနှင့် ကွင်းဆက်မပြတ် ဆက်စပ်နေရသည်။ အနုသဘင်အဖွဲ့၌ များရာစုသည် သဘင်နယ်၌ လှည့်လည်ပျံသန်းနေကြသူများသာ ဖြစ်သည်။ သူသည် ထိုအထဲတွင် မစပယ်ကလေးကို လက်တွဲကာ ရောနှောဝင်ရောက်သွားရလိမ့်မည်။ ဘယ်အခြေ ဘယ်သောင် ဘယ်ကမ်းသို့ ဆိုက်ကြရဦးမည်ကို မသိနိုင်။ အနုသဘင်၌ ဖြစ်ပေါ်လာရမည့် ပဋိပက္ခများကို ဆရာသည် ကြို၍ တွေးဆနေရင်း ရင်လေးနေမိသည်။ အနုသဘင်ကား ပဋိပက္ခများ တွေ့ဆုံကာ အဆင့်ဆင့် ပေါက်ကွဲပြီးမှ နောက်ဆုံး၌ ဆရာ လိုချင်သည့် အနုသဘင်ပုံစံကို ဆိုက်ရောက်လာရမည်။ ဆရာ၏ ထက်မြက်သော လက်နက်ကား "မြစပယ်ရုံ" ဖြစ်ပေလိမ့်မည်။

ဆရာသည် မိန်းကလေး၏ မျက်နှာကို မြင်တွေးနေ၏။ သူ၏ ကလေးဆန်သော မျက်နှာကလေးပေါ်မှ အပြုံးမှာ ဖြူစင်ကာ လန်းဆန်းဖွေးမြနေသည်။

●

m.gyoe.com

mgyoe.com

စိန်စိုးအောင်တို့ မောင်နှမ ရောက်လာသောအခါ ဆရာသည် စိတ်ရှုပ်နေမိသဖြင့် အနုသဘင်အတွက် တစ်ခုခုမျှ မစတင်ရသေးပေ။ အလုပ်မှထွက်ပြီး အေးရိပ်ငြိမ်၌ပင် မတွေ့ဆုံရသေး။ ဦးကြာယုံ၊ စိန်ဝင်းရွှေ၊ မစပယ် မည်သူနှင့်မျှ မတွေ့ဆုံလိုပေ။

ဆရာသည် တောင်ကျကန်ရွာဘက်သွားပြီး တပည့်ဟောင်းတစ်ဦး ဖြစ်သူ မောင်သစ်၏ ခြံတွင် ဆယ့်ကိုးရက်နေထိုင်ရန် စိတ်ကူးနေခဲ့မိသည်။ မောင်သစ်သည် အေးရိပ်ငြိမ်တွင် ဆရာနှင့်အတူလာနေပြီး ကျောင်းတက်ကာ ဆယ်တန်းအောင်ပြီးမှ တောင်ကျကန်သို့ ပြန်၍ငှက်ပျောခြံ စိုက်ပျိုးနေ၏။ သူ့ ငှက်ပျောခြံသို့ အလည်လာရန် အကြိမ်ကြိမ် ခေါ်သော်လည်း ဆရာသည် မသွားဖြစ်ခဲ့ပေ။

ဤကဲ့သို့ တစ်နေရာရာသို့ ခေတ္တထွက်သွားမှပင် ဆရာ့စိတ်မှာ ငြိမ်သက်လာတော့မည်ဟု ထင်ရလေသည်။ မောင်မင်းဆွေ၏ စကားများသည် ဆရာ့စိတ်နှလုံး၌ ဝင်ရောက် ဂယက်ရိုက်နေဆဲ ဖြစ်သည်။

စိုးအောင်တို့ မောင်နှမ ရောက်လာသည့်နေ့က မြို့သစ်ကလေး၌ နေသာနေသည်။ ဆရာသည် ညနေဘက်တွင် တိုက်ရှေ့လမ်းမြောင်ကလေး၌ လမ်းလျှောက်နေခဲ့သည်။ ထိုနေ့ညနေကမှ ခြံရှေ့ မြမာလာလမ်းမှာလည်း ပို၍ ငြိမ်သက်တိတ်ဆိတ် နေသည်ဟု ထင်ရသည်။ ဟိုဘက် ဝက်ခေါက်စိမ့်ခြံကြီး အတွင်းမှ ရေဒီယိုအသံကျယ်ကျယ်ဖွင့်သံ၊ စကားဆူညံစွာ ပြောကြသံများလည်း ထိုနေ့ညနေ၌ ရပ်နားနေသည်။ သူတို့ မောင်နှမ စီးလာသော မြင်းလှည်းခွာရုပ်သံ

mgyoe.com

mgyoe.com


တစ်ခုသာ မြမာလာလမ်း၌ ဆူညံသောအသံဖြင့် ပေါ်လာသည်။

ဆရာလမ်းလျှောက်နေစဉ်တွင် အေးရိပ်ငြိမ်ရှေ့၌ မြင်းလှည်းတစ်စီး ရပ်လိုက်သည်။ မြင်းလှည်းခြံဝ၌ ရပ်သဖြင့် ဆရာသည် လှမ်းကြည့်လိုက်၏။ မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်သော စိန်စိုးအောင်၏ မျက်နှာကို အရင်မြင်ရသည်။ သူသည် လုံချည်ခြေဖျားဝဲ မသေမသပ် ဝတ်ထားသည်။ သူလည်ပင်း၌ တဘက် တစ်ထည် ရစ်ပတ်ထားသည်။ သူ့ခေါင်း၌ ဆံပင်များ ရှုပ်ပွနေသည်။ နောက်မှ မိန်းကလေးသည် လျင်မြန်ဖျတ်လတ်စွာ ခုန်ဆင်းလိုက်သည်။ သူ၏ ခုန်ဆင်းလိုက်ဟန်ကိုက ဖြိုးဖြိုးဖျတ်ဖျတ်နိုင်သည်။ သူ့မျက်နှာပေါ်၌ နေကာမျက်မှန်အနက် တပ်ထားသည်။ သူတို့သည် သေတ္တာများနှင့် အိပ်ရာလိပ်များကို မြင်းလှည်းပေါ်မှ ချသည်။

ခဏနေလျှင် မြင်းလှည်းပြန်ထွက်သွားသည်။ ဆရာသည် သူတို့ကို စဉ်းစား မရနိုင်ဘဲ အံ့အားသင့်နေသည်။ အစက သူတို့အား ခြံမှားဝင်လာသော ဧည့်သည် များဟု ထင်နေသည်။ ဆရာသည် သူတို့ကိုမည်သူများနည်းဟု လျင်မြန် ပတ်ကုံး တွေးတော၏။ ဆရာ့ အသိထဲမှ မဖြစ်နိုင်ပေ။

သူတို့သည် အိပ်ရာလိပ်များကို မင်းဘောပင်များအောက်အထိ သယ်ပိုးပြီးမှ သေတ္တာများဆွဲကာ ခြံထဲကအုတ်ခင်းလမ်းအတိုင်း လျှောက်လာသည်။ စိန်စိုးအောင်၏ လက်နှစ်ဖက်၌ သေတ္တာနှစ်လုံးကိုဆွဲကာ ပခုံးပေါ်တွင် သားရေအိတ် တစ်ခုကို လွယ်ထားသည်။ အဝေးကတည်းက ဆရာ့ကို လှမ်းကြည့်ကာ သူ၏ မျက်နှာပေါ်တွင် ရင်းနှီးသော အပြုံးများကို အံ့သြစဖွယ် တွေ့ရသည်။

မိန်းကလေးသည် ပဝါစတစ်ခုကို ခေါင်းမှ မေးဖျားသို့ သိုင်းထားသည်။ ပဝါ၏ အမြီးစသည် နောက်ဘက်၌ တဖျတ်ဖျတ်ခတ်နေသည်။ သူ့အင်္ကျီမှာ ရွှေခြည်ရောင် လက်နေသည်။ သူ့ထဘီ စိမ်းနုနုကို အထက်စများ အိတ်ရုံချုပ်ထား၍ တင်သားပေါ်လွင်ကာ သေးသွယ်သော ခါးကလေးမှာ ကျစ်နေသည်။ သူ၏ ဖြူဖြူ ဝင်းဝင်း အသားမှာ အဝေးမှ ကြည့်လျှင်ပင် စိမ်းပြီး လှနေသည်။ သူ၏ ကိုယ်ဟန်မှာ အဝေးကြည့် ပန်းချီ၌ပင် စွဲဆောင်မှုများဖြင့် ကြွနေသည်။ သူသည် လက်တစ်ဖက်၌ သားရေသေတ္တာငယ်ကို ကိုင်ကာ တစ်ဖက်၌သားရေဇစ်ဆွဲအိတ်ကို ဟန်မလွှဲ တစ်လွှဲ ကိုင်လာသည်။ သူလမ်းလျှောက်လာသည်မှာလည်း ဇာတ်စင်ပေါ်၌ ဟန်ရေးပြ နေသလို ကြွကြွရွရွ ရှိသည်။ ခေါင်းကို မမော့တစ်မော့ လုပ်ထား၍ ကြော့ရှင်းသော လည်တိုင် ပေါ်လွင်သည်။

mgyoe.com

mgyoe.com


သူတို့သည် မင်းဘောပင်များ အလယ်လမ်းမှ ဖြတ်သန်းလာကာ ဆရာ ရပ်စောင့်နေရာသို့ လျှောက်လာပြီး ဆရာ့ရှေ့၌ သေတ္တာများကို ချလိုက်ကြသည်။

စိန်စိုးအောင်သည် ပြုံးကာ.... "ဆရာ.... ဦးကြော့ဝေ ဟုတ်ပါသလား" ဟု မေးသည်။

ဆရာသည် ခေါင်းကို ညိတ်ပြလိုက်၏။

ဆရာ့ ရှေ့မျက်စောင်းထိုး၌ ရပ်နေသည့် မိန်းကလေးသည် ခေါင်းစည်းပဝါကိုဖြုတ် မျက်မှန်ကို ချွတ်လိုက်ပြီး မျက်လုံးဝိုင်းကာ ဆရာ့ကို ညှို့ကြည့်လိုက်သည်။ စိန်စိုးအောင်သည် ဘာမျှမပြောဘဲ ချာခနဲ လှည့်သွားပြီး အိပ်ရာလိပ်နှစ်ခုကို ဆွဲယူလာသည်။ သွက်သွက် ပြန်လျှောက်လာပြီး ပြုံးကာ ဆရာ့ရှေ့၌ ချပြန်သည်။ အိပ်ရာလိပ်နှစ်ခုကို ပြန်ချလိုက်၊ မျက်နှာမှ ချွေးစေးများကို တဘက်ဖြင့် ပွတ်တိုက်လိုက် နဖူးပေါ်ဝဲနေသည့် ဆံပင်များကို လက်ဖြင့် ပွတ်သပ်တင်လိုက် လုပ်သည်။

"ဆရာဦးကြော့ဝေ ဦးဖူးခေါင်နဲ့ မင်းသမီးကြီး စပယ်ရုံတို့ရဲ့သား ဟုတ်ပါသလားခင်ဗျာ...." ဟု ထပ်မေးသည်။

ဆရာသည် သူ့မျက်နှာကို ကြည့်ရင်း မြင်ဖူးသလိုလိုပဲဟု တွေးမိသည်။ ဘယ်မှာ မြင်ဖူးပါလိမ့် စဉ်းစား၍ မရနိုင်ပေ။

"ဟုတ်ပါတယ်...... ကဲ အိမ်ထဲသွားကြရအောင်လေ......၊ အဲဒါတွေ သယ်ခဲ့ပေါ့၊ အိမ်ထဲရောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့"

ဧည့်ခန်းဘက် ဆရာ ဝင်သွားသောအခါ သူတို့နောက်မှ လျှောက်လိုက်လာကြသည်။ ဆရာသည် ကုလားထိုင်တလုံး၌ ထိုင်လိုက်ပြီး "ထိုင်ကြလေ"ဟု လှည့်ပြောလိုက်သည်။

သူတို့သည် မထိုင်သေးဘဲ သေတ္တာများနှင့် အိပ်ရာလိပ်များ ချလိုက်ကြပြီး ဆရာ့ ရှေ့တည့်တည့်သို့ လျှောက်လာသည်။ ရှေ့အနားတိုးလိုက်ပြီး ဆရာ အံ့အားသင့်နေစဉ်တွင် နှစ်ယောက်သား ဦးချကန်တော့လိုက်သည်။ ဆရာသည် သူတို့နှစ်ယောက်ကို ငေးကြည့်နေမိသည်။

ဆရာတွေး၍ မရနိုင်သေးမီအချိန်၌ မိန်းကလေးသည် ဖျတ်ဖျတ်ဆို ဧည့်ခန်းတစ်ခုလုံး မျက်စိလှည့်ကစားပြီး လျှောက်ကြည့်နေမိပြီးသား ဖြစ်နေသည်။ စာအုပ်ဗီရိုများ၊ စောင်း၊ ပတ္တလား၊ ပန်းချီကားများ၊ မှန်ဘီရိုထဲတွင် မြင်နေရသည့် ဇာတ်သုံး နဂါးခေါင်းဆောင်း၊ ဘီလူးခေါင်းများကို ကြည့်ပြီး သူ့မျက်လုံးများသည်

mgyoe.com

mgyoe.com


ဖေဖေဆွဲသည့် ပန်းချီကားကြီး သုံးချပ်သို့ ရောက်သွားသည်။ သူ၏ ဝိုင်းနေသော မျက်လုံးများမှာ ပန်းချီကားများနှင့်တွေ့မှ ငြိမ်ရပ်သွားသည်။ သူ၏ ပါးပါးလှပ်လှပ် နှုတ်ခမ်းကလေးများ ပြုံးရိပ်ဖြင့် တွန့်သွားသည်။ သူသည် စိန်စိုးအောင်၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ကာ ပန်းချီကားကြီးကို ငေးကြည့် စူးစိုက်နေသည်။

"ကျွန်တော်တို့က ဒေါ်စပယ်ယဉ်ရဲ့ သားနဲ့သမီးပါ။ ကျွန်တော့် နာမည်က စိုးအောင်၊ စိန်စိုးအောင်၊ ရွှေမန်းရင်ဇာတ်ထဲမှာ ပတ်တီးခေါင်းဆောင်ပါ၊ ညီမလေးက လှလေး.... လှကြည်ကြည်လေးတဲ့၊ သူက လက်ထောက်မင်းသမီး၊ ကျွန်တော်တို့ ညောင်ဦးမှာ ဇာတ်ခေါင်းကွဲပြီး မေမေက ဇာတ်ခေါင်းကွဲရင် ဒီကို ဝင်သွားရမယ် ဆိုလို့ ဝင်လာခဲ့တာ"

စိန်စိုးအောင်သည် ရယ်မောတော့မလိုပင် ပြုံးနေသည်။ ဆရာသည် မေမေယဉ်၏ မျက်နှာကို မှတ်မိလာအောင် ပြန်၍ တွေးယူကြည့်နေမိသည်။ မေမေယဉ့်နဖူးနှင့် မောင်စိုးအောင်၏ နဖူးတူနေသည်။ မေးဖျားချွန်ကာ မျက်နှာ သွယ်ကျသွားပုံသည်လည်း မေမေယဉ်လို။ မိန်းကလေးသည် သူ့ အစ်ကို လက်မောင်းကိုဆုပ်ထားပြီး ပန်းချီကားချပ်ကိုသာ ကြည့်နေသည်။ သူ့ကို ဆရာသည် မျက်နှာတစ်ခြမ်းမျှသာ မြင်ရသောအခါ မေမေယဉ်နှင့် ပို၍ တူနေသည်။

"ထိုင်ကြကွယ်" ဟု ပြောကာ ဆရာသည် နှစ်နှစ်သိမ့်သိမ့် ကြည်ကြည်နူးနူး ဖြစ်နေသည်။ ထိုခဏ၌ပင် စိတ်အလျင်သည် လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်နီးပါး သို့ လျင်မြန်ပတ်ကုံးပြေးသွားသည်။ ဖေဖေ၊ မေမေ၊ မေမေယဉ်၊ စပယ်ရုံအငြိမ့် အဖွဲ့ကြီး၊ နဲ့ဆရာကြီး ဦးသာမှို၊ လူရွှင်တော် ဦးမူကြီးနှင့် ဦးအာရုံ၊ ဧရာဝတီ မြစ်ကမ်းတစ်လျှောက်မြို့များ၊ မေမေယဉ်၏ ပြုံးဟန်၊ ရယ်ဟန်၊ သီချင်းသံ၊ ကကြိုးကကွက်။

မိန်းကလေး၏ ကိုယ်တစ်ခြမ်းကို ကြည့်နေသည့် အခိုက်၌ပင် အတိတ် ကာလနှင့် ပစ္စုပ္ပန်မှာ ရောထွေးနေသည်။

"သား..... မေမေလို့ခေါ်စမ်း၊ တော်တော့၊ မင်းကလူလည်ပဲ၊ ဘာလဲ မုံ့စားချင်ပြန်ပလား၊ ဒါဖြင့် မေမေယဉ်ကို ဒီဘက်ပါး မွှေးစမ်း၊ ဟင့်အင်းကွယ်၊ အဲလိုမွှေးတာ ကြိုက်ပါဘူး၊ ပြန်မွှေးစမ်း၊ ထိအောင်မွှေးနော်"

ဆရာသည် မေမေယဉ်၏ ရင်ခွင်ထဲ၌ အိပ်ခဲ့ရသည်တို့ကို သတိရနေသည်။ ညောင်ဦး၌ ဖေဖေနှင့် မေမေ ဆုံးသောအခါ မေမေယဉ်သည် ငိုရင်း မေ့မြော

mgyoe.com

mgyoe.com


သွားခဲ့သည်။

"သား–သား.... မေမေယဉ်နဲ့နေနော်၊ ဒုက္ခပါပဲ သားရယ်၊ သား အတွက် မေမေယဉ် စိတ်မအေးနိုင်တော့ဘူး"

ညောင်ဦးသို့ အဘိုးလိုက်လာပြီး ဆရာ့ကို ခေါ်လာသောအခါ ဆရာသည် မေမေယဉ်နှင့် မခွဲနိုင်သဖြင့် မလိုက်ချင်ဘူးဟု ဇွတ်ငြင်းဆန်သည်။ ဆရာ့ကို ခေါ်သွားခါနီးတွင် မေမေယဉ်သည် တည်းခိုအိမ် အိပ်ခန်းအတွင်း ဝင်ပြေးပြီး လူးလိမ့်ငိုသည်။

ဆရာသည် မြို့သစ်ကလေးသို့ ရောက်လာကာ သူတို့နှင့် အပြီးတိုင်အောင် ကွဲကွာသွားခဲ့ရ၏။ ထိုအခါမှစ၍ မေမေယဉ်၊ ဘယ်ဆီနေမှန်းလည်း မသိရတော့ပေ။

စိန်စိုးအောင်သည် ဆရာနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ မိန်းကလေးသည် သူ့အစ်ကို လက်မောင်းကို ဆုပ်ကိုင်ရင်း ဝင်ထိုင်လိုက်ပြီး သူ့ နှုတ်ခမ်းများမှာ တစ်ခုခုပြောတော့မလို့လုပ်ကာ ပြုံးရိပ်ရိပ် ဖြစ်နေသည်။

"ညီမလေး၊ မေမေ့စာ ဆရာ့ကို ပေးလိုက်ကွယ်"

ဆရာသည် ပေးသည့်စာအိတ်ကို လက်ထဲတွင် ကိုင်ထားရင်း မဖောက်နိုင်သေးဘဲ စာအိတ်ပေါ်မှ မေမေယဉ်၏ လက်ရေးဝိုင်းဝိုင်းဖြင့် ရေးထားသည့် လိပ်စာကို ငေးကြည့်နေမိသည်။

သားကြီး မောင်ကြော့ဝေ......
မြို့သစ်ကလေး။

သူ့လိပ်စာမှာ ထိုမျှသာဖြစ်သည်။ ထိုလိပ်စာဖြင့် သူတို့ ဆရာ့ကို တွေ့နိုင်ရန် အတော်ပင် ရှာရလိမ့်မည်။ ဆရာသည် မေမေယဉ်၏ လက်ရေးကို ကြည့်ကာ မေမေယဉ်က ခေါ်လိုက်သံလို စိတ်ထဲ၌ထင်ကာ ကြည်နူးနေမိ လေသည်။

"မေမေ"

"သား"

ဟူသည့် စကားများကို မသုံးစွဲခဲ့ရသည်မှာ နှစ်ပေါင်းအတန်ပင် ကြာခဲ့လေပြီ။ ဆရာသည် မေမေယဉ်ကို စိတ်ကူးဖြင့် မှန်းဆကြည့်နေမိသည်။ မေမေယဉ်ကား ခုအခါ၌ အရွယ်ကျနေလောက်ပြီ။ မေမေယဉ့် အကြောင်းစုံကို သိလိုနေသည်။ ဆရာသည် သူ့ကိုယ်သူ တစ်ကောင်ကြွက်ဟု တွေးနေရာမှ ယခုကား တစ်ကောင်ကြွက် မဟုတ်တော့ဟု ထင်လာမိသည်။

mgyoe.com

mgyoe.com


"မင်းတို့ ဆရာ့ အိမ်တွေ့အောင် အတော်ရှာရမှာပေါ့"

"နဲ့နေတာပဲ" ဟု စိန်စိုးအောင်သည် အလိုလိုရယ်နေသည့် အသံဖြင့် ပြောသည်။ သူတို့သည် မင်းသားကြီး ဦးကြာယုံ၏ လိပ်စာကို ရွှေမန်းရင် ဇာတ်အဖွဲ့မှ ရရှိလာခဲ့သည်။ ထိုလိပ်စာဖြင့် ဦးကြာယုံကို ရှာပြီး ဦးကြာယုံမှ တစ်ဆင့် ဆရာ့ လိပ်စာကို ရရှိလာခဲ့သည်။

ဆရာသည် မေမေယဉ်၏စာကို ဖြည်းဖြည်းဖွင့်ကာ ဖတ်လိုက်လေသည်။

စာလုံးများပေါ်တွင် မေမေယဉ်၏ ချိုလွင်နေသော ဟိုစဉ်က အပျိုစင်မျက်နှာ ပေါ်လာနေသည်ဟု ထင်ရသည်။

မေမေယဉ်က မောင်ကြော့ဝေသည် ယခုအခါ၌ ဖခင်ဦးဖိုးခေါင်ကဲ့သို့ စွယ်စုံ သဘင်ပညာရှင်ကြီးတစ်ဦး ဖြစ်နေပြီဟု အဝေးမှမှန်းဆကာ သေချာစွာ ယုံကြည်နေ ကြောင်း။ ငယ်စဉ်ကတည်းက ဆို–တီး–က ပညာရပ်များကို အခြေခံကျကျ လေ့လာခဲ့သူ ဗီဇရှိသူဖြစ်၍ သဘင်ကို မည်သည့်အခါတွင်မှ စွန့်လွှတ်မည့်သူ မဟုတ်ဟု အပြီးတိုင် ယုံကြည်ထားကြောင်း။ သားနှင့်သမီးကို မိမိ တတ်သမျှ သင်ကြားပေးပြီးသော်လည်း မပြည့်စုံနိုင်သေးဟု ယူဆကြောင်း။ သည်နှစ် မိုးပိုင်းတွင် သားနှင့်သမီးကို ညီလေး၊ ညီမလေးအဖြစ်ဖြင့် မြို့သစ်ကလေး၌ ခေါ်ထားပြီး ပညာများ သင်ကြားပေး၊ ဆုံးမပဲ့ပြင် ထားပေးစေလိုကြောင်း။ မောင်ကြော့ဝေနှင့် တွေ့ချင်သော်လည်း မိမိမှာ အိုးအိမ်၊ ခြံမြေကို စောင့်ရှောက်နေရသည့် ဥစ္စာစောင့် မကြီး ဖြစ်နေကြောင်း။ အဝေးမှနေကာ သားကြီးဖြစ်သူထံသို့ မေတ္တာပို့သ လိုက်ပါကြောင်း။

ဆရာသည် မေမေယဉ်၏ စာကို သုံးလေးခေါက်မျှ ဖတ်ရှုနေမိသည်။ မေမေယဉ်၏ မေတ္တာပို့သသံကို နားထဲတွင် ကြားနေမိသလိုလည်း ဖြစ်သည်။ မေမေယဉ်သည် အဝေးမှနေပြီး ဆရာ့ကို သဘင်ပညာသည်တစ်ဦး ဖြစ်နေပြီဟု အခိုင်အမာ ယုံကြည်နေသည်မှာ အံ့သြစရာလည်း ဖြစ်နေသည်။ အစွဲအလမ်းပင် ဖြစ်မည်။ မေမေယဉ်သည် သူချစ်သော သားကြီး မောင်ကြော့ဝေအား သဘင်ပညာ ရှင်ကြီး ဖြစ်စေလိုသော ဆန္ဒလည်း အစဉ်အမြဲ ပွားများနေပုံရသည်။

ဆရာသည် သူတို့ မောင်နှမကို ကြည့်လိုက်ပြီး "မေမေယဉ်က ဘာမှာ လိုက်သေးသလဲ" ဟု မေးလိုက်သည်။

"အထွေအထူးတော့ မမှာပါဘူး၊ ကျွန်တော်တို့ မောင်နှမကို ဆရာက ဒီနှစ် မိုးပိုင်းမှာ ဒီမှာ ခေါ်ထားလိမ့်မယ်လို့ပဲ ပြောလိုက်တယ်၊ သူ့အတွက် ဘာမှ မပူနဲ့လို့ပဲ

mgyoe.com

mgyoe.com


ပြောလိုက်ပါတယ်"

"မင်းတို့ နေမှာလား"

"မေမေမှာလိုက်တာပဲ"

ဆရာ့စိတ်ထဲ၌ သူတို့နှစ်ယောက်ကို အနှစ်နှစ် အလလက အတူတူ နေခဲ့သည့် မောင်နှမများလို ရင်းနှီးကာ ကြည်နူးနေမိပြန်သည်။ သူတို့နေလျှင် ငြိမ်သက်တိတ်ဆိတ်နေသော အေးရိပ်ငြိမ်သည် အခါတိုင်းကလို ခြောက်ခန်းနေတော့မည်မဟုတ်တော့ပေ။ သူတို့နှစ်ယောက်ကား သဘင်နယ်၌ အတော်ကြာကြာ ကျင်လည်ခဲ့ဖူးပုံရသည်။

ဆရာသည် သူတို့ကို အနုသဘင်၌ သုံးရန် စိတ်ကူးလိုက်ကာ အားတက်သွားသည်။ သူတို့နှင့်အတူ တွဲ၍ လုပ်ဆောင်နိုင်လျှင် ဖေဖေ့ လက်ထက်က စပယ်ရုံ အငြိမ့်ကြီးမှာ သားများလက်ထက်တွင် အနုသဘင်အဖြစ်ဖြင့် ဆက်လက်အသက်ရှင်နေသည်ဟု ဆိုရလိမ့်မည်။ ဆရာသည် သူတို့နှစ်ဦး၏ အရည်အသွေးကို ချက်ချင်း သိစမ်းချင်လာသည်။ မေမေယဉ်၏ သားသမီးများသည်လည်း မေမေယဉ်လိုပင် ထက်မြက်ကြလိမ့်မည်ဟု စိတ်ထဲ၌ စွဲနေသည်။

"မင်းတို့ ရှေ့နှစ်အတွက် ဘယ်ဇာတ်နဲ့မှ စာမချုပ်ကြသေးဘူး မဟုတ်လား"

မောင်စိုးအောင်သည် ခေါင်းခါပြလိုက်သည်။

"ဒါဖြင့်ရင်လည်း သိပ်ဟန်ကျတယ်၊ မင်းတို့ ဒီနှစ် ဆရာ့အနုသဘင်မှာပဲ ကကြရမယ်ဆိုရင် ဒီက နဲ့ကြေးတီးတွေနဲ့ ဆိုင်းအဖွဲ့ပါ ထူထောင်လိုက်မယ်၊ ဆရာနဲ့တွဲပြီး လုပ်ကြတာပေါ့။ ဒေါ်ဒေါ်တင် သမီးကလေးလည်း ဆရာ့ ဇာတ်ထဲမှာပဲ ကမှာပဲ၊ ဟိုဘက်အစွန်ဆုံးက က နေတာ ဒေါ်ဒေါ်တင်လေ၊ ဒေါ်စပယ်တင်၊ မေမေယဉ် မင်းတို့ကို ပြောပြထားမှာပေါ့....၊ ဒေါ်ဒေါ်တင့် သမီးကလေးက စပယ်တဲ့၊ ဆရာ သူကို သဘင်ပညာ သင်လာတာ သုံးနှစ်ရှိပြီ၊ ဒီနှစ် အနုသဘင်မှာ စပယ်ကို မြစပယ်ရုံနာမည်နဲ့ စင်တင်ပေးရမယ်.....၊ တို့တစ်တွေ ပြန်စုစည်းမိကြတာ မယုံနိုင်စရာဘဲ၊ ဆရာတော့ ဒီလို ဖြစ်လာလိမ့်မယ်လို့ မျှော်ကို မမျှော်လင့်ထားမိဘူး၊ ဒေါ်စပယ်တင်ရဲ့ သားနဲ့သမီးရယ်.......။ ဒေါ်စပယ်တင်ရဲ့ သမီးရယ်၊ ဒေါ်စပယ်ရုံရဲ့ သားရယ်၊ တို့က အနုသဘင် ထူထောင်မှာကိုး၊ ကဲ.... မင်းတို့ ဇာတ်ပိုင်ရှင်နဲ့ စာချုပ် ချုပ်ကြကွာ၊ ကြိုသုံးငွေယူ....မေမေယဉ်ဆီ ပို့လိုက်၊ မင်းတို့ ဒီမှာပဲ ဆရာနဲ့ အတူနေ အတူစား......၊ ဘာမှမပူနဲ့၊ မိုးပိုင်းမှာ အပြင်အလုပ်ကလေး ဘာလေး မေမေယဉ်ဆီ ငွေတင်ပို့ချင်လို့ လုပ်ချင်တယ်ဆိုရင်လည်း ရှာကြတာပေါ့......၊

mgyoe.com

mgyoe.com


မိန်းကလေးကို အခန်းတစ်ခန်းနဲ့ မီးဖိုခန်းအပ်မယ်....၊ မင်းသမီးဆိုတော့ သိပ်ချက်တတ်ပြုတ်တာမှာတော့ မဟုတ်ဘူး ထင်တယ်၊ ဒါပေမဲ့ စိတ်ထင်ရာ လျှောက်ချက်ပေါ့ကွယ်...၊ တွဲမချက်ကောင်းတဲ့ အဆိပ်ဖြစ်တဲ့ ဟင်းမယ် စာရွက် တစ်ရွက် မီးဖိုထဲမှာ ကပ်ပေးထားမယ်"

ဆရာသည် သူတို့ မောင်နှမနှင့် အတူ ရယ်မောနေမိလေသည်။

"လှလေး ချက်နိုင်ပါတယ်"

"ကဲ....မင်းတို့ အနုသဘင်မှာ ကမှာလား"

"ပိုက်ဆံရမယ်မဟုတ်လား"

မိန်းကလေးက ဝင်ပြောသည်။ မောင်စိုးအောင်သည် ခေါင်းကို ညိတ်ပြနေ၏။

"ကဲ... အခန်းတွေ ရှင်းမယ်၊ ဈေးထွက်ပြီး ချက်ကြ ပြုတ်ကြဖို့ အိုးခွက်တွေ ဘာဘာ ညာညာ ဝယ်ရမယ်၊ ဒီနေ့ ညစာတော့ တို့သုံးယောက်စလုံး ထမင်းဆိုင်မှာ သွားစားမယ်။ ဒေါ်ဒေါ်တင့်ဆီ မင်းတို့ကို ဆရာ လိုက်ပို့ပေးမယ်၊ မနက်ဖြန်ကျမှ ကိုသက်ခိုင်နဲ့ စာချုပ်ချုပ်ကြတာပေါ့။ ဆရာတောင် ဘာမှမလုပ်ရသေးဘူး။ တစ်နေ့က ကျောင်းဆရာအလုပ်က ထွက်လာခဲ့ပြီး အိမ်ထဲမှာ ငြိမ်နေတာ၊ ဒီမှာ သိပ်ပျင်းနေတာနဲ့ တောင်ကျကန်ဘက်ကို သွားနေလိုက်ဦးမယ်လို့ စိတ်ကူးနေတုန်း မင်းတို့ ရောက်လာတာပဲ"

ဆရာသည် စပယ်ရုံအငြိမ့်အဖွဲ့ကြီးအကြောင်းကို ပြောပြနေမိသည်။ မေမေယဉ်အကြောင်းကို ပို၍ ပြောနေခဲ့မိသည်။

ဆရာသည် လှလေးငေးကြည့်နေသော ပန်းချီကားများကို ပြရင်း....

"ဒါ ဖေဖေ့ လက်ရာ၊ နောက်ဆုံးရေးထားခဲ့တဲ့ လက်ရာပေါ့။ ညောင်ဦးမှာ ဇာတ်နားနေတုန်း ရေးခဲ့တာ၊ စပယ်ရုံအငြိမ့်ကြီး ပျက်စီးမယ့် နှစ်ကမှ ရေးတာ၊ အမှတ်တရ ဖြစ်နေခဲ့အောင် ရေးထားခဲ့သလိုပဲ။ ဒီကား သုံးကားရေးပြီး သုံးလ မကြာပါဘူး။ ဖေဖေရော မေမေရော ပျက်စီး၊ စပယ်ရုံအငြိမ့်ကြီးလည်း ပျက်စီး၊ ဆရာလည်း အဘိုးနဲ့ ဒီကိုရောက်လာရော၊ အဲဒီကတည်းက မေမေယဉ် သတင်းကို မကြားရတော့ဘူး၊ ခုဆိုရင် နှစ်ဆယ့်ရှစ်နှစ်တောင်ကျော်ပြီ၊ ဟုတ်တယ်၊ မောင်စိုးအောင် အသက် ဘယ်လောက်ရှိပြီလဲ၊ နှစ်ဆယ့်သုံး ဟုတ်လား။ မိန်းကလေးက နှစ်ဆယ်လောက် ရှိဦးမှာပေါ့"

"မိန်းကလေး မဟုတ်ပါဘူး၊ လှလေးပါ။ လှလေး ဆယ့်ကိုးနှစ်ထဲမှာ"

ဆရာသည် သူ့မျက်နှာကလေးကို ငဲ့ကြည့်ကာ ပြုံးနေမိသည်။ "မိန်းကလေး

mgyoe.com

mgyoe.com

မဟုတ်ဘူး၊ အပျိုကလေးပေါ့"ဟုလည်း တွေးလိုက်မိသည်။ ညောင်ဦးတွင် မေမေယဉ်နှင့် ခွဲရမည်ရှိသောအခါ မေမေယဉ်အသက်မှာ နှစ်ဆယ့် သုံး–လေး လောက် ရှိနေပြီ ထင်သည်။

●

mgyoe.com

mgyoe.com

ဆရာ၏တောင်ကျကန်သို့ ခေတ္တသွားနေရန် စိတ်ကူးသည်လည်း ပျောက်ကွယ်သွားသည်။

နောက်နေ့၌ ဒေါ်စပယ်တင်သို့ သူတို့နှစ်ယောက်ကို လိုက်ပို့သည်။

မကြာမီ ဓာတ်ပိုင်ရှင်နှင့် တွေ့ပေးပြီး စာချုပ်ချုပ်ကာ ကြိုသုံးငွေများ ထုတ်ပေးလိုက်သည်။ သူတို့သည် ရသည့်ငွေထဲမှ အချို့အဝက်ကို မေမေယဉ်ထံသို့ တင်ပို့လိုက်ကြ၏။ ဆရာကလည်း မေမေယဉ်ထံသို့ တစ်ချိန်မဟုတ်၌ တစ်ချိန်၌ လာလည်ဖြစ်အောင် လာလည်မည်ဟု စာတစ်စောင် ရေးလိုက်သည်။

ဆရာသည် အနုသဘင်အတွက် ပိုမိုစိတ်အားထက်သန်လာသည်။ ဓာတ်မတိုက်မီကတည်းက အေးရိပ်ငြိမ်တွင် လှုပ်ရှားနေခဲ့သည်။

စိန်စိုးအောင်သည် ပတ္တလားခုံပေါ်၌ ထိုင်ပြီး ဓာတ်ဝင်သီချင်းများကို တစ်ပုဒ်ပြီး တစ်ပုဒ် တက်ယူသည်။ ဓာတ်ဝင်တီးလုံးများကို စောင်းသံမှ တက်ယူနေရင်း သူ့ကြည့်ရသည်မှာလည်း စိတ်အားထက်နေပုံရသည်။ သူသည် လူတကာနှင့် ဖော်ဖော်ရွေရွေ ပေါင်းသင်းတတ်၏။ မကြာမီတွင် မြစပယ်ရုံနှင့် ခင်မင်သွားသည်။ စကားပြောလျှင် ရယ်ပြီးမှ ပြော၏။ ပြောပြီးလျှင် ရွှင်လန်းစွာ ရယ်တတ်ပြန်သည်။ သူ၏ နုနယ်သော မျက်နှာကလေးမှာ အပြုံးများဖြင့် ဝေနေသည်။

သူသည် ငယ်ငယ်ရွယ်ရွယ်ကလေးဖြင့် သဘင်နယ်၌ အကြိမ်ကြိမ် ပျံသန်းနေသူဖြစ်သည်။ မေမေယဉ်က ကိုယ်ပိုင်အငြိမ့်ထောင်ခဲ့သဖြင့် သူသည် ကိုးနှစ်သားတွင် စည်တီး စိုးအောင် ဖြစ်နေသည်။ မကြာမီ သူသည် ရယ်ရင်းမောရင်း ပတ်မတီး

mgyoe.com

mgyoe.com


စိုးအောင်၊ ခြောက်လုံးပတ် စိုးအောင်၊ နောက်မကြာမီ ကြေးတီး စိုးအောင် ဖြစ်လာသည်။ ကြေးတီး စိုးအောင် အဖြစ်ဖြင့် ခြောက်နှစ်ကျော်ကျော်မျှ ကြိုးစားကာ လက်ထောက်ပတ်တီး ဖြစ်လာခဲ့လေသည်။ မေမေယဉ်၏ အငြိမ့်ပျက်သွားလျှင် သူသည်နှမကလေးနှင့်အတူ ဇာတ်သဘင်နယ်၌ ကျန်ရစ်ခဲ့ရင်း သူ့ကိုယ်သူ ပတ်တီးခေါင်းဆောင် ဖြစ်လာအောင် မရမနေ ကြိုးပမ်းလိုက်လေသည်။

"ရှာစား စိန်စိုးအောင်က မရပ်မနားဘဲ ပတ်ဖျားကလေးတို့လိုက်စမ်း"ဟု ဆိုင်းဆင့်လိုက်လျှင် သူသည် ရယ်မောပြီး ဆိုင်းဝိုင်းထဲ၌ ချာလည်လှည့်ကာ ရှုပ်ထွေးနေအောင် တီးလိုက်တတ်၏။ သဘက်တစ်ထည် လည်ပင်းပတ်လျက် ပြုံးရယ်နေသော မျက်နှာဖြင့် ထိုသို့ပြုလုပ်လိုက်လျှင် ပွဲကြည့် ပရိသတ်များမှာ သူ့ကို ကြည့်ကာ ရယ်မောပြီး ခင်မင်သွားတတ်သည်။

"ကျွန်တော်တို့ ရွှေမန်းရင်နဲ့တွဲတာ ၂နှစ်ရှိပြီ၊ အတော် ပျော်စရာကောင်းတဲ့ ဇာတ်ပဲ ဆရာ၊ တစ်ခါတစ်ခါ ဇာတ်စားစရိတ်ပြတ်လို့ ကျွန်တော်တို့ ထမင်းငတ်ခဲ့ရသေးတယ်၊ ဟား.....ဟား..... ပုပ္ပားနယ်တစ်ဝိုက်မှာ နာမည်ကြီးခဲ့တာပေါ့။ စိန်စိုးအောင်တို့ အတော်လက်သံပြောင်ခဲ့တာပေါ့"

ဆရာသည် ဇာတ်တိုက်ရန်အတွက် လောလိုက်လေသည်။ မကြာမီပင် စာချုပ်များ ချုပ်ဆိုခိုင်းလိုက်ပြီး ဇာတ်စတိုက်ရန် ကြိုးပမ်းလိုက်လေသည်။ ချက်ချင်းလိုပင် ကိုသက်ခိုင်နှင့် တိုင်ပင်ကာ လူများကိုလည်း ရွေးချယ်လိုက်သည်။ စိန်အုန်းကြည်ကို မင်းသမီးကြီးအဖြစ်ဖြင့် ရွေးချယ်လိုက်၏။ သူ့ကို အရွယ် ငယ်သော်လည်း မင်းသမီးကြီးအဖြစ်ဖြင့် သယ်ဆောင်နိုင်မည်ဟု ယုံကြည်ရသည်။ မင်းသားကြီး ဦးကြာယုံ၊ ဦးငွေသောင်း၊ ဦးကြာယုံမှာ မည်သည့်နေရာကို ပစ်ချ ပစ်ချ ရနိုင်သည့် ကြွယ်ဝသော ဇာတ်သေတ္တာမှောက် ဖြစ်နိုင်သည်။ ဦးငွေသောင်းသည် လူရွှင်တော်ကောင်းလည်း ဖြစ်၏။ မောင်စိုးနှင့် မောင်ထွန်း လူရွှင်တော် တစ်တွဲတွဲ ပေးလိုက်သည်။ သူတို့သည် လူရွှင်တော် ရပ်ခံကောင်းသဖြင့် ပြက်လုံးမပျက်ဘဲနှင့် ပရိသတ်ရယ်အောင် ပြုနိုင်သည်။ ကျော်မြလေးနှင့် ထွန်းအောင်ကို တစ်တွဲ၊ လှကြည်ကြည်ကလေးကို လက်ထောက် မင်းသမီး အဖြစ်ဖြင့် စမ်းသပ်ကြည့်ရန် ရည်ရွယ်လိုက်သည်။ ကုလားမစိန်၊ ပဒုမ္မာကြည်ကြည်၊ နီနီဝင်း၊ လှလှမူ၊ ခင်စန်းကြည်၊ ခေတ်စန်းကြည်၊ ရီရီစိန်၊ မင်းသား စိန်ဝင်းရွှေ တို့ကို ရွေးပြီးလျှင် ဇာတ်အဖွဲ့ကြီးမှာ အင်အား တောင့်တင်းခိုင်မာ သွားလေသည်။

မကြာမီ ဆရာ၏ အိမ်ရှေ့ဧည့်ခန်း၌ ဇာတ်စတိုက်လိုက်လေသည်။ ထိုနေ့က

mgyoe.com

mgyoe.com


ဆရာကိုယ်တိုင်ပင် ဤသဘင်နယ်ထဲမှ လူဟောင်းများကို ကိုင်တွယ်ရန် အတွက် စိုးရိမ်ခဲ့လေသည်။ ဆရာသည် ဇာတ်ညွှန်းများကို အသေးစိတ်ရေးပေးကာ စကားအပိုအလိုမရှိနိုင်ရန် တည်းဖြတ်မည်ဟု အားယူထား၏။ ဟန်အနေအထား များအတွက် ပုံကြမ်းများကို ရေးခြစ်ကာ စည်းကမ်းများ ကန့်သတ်လိုက်သည်။ ကကြိုး ကကွက်များကို ပုံကြမ်းဖြင့် အကြမ်းဖျင်းဇာတ်ညွှန်းပေါ်၌ ဖော်ပြလိုက်၏။ တိတိကျကျ စံနစ်ဇယားကြီးဖြင့် လုပ်ရသောကြောင့် များစွာ ပင်ပန်းခံရသည်။ ဇာတ်စတိုက်သည်မှာ 'ဝဏ္ဏပဘာ' ဖြစ်နေ၍ မြစပယ်ရုံ၏ ကကွက်မှ စနေသဖြင့် ဆရာသည် စိတ်လှုပ်ရှားနေခဲ့ရသည်။ မိန်းကလေး ကြောက်ရွံ့စိတ်ဝင်မည်ကိုလည်း စိုးမိသည်။ ဤအခါမှာ ခေါင်းဆောင်မင်းသမီး အပေါ်၌ တစ်ဇာတ်လုံးမှ အေးစက်စွာ စောင့်ကြည့်နေသည့်အခါ ဖြစ်နေသည်။ သူတို့မနှစ်သက်နိုင်လျှင် မြစပယ်ရုံကို ဝိုင်း၍ခွပ်ကြရန် အသင့်ဖြစ်ချင် ဖြစ်နေကြမည်။

ဝဏ္ဏပဘာကို မြစပယ်ရုံကျေညက်ပြီသား ဖြစ်သော်လည်း သူသည် ကြေးစား ဇာတ်ခုံပေါ်သို့ မတက်မရောက်ဖူးခဲ့သေး၊ သူသည် ကြေးစား သဘင်သည်များ ရှေ့၌ ကိုယ်ရည်စွမ်းပြမလုပ်ဖူးခဲ့သေး။

ဇာတ်စတင်မတိုက်မီ အချိန်ကလေး၌ စိန်စိုးအောင်သည် ရယ်မောနေသော မျက်နှာဖြင့် ပတ္တလား၌ သီချင်းသားကို စမ်းနေသည်။ မောင်ခင်ဇော်သည် ခြောက်လုံးပတ်ဖြင့် လိုက်၍ ခုပေးနေ၏။ ကြေးကိုသာသည် လက်ခတ်ကိုင်ထားရင်း ငေးနေသည်။ စိန်အေးသောင်သည် သူ့ဇနီးစိန်အုံးကြည်ကို ရယ်မောကာ တစ်ခုခု တိုးတိုး ပြောနေသည်။ မင်းသားကြီး ဦးကြာယုံသည် ပန်းချီကားများကို ချိတ်ဆွဲ ထားသည့် တိုင်ကို မှီကာ ရပ်နေသည်။ တစ်ဖက်စင်ထောင့်၌ လှကြည်ကြည်လေး သည် ကုလားမစိန်ကို တစ်ခုခုပြောနေသည်။

ဆရာသည် ဇာတ်ညွှန်းစာရွက်ကိုကိုင်ပြီး စိန်ဝင်းရွှေကို လှမ်းပေးလိုက်ရင်း ဦးငွေသောင်ကို သတိထားကြည့်လိုက်မိသည်။

"ဒါတော့ တို့ သဘင်နယ်မှာ မလုပ်ဖူးတဲ့ပုံစံပဲ၊ ဒါကို အချိန်ကုန်ခံပြီး လုပ်နေဖို့ မလိုပါဘူး၊ တို့ရထားတဲ့စာတွေ ဘေးချိတ်ရမှာလား၊ တို့က ဒီအတိုင်းဆိုတော့ မောင်ကြော့ဝေရဲ့ အရုပ်ကလေးတွေ ဖြစ်ကုန်မှာပေါ့၊ သူ့ဇာတ်ကလည်း တို့ ရထားတဲ့ ဇာတ်မဟုတ်ဘူး၊ အလကား ထိုးဇာတ်ပဲ၊ ဗုဒ္ဓဝင်လား ငါးရာ့ငါးဆယ် ကလား၊ ဇင်းမယ်ကလား၊ တို့ရထားတဲ့ဇာတ် ဘယ်သူက ဘာရုပ်လုပ်ဟော့ ဆိုပြီးတာ" ဦးငွေသောင်သည် ဗီရိုနံဘေးကုလားထိုင်ပေါ်၌ ထိုင်ကာထိုသို့

mgyoe.com

mgyoe.com


တွေးနေပုံရသည်။ သူ့မျက်နှာ၌ ထိုအတွေးများရှိနေကြောင်း ပေါ်လွင်နေသည်ဟု ထင်ရသည်။ သူတို့သည် ဤကဲ့သို့ ဇာတ်ညွှန်းမျိုးကို မတွေ့ဖူးသေးပေ။ "ကြီးကျယ်လို့ကွာ... ဇာတ်ကတာပဲ ရုပ်ရှင်ရိုက်နေတာကျနေတာပဲ၊ ဘာလဲ ... ကဆို သူအားသလို သူကမှာပေ့ါ၊ တို့ကလေးတွေလား၊ အရုပ်ဆွဲပြီး ဇာတ်ညွှန်းဘာညာလုပ်ပြနေရမယ့် ကလေးတွေလား၊ ဇာတ်ကနေတာ အံ့ခွနေပြီ၊ က စားလာခဲ့တာ အံ့တိုနေပြီ" နှင့် တွေးနေမည်။

"ကဲ....စမယ်ဟေ့ စိုးအောင်၊ ဝဏ္ဏပဘာ က ရင်းနဲ့ ထွက်လာမယ်၊ တစ်ပုဒ် တစ်ပုဒ်ဆုံးမှ သီချင်းဝင်ယူမယ်၊ တီးပေးရမှာ ကွက်တိနော်၊ တစ်လုံးကလေးမှ ပိုလို့မရဘူး" ဟု ဆရာသည် ရယ်မောရင်း ပြောလိုက်၏။

တိတ်ဆိတ်ငြိမ်သက် သွားလေသည်။ မြစပယ်ရုံသည် ဇာတ်ခွင်အတွင်းသို့ ဝင်ရန် နေရာမှထလိုက်ရင်း ဆရာ့ကို တစ်ချက်ပြုံးကြည့်လိုက်လေသည်။ သူ့ကိုယ်ဟန်များပျက်နေသလားဟု ဆရာ ထင်မိလေသည်။ သူ့မျက်နှာကလေးမှာ အနည်းငယ်မျှ နီမြန်းနေသည်။ မျက်လုံးရွဲကြီးမှာမူ ပို၍တောက်ပလာသည်။ သူသည် သိမ်ငယ်မသွားဘဲ ပို၍ကြွားရွားလာသည် ထင်ရသည်။ ဆရာသည် နောက်ဘက်ဆုတ်ပေးပြီး အဝတ်ကုလားထိုင်ပေါ် ပစ်လှဲထိုင်ချလိုက်သည်။

အကဲခတ်နေကြသော မျက်လုံးများသည် မြစပယ်ရုံထံသို့ ရောက်ရှိနေကြသည်။ "ကျောင်းသူလူထွက်ကလေးပါ" ဟု ဝိုင်း၍ ပြောနေသံပင် နားထဲ၌ ကြားနေရသလို ဖြစ်နေသည်။ မြစပယ်ရုံကို ကြည့်နေသည့် လှကြည်ကြည်လေး၏ မျက်လုံးများမှာ မီးရောင်ထဲတွင် တောက်ပဝင်းထိန်လာနေသည် ထင်ရသည်။ သူသည် တခြားဇာတ်အဖွဲ့များထဲ၌ လက်ထောက်အဖြစ်ဖြင့် ကခဲ့ရသည့်အတွက် စိတ်ထဲ၌ အားတက်ကျေနပ်မိသော်လည်း ဤကျောင်းသူလူထွက်ကလေးနှင့် တွဲကာ သူကလက်ထောက်ရမည်ဆိုသောအခါ မလွှဲသာမရှောင်သာ မခံလိုစိတ်ကလေး ပေါ်လာနေမည်။

စိန်ဝင်းရွှေသည် ဇာတ်တိုက်နေသည်ကို ကြည့်ကိုမကြည့်ဘဲ ပန်းချီကားချပ်များကို လှမ်းကြည့်နေသည်။ သူသည် သူ့နာမည်ဖြင့် "စိန်ဝင်းရွှေ မဟာသဘင်" နဖူးစည်းကို တပ်ထားလိုပေမည်။ သူသည် ဇာတ်တိုက်ရမည်ကို စိတ်မဝင်စားပေ။ ဤကျောင်းသူ လူထွက်ကလေးကို သူ့စိတ်ထဲ၌ အတိအကျ အကဲခတ် ဆုံးဖြတ်ထားပြီး ဖြစ်နေ၏။ ကြည့်နေရန်ပင် မလိုအပ်ပေ။

မြစပယ်ရုံသည် ဖျတ်ခနဲ က ခွင်ယူလိုက်ပြီး က ရင်းနှင့် ရှေ့သို့ ထွက်

mgyoe.com

mgyoe.com


လိုက်လေသည်။ ပထမ၌ သူ့ အကမှာ ဆရာပြသည့် အတိုင်းမှ ဘာမျှ မထူးခြားဟု ဆရာကိုယ်တိုင် ထင်နေရ၏။ ကြည့်ရင်းကြည့်ရင်း သူ၏ အလှဖန်ဆင်းအားကို တွေ့လာရသည်။ အကသည် ထင်သည့်အတိုင်း မဟုတ်ဘဲ ကြွရွလာသည်။ သူသည် အနုပညာ ပစ္စည်းကလေးတစ်ခု ဖြစ်သွား၏။ သူ့ လက်ချောင်းကလေး များသည် သဘင်ပညာရှင်များကိုပင် ညှို့ယူဖမ်းစားရန် အားယူနေသည်။ သူ့မျက်နှာမှာ ပို၍ တောက်ပလာသည်။ သူသည် အလှရုပ်ကြွကလေးတစ်ခု ဖြစ်နေ၏။ ကျောင်းသူကလေး မစပယ်မှာ အဝေးသို့ လွင့်ပြေးပျောက်ကွယ် သွားလေသည်။

မိန်းမောနေကြစဉ် သူ၏ သီချင်းသံ ထွက်လာသည်။ သူ၏ ပင်ကိုဗီဇ မှန်သမျှကို အစွမ်းကုန် ဖြန့်ကြဲပြနေသလို ဖြစ်နေသည်။

ဆရာသည် သူ့ သီချင်းမဆုံးမီ နေရာမှ ထရပ်လိုက်သည်။

"တော်ပြီ" ဟု တိုးတိုး လှမ်းပြောလိုက်သည်။

"ကဲ.... မြစပယ်ရုံ တော်ပြီ၊ ဒီအခန်းမှာ ဆက်ဝင်ရမှာ လှလေးနော်၊ ညီမတော်အဖြစ်နဲ့ ဝင်ရမှာ၊ လှလေး စာရတယ်မဟုတ်လား၊ စာရွတ်တာကို ဆရာ ရွတ်ပြတဲ့အတိုင်း မှတ်မိတယ် မဟုတ်လား၊ အဲ... ဆရာ ရွတ်ပြတဲ့ အခြေခံကို ငုံပြီး ပိုပြီး ကောင်းနိုင်အောင် အကောင်းဆုံး ဖြစ်နိုင်အောင် မင်းဘာသာ မင်းဖန်ဆင်းယူ၊ ဒီနေရာမှာ ဘောင်စည်းဆိုတာ ရှိသင့်ပေမဲ့ ကိုယ့်အတွေးနဲ့ ကိုယ်ဖန်ဆင်း၊ ဒီနေရာမှာ ဖန်ဆင်းယူနိုင်တယ်၊ ကဲ...... တစ်ခါတည်း တန်းပြီး ဝင်နိုင်မလား၊ ဆရာ သဘောကျရင်ကျတဲ့ အကွက်ဟာ အတွေ့ပဲ၊ နောက်ထပ် ထပ်တိုက်မနေနိုင်ဘူး၊ တိုက်စရာတွေက အများကြီး ရှိတယ်၊ သူများတွေ ကပြီးသားကို သူများနောက်က လိုက်လုပ်ရတာမျိုးလိုတော့ မလွယ်နိုင်ဘူး၊ အချိန်ကို တိတိကျကျ သုံးနိုင်ရမယ်၊ သုံးတတ်ရမယ်"

ဤ က ခွင်နေရာကလေးမှာ ယခုအချိန်တွင် အလိုလို စွမ်းရည်ပြိုင်ပွဲ ကျင်းပနေရာ ဖြစ်နေသည်။ လူတိုင်းသည် ထိုအခြင်းအရာကို အလိုလိုသိပြီး စိတ်၌ လှုပ်ရှားနေသည်။ လှကြည်ကြည်လေးသည် သွက်သွက်ထွက်လာပြီး ခွင်ထဲ၌ ဝင်ရပ်လိုက်သည်။

သူရပ်နေပုံမှာ ကခြေ ကလက် မယူသေးဘဲ မယူသေးဘဲနှင့် ကြွရွနေသည်။ သူ့မျက်နှာကလေးမှာလည်း တက်ကြွရဲတင်းစွာ ပြုံးနေသည်။

သူက "ကိုကို မနောက်နဲ့နော်၊ ဆရာ ကိုကို့ ကို သတိပေးထားပါ" ဟု

mgyoe.com

mgyoe.com


ပြောသည်။

စိန်စိုးအောင်သည် လက်ခတ်ကို ကိုင်မြှောက်ထားရင်း နှစ်ခြိုက်စွာ ရယ်လိုက်လေသည်။

"အေးပါဟ"

မြစပယ်ရုံသည် တစ်ဖက်၌ ငြိမ်ငြိမ်သက်သက် ပုဆစ် ဒူးကျ ထိုင်နေရင်း သမံတလင်းကို လက်ဖြင့်သာသာ ကုတ်ခြစ်နေသည်။ ဦးကြာယုံသည် ဆရာ့နံဘေးနား လျှောက်လာသည်။

"ဇာတ် ဒီနေ့ည စတိုက်ဖို့မကောင်းသေးဘူး ထင်တယ်၊ အမှန်ပြောရရင် ကျုပ်တို့ ဇာတ်တစ်ဇာတ်ကို ဒီပုံစံနဲ့ စီးတာ မတွေ့သေးဘူး၊ စာလည်းကျက်ရဦးမယ်၊ ပြီးတော့ ဇာတ်အဝင်အက တွေကို သတ်သတ်ပို့ချပေး၊ ပြီးမှ ဇာတ်ကတဲ့ လူတွေ သဘောနဲ့ ညှိနှိုင်းယူ၊ ဒီလိုလုပ်သင့်တယ်လို့ ထင်တယ်" ဟု ပြောသည်။ စိန်ဝင်းရွှေ၏ မျက်နှာမှာ သိမ်ငယ်နေသလိုလို ဖြစ်နေသည် ထင်ရသည်။ သူသည် ကတ္တီပါ ကြက်သွေးရောင် လောင်းကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားကာ ပုံစံတစ်မျိုး ထူးဆန်းနေသည်။

"ဟုတ်တယ်..... ဦးလေး။ ဦးကြာယုံ ပြောတဲ့အတိုင်း လုပ်သင့်တယ် ထင်တာပဲ ဆရာ"

"ဟုတ်ပါတယ်၊ အဲ့ဒီအတိုင်း လုပ်မှာပါပဲ၊ ခုဟာက မြစပယ်ရုံ ကျေညက်ပြီးသား အကွက်ကလေးကို ဆိုင်းနဲ့ ကိုက် မကိုက် အံချတာပါ" ဟု ဆရာသည် ရယ်ရင်း ပြောလိုက်၏။

လှကြည်ကြည်လေးသည် ဆရာ့ကို ခေါင်းငဲ့ကာ ကြည့်နေသည်။ သူ့ မျက်လုံးများမှာ အရောင်တောက်ကာ ရယ်မောနေသည်ဟု ထင်ရသည်။

သူက....." ဒါတော့ မဖြစ်ဘူးလေ၊ ကခွင်ထဲ ရောက်နေရင် က ရမှ ဖြစ်မှာပေါ့၊ ကဲ.....ကိုကို"

ဆရာသည် ရယ်ရင်း ခေါင်းညိတ်ပြလိုက်သည်။ ဇာတ်ခွင်မှ အပြင်သို့ ထွက်ပေးကာ လှကြည်ကြည်လေး၏ အကကို ကြည့်နေလိုက်သည်။ ဆရာသည် သူ့လက်ကလေး တစ်ချက်ကွေ့ယူ ချိုးငဲ့ယူလိုက်သည်မှစကာ အသေးစိတ် အလေးအနက် ကြည့်နေသည်။ သူ့ မျက်နှာလှုပ်ရှားပုံကို ကြည့်နေရင်း သူ့ စိတ်လှုပ်ရှားပုံကိုပါ မြင်ရသည်ဟု ထင်နေသည်။ "ထက်မြက်တဲ့ မိန်းကလေးပဲ.... စိတ်၌ မှတ်ချက်ချနေ၏။ သူသည် ကြည့်ရှုနေသူများကို ယစ်မူးအောင်

mgyoe.com

mgyoe.com


ဖမ်းစားသွားသည်။ ဟန်အယူအထားအပေါင်းဖြင့် ညို့ယူသွားသည်။ သူသည် ပရိသတ်များကို ညွတ်ကျ ငိုက်ကျလောက်အောင် ပြုစားတတ်၏။ ဆရာသည် ရင်ခုန်လှုပ်ရှားနေ၏။ ဆရာသည် မမျှော်လင့်နိုင်ဘဲ ထက်မြက်လှသော မိန်းကလေး နှစ်ဦးကို အနုသဘင်ထဲ၌ ရရှိထားပြီးဖြစ်နေသည်။ အနုသဘင်ကား သူတို့ နှစ်ဦးကြောင့် တောက်ပသွားတော့သည်။

မိန်းကလေး၏ သီချင်းသံမှာ ဆက်၍ ညို့ယူသွားသည်။ သူ၏ စာရွတ်သံ ထွက်လာလေသည်။ ဆရာသည် စိန်စိုးအောင် ပတ္တလားနှင့် လိုက်၍ တို့ထိပေး နေသည်ကို ဘဝင်မကျဘဲ စောင်းသံဖြင့် လိုက်ဖွပေးလိုက်ချင် စိတ်ပေါက်လာသည်။

မြစပယ်ရုံသည် သူဝင်ရမည့် ခွင်ကို ဆက်ဝင်ရန်နေရာမှ ထရပ်လိုက်လေသည်။ ဆရာသည်၊ ရယ်မောကာ လက်ကာပြလိုက်၏။ ဇာတ်တိုက်နေသည်မှာ ရပ်သွား လေသည်။ စိန်အုံးကြည်သည် ဆရာ့ကို ငေးကြည့်နေ၏။

"ဒီနေ့ည ဇာတ်တိုက်တာ တော်ပြီ၊ ဇာတ်ညွှန်း စကားလုံးတွေကို ကျက်ထား...၊ အသံမထည့်ဘဲ ကျက်ထားနှင့်ကြပါ၊ ပြီးတော့မှ အသံပြပေးမယ်"

ဇာတ်တိုက်ရပ်လိုက်မှ စကားပြောသံများ ဆူညံကာ လွတ်လပ်သွားလေသည်။ စိန်ဝင်းရွှေသည် ပြတင်းများကို လိုက်ဖွင့်လိုက်၏။ သူ့စိတ်ထဲ၌ ကျဉ်းကျပ် အိုက်စပ်နေပုံရသည်။ အတော်ကြာလျှင် ဝိုင်းထိုင်ပြီး ဆရာသည် ဝဏ္ဏပဘာကို ဂီတသံသွင်းကာ အစမှ အဆုံး နှစ်ခေါက်မျှ ရွတ်ပြသည်။ ဇာတ်သူ ဇာတ်သား များသည် စူးစိုက်နားထောင်နေ၏။ ကြိုးပမ်းကာ မှတ်သားနေကြ၏။ ဆရာသည် ဇာတ်တိုက်ရာ၌ အောင်မြင်နေပြီကို သိနေသည်။ အားလုံးသည် ဤခဏ၌ သူတို့၏ "တို့ သဘင်သည်တွေပဲ" ဟူသည့် မာနကို ချထားကြသည်။

အတော်ညဉ့်နက်မှ ရပ်နားလိုက်ရသည်။ သူတို့မောင်နှမနှင့် သုံးယောက်သား ကျန်ခဲ့ရာမှ ဆရာသည် "အနုသဘင်ကတော့ တစ်ဝက်အောင်မြင်မှာ သေချာ သလောက်ပါပဲ" ဟု ပြောလိုက်လေသည်။

ဆရာသည် ညဉ့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။ မြစပယ်ရုံနှင့် လှကြည်ကြည် လေးတို့၏ ပြိုင်ကသွားသော ကကွက်များမှာ စိတ်ထဲ၌စွဲကျန် နေရစ်ခဲ့လေသည်။ သူတို့နှစ်ယောက်စလုံးသည် ပရိသတ်ကြီးကို ညို့ယူသွားနိုင်၏။ သူ့နေရာနှင့် သူထက်မြက်နိုင်သည်ကား ငြင်းမရနိုင်ပေ။ ဆရာသည် လှကြည်ကြည်လေး၏ အပြိုင်ကြံမှု စိတ်ထားကို မြင်တွေ့နေရသည်။ နှစ်ဦးစလုံး၌ အားမာန်ကြီးမား လေသည်။ လှကြည်ကြည်လေး၏ အခြေခံမှာမူ မြစပယ်ရုံ လောက်မရှိနိုင်ပေ။

mgyoe.com

mgyoe.com


သူသည် အတွေ့အကြုံဖြင့်ကား မြစပယ်ရုံကို အသာပေးတွက်ပစ်နိုင်၏။

ဆရာသည် သူတို့နှစ်ဦး၏ ဆန့်ကျင်ဘက် ကွာခြားမှုကြီးကို မြင်တွေ့နေရပြန်သည်။ မြစပယ်ရုံသည် သူ့ကိုယ်မှ သူ၏ "ငါ"ပျောက်သွားကာ သူ့ကိုယ်သူ အနုပညာပစ္စည်းကလေး တစ်ခုဖြစ်အောင် ပြုကာ အလှကို ဖန်ဆင်းသွား၏။

လှကြည်ကြည်လေးကား သူ့ကိုယ်၌ "ငါ" ကို ရဲရဲတောက်စေကာ ငါကပင် အလှဆုံးဖြစ်အောင် ပြုလုပ်သွား၏။ ငါဖြင့်ပင် ပရိသတ်အား ညို့ယူသွား၏။ ငါ့အလှ၊ ငါ့ကိုယ်အလှ၊ ငါ့ရုပ်အလှ တို့ဖြင့် ဆွဲညို့ယူသွား၏။

ထိုကဲ့သို့ အခြေခံချင်း ပဋိပက္ခဖြစ်နေကြသူ အနုပညာရှင်နှစ်ဦး၏ စွမ်းရည်ပြိုင်ပွဲကလေးကို မသိမသာဖြင့် မကြေညာဘဲ ကျင်းပလိုက်ပေးပြီးသား ဖြစ်နေခဲ့လေပြီ။

ထိုနေ့မှစကာ နောက်ရက်များ၌ အေးရိပ်ငြိမ်တွင် မှောင်ရီပျိုးလာလျှင် စောင်းသံ၊ ပတ္တလားသံ၊ ပလွေသံ၊ ဗုံသံ၊ ဆိုသံ၊ ကသံ၊ ရွတ်ဖတ်သံ၊ ရယ်မောသံ၊ စကားပြောသံ၊ ဆွေးနွေးသံတို့ဖြင့် မြိုင်လာလေသည်။

မိုးသည်းထန်နေသည့် ရက်များအတွင်း၌ အေးရိပ်ငြိမ်တွင် နေ့စဉ်အမျှ ဇာတ်တိုက် ဖြစ်နေခဲ့သည်။

မကြာမီ ဆရာသည် ဝဏ္ဏပဘာကို စိတ်ကြိုက် ဖြစ်သွား၏။ မင်းသားကိုကား အားမရလှပေ။ မင်းသားသည် မှိန်ကျန်နေရစ်ခဲ့၏။ သူသည် ကြိုးစားတတ်သူလည်း မဟုတ်ပေ။ ကိုယ်ပိုင်ဟန်၊ အမူ၊ အသံ၊ အက ဟူ၍လည်း ရှိနိုင်သူ မဟုတ်ပေ။ သူသည် သင်ခြေ သင်လက်ကလေးမျှသာ ရှိ၏။ သူ့ကို ထက်မြက်လာသူ ဖြစ်လာလိမ့်မည် ဟူ၍ မျှော်လင့်ထား၍ မရနိုင်ပေ။ နောင်အခါ ပြည့်ဝလာပြီး သူ၏ စိတ်ထဲ၌ စွဲထားသော ငါ ခေါင်းဆောင်၊ ငါ မင်းသား ဟူသည့် အခြောက်တိုက် မြင့်နေသော ဘဝင်စိတ်ကလေး ပြေကျသွားမှ တောက်ပလာနိုင်ပေမည်။

စိန်ဝင်းရွှေက " အလကားပါဗျာ၊ ကျွန်တော်က မင်းသားဆိုပေမဲ့ အငြိမ့်လိုလို ဘာလိုလို ဇာတ်ထဲမှာ မင်းသားလုပ်နေရတဲ့ မင်းသားကလေးပါ၊ မြစပယ်ရုံ အငြိမ့်ကြီး မဟုတ်တာ တစ်ခုပေါ့၊ ဇာတ်ကတဲ့ အငြိမ့်ပေါ့ဗျ" ဟု ကွယ်ရာတွင် ပြောသည်။ သူ၏ ကွယ်ရာတွင် ပြောသံမှာ ဆရာ့ရှေ့သို့ ပျံ့လွင့်လာသဖြင့် ဆရာသည် ပြုံးနေရသေး၏။

ဇာတ်တိုက်ရာ၌ ဦးကြာယုံသည် သူ ရထားသည့် စာများကို အကွက်ဝင်လာလျှင် ထည့်ထည့်ရွတ်လာတတ်သဖြင့် သတိထားရသေးသည်။ သူသည်

mgyoe.com

mgyoe.com


ဆရာက ပိတ်ပင်လိုက်လျှင် ပြုံးပြုံးကြီး လုပ်ကာ ...

"ကျုပ် နည်းနည်း မှားသွားတယ်၊ ကျုပ်က ကျုပ်တတ်တဲ့အကြောင်း ပြချင်တာ သိပ်လောသွားမိတာကိုး" ဟု ပွင့်ပွင့်လင်းလင်းရယ်မော ပြောတတ်သည်။

ဦးကြာယုံ ဘီလူးအဖြစ် ထွက်လျှင် ဆရာကိုယ်တိုင် ငေးကြည့်နေရ၏။ အခြွအကြွ အလွန်ကောင်းသော သူ၏ ဝဖိုင့်ဖိုင့် ကိုယ်လုံးကြီးမှာ ဝေနေအောင် လှနေသည်။

ဇာတ်တိုက်ပြီး လူရှင်းသွားလျှင် ဆရာသည် စိန်စိုးအောင်ကို ပတ္တလား တီးခိုင်းကာ သူ့ဟန်ကို ခိုး၍ က ကြည့်နေသည်။ ဖြစ်လာအောင် အကြိမ်ကြိမ် ကြိုးစားကြည့်သည်။ သူ့လောက် လှအောင် မကနိုင်ပေ။ မည်ကဲ့သို့ ကြိုးစား ကြိုးစား မရနိုင်သောအခါ၌ ဆရာသည် ကနေရင်းမှ ဟန်ကိုဖျက်ကာ ပျော်ပျော် ရွှင်ရွှင် ရယ်မိသည်။

"မဖြစ်ဘူး ... မဖြစ်ဘူး ... ဒီလူကြီးကို ဒါတော့ ဘယ်သူမှ တုလို့ရမှာ မဟုတ်ဘူး..." ဟု ဆရာသည် ထိုင်ချလိုက်ပြီး ပြောတတ်သည်။

ဦးကြာယုံကား ဤအကၡ၌ ပိုမို စိတ်နိုးကြွနေ၏။ သူ ကလာခဲ့သော သက်တမ်း ကြောင့်ပင် သူ့ နှလုံးဝိညာဉ်၌ ထို အခြွအရွမျာမှာ အလိုလို တွယ်ကပ်နေပုံရ၏။ နည်းရယ်လို့ ပုံသေမရှိနိုင်ဘဲ တစ်ခါနှင့်တစ်ခါ မထပ်မတူဘဲ လှမြဲလှနေအောင် ကနိုင်သည်။

ဝဏ္ဏပဘာတိုက်ပြီးသည့်နေ့၌ စိန်စိုးအောင်သည် အပြင်သွားရာမှ ပြန်လာပြီး "ကျွန်တော် စိန်အေးသောင် ဆက်ပေးလို့ မြင်းလှည်းပိုင်တစ်ယောက်နဲ့ အဆက် ရလာခဲ့တယ် ဆရာ၊ မြင်းလှည်းမောင်းဦးမယ်" ဟု ပြောသည်။

ထိုနေ့မှစကာ သူသည် နံနက်စောစောတွင် မြင်းလှည်းမောင်း ထွက်သွားကာ ညနေဘက်တွင် ပြန်ရောက်လာပြီး သူ့နှမကလေးကို ငွေကြေးများ အပ်နှံနေသံ ကြားရတတ်သည်။ မိုးပိုင်း၌ ဇာတ်တစ်ဖွဲ့လုံး စားဝတ်နေရေးအတွက် ထက်သန်ရာ အလုပ်များ လုပ်နေရသည်။ မောင်စိုး၊ စိန်အေးသောင် တို့သည် မြင်းလှည်းမောင်း နေ၏။ တိုးမလေးသည် ဈေးထဲ၌ နေ့ခင်း ကုန်ခြောက်ဆိုင်ကလေး ထွက်နေချိန်၌ ဇာတ်သမဟု မထင်ရတော့ပေ။ စိန်အုန်းကြည်၊ ပဒုမ္မကြည်ကြည်၊ လှလှမူ၊ နီနီဝင်း၊ ရီရီစိန်တို့သည် ဆေးလိပ်ခုံ ဆင်းနေ၏။ မြစပယ်ရုံတို့ သားအမိကား ရက်ကန်း ခတ်နေမြဲပင်။ ညတိုင်ရောက်၍ ဇာတ်တိုက်သောအခါတွင်မှ သူတို့သည် သဘင်သည်များ ဖြစ်ကုန်ကြ၏။ ရက်စဉ်ရက်ဆက် တိုက်လာကြသောအခါ၌

mgyoe.com

mgyoe.com


ကိုယ့်ခွင် မဟုတ်လျှင် စိတ်မပါနိုင်ကြဘဲ နံရံမှီကာ တစ်ယောက်ကို တစ်ယောက် မှီကာ အိပ်ပျော်နေကြလေသည်။

တစ်ခါတစ်ရံ၌ ဇာတ်တိုက်နေရာသို့ ဇာတ်ပိုင်ရှင်နှင့် သူ၏ တွဲဖက် ငွေစန္ဒာ တင်အောင်တို့ ရောက်လာတတ်ကြသည်။ ဇာတ်ပိုင်ရှင်သည် ဇာတ်အတွက် ဝေဖန် စကားလည်း မပြော၊ ထင်မြင်ချက်လည်း မပေး။ သူ့ကို မေးလိုက်လျှင်လည်း ပြုံးပြီး ခေါင်းကိုသာညိတ်ပြတတ်သဖြင့် သူ့ကို လူရိုး လူအေးဟု ထင်လာရ ပေသည်။

အချိန်များမှာ တိုတောင်းလှသည်ဟု ထင်ရပြီး၊ တစ်နေ့ပြီး တစ်နေ့ ဖြုတ်ခနဲ ဖြုတ်ခနဲ ပြောင်းလဲသွားနေသည်။ ဆရာသည် သူ၏ ဇာတ်များကို တစ်ထုပ်မှ တစ်ထုပ်သို့ လျင်မြန်စွာ ကူးစက် ပြောင်းလဲပေးနေရ၏။ မြပုဏ္ဏမာ၊ ဆင်းရွှေစင်၊ မာယာ၊ ဓာတုကလျာ၊ မြပန်းဝတ်မှုန်တို့ ပြီးလျှင် ကကွက်များ ဆက်၍ တိုက်၏။ ငွေတောင်ပြည်၊ သူယောင်တော၊ မောဖွယ်အောင်၊ ဇော်ဖေကျီ၊ စည်တော်သား၊ ပသာဒ တို့ကို ဆရာသည် နှစ်ခြိုက် ကျေနပ်၏။

ခြုံကြည့်လျှင် အားလုံးမှာ စိတ်တိုင်းကျ ဖြစ်နေ၍ ဆရာသည် ကျေနပ် နှစ်သိမ့် နေ၏။

မကြာမီပင် မြို့သစ်ကလေး၌ မိုးပါးသွားလေသည်။ နေခြည် ပြန်၍ ထွန်းသစ် လာပြန်သည်။ ဆရာသည် အလုပ်များ မနိုင်မနင်းဖြစ်ကာ ဇာတ်တိုက် ရပ်နားရန် ဆုံးဖြတ်လိုက်၏။ အချိန်ရနိုင်လျှင် ဇာတ်ထွက်ခါနီးမှ တစ်ပတ်ပြန်၍ နွှေးတော့ရန် ဆုံးဖြတ်ထားသည်။

ဇာတ်တိုက်ဖြုတ်လိုက်သောအခါ တော်သလင်းလပင် ဆန်းလာလေသည်။ ဇာတ်တိုက်ရပ်နားသည့်နေ့က လရောင်ပင် မိုးသားများကို ခွဲထွက်လာသည်။ မစပယ်တို့ခြံနှင့် ဦးကြာယုံ၏ခြံမှာ အလှမ်းမဝေးသဖြင့် မည်မျှ မိုးချုပ်ချုပ် ဆရာသည် တမင် လိုက်ပို့ဖြစ်ခဲ့သည်။ ထိုနေ့ညကမူ အစောကြီးလည်း ဖြစ်၍ ဆရာသည် လမ်းလျှောက်ရင်း လိုက်ပါသွားခဲ့၏။

ထိုနေ့ညက လမ်းတွင် တမင် နောက်ချန်နေခဲ့ပြီး ဦးကြာယုံက "ဒီကလေးကို ဆရာကိုကြော့ဝေ ရွေးတာ မှန်တယ်၊ အတော် တောက်လာနိုင်မယ့် ကလေးပဲ၊ ဇာတ်မတိုက်ခင်က ကျုပ်တောင်မှ သူကို ကျောင်းသူလူထွက်ကလေးပဲ ဆိုပြီး အထင်သေးမိတာ" ဟု ဖွင့်ပြောခဲ့သည်။

"ဒါတော့ ကျွန်တော် တော်တာကိုလည်း ထည့်ပြောဦးမှပေါ့" ဟု ပြန်ပြော

mgyoe.com

mgyoe.com


လိုက်သောအခါ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောခဲ့၏။

" ဟုတ်ပါတယ်၊ ဒါပေမဲ့ သူကိုက ဇာတ်သက်ဝင်အောင် လုပ်နိုင်လို့ကိုး၊ ကျုပ်အစက ထင်မိထားတာက စိန်ဝင်းရွှေဟာ ဒီပြင့် ဇာတ်တွေမှာ အတော် ကျင်လည်ခဲ့ဖူးပြီးသားဆိုတော့ သူ့ကို တစ်ဖက်သတ်ကြီး ကန့်လန့် ကန့်လန့် ဆွဲယူသွားရမှာလို့ ထင်တာကိုး၊ သူက ကျောင်းသူလူထွက်ကလေး မဟုတ်လား၊ ဇာတ်စတိုက်ရမယ့်နေ့ကများ ကျုပ်တော့ စိတ်ကို မောလိုက်တာ ဟိုက်နေတယ်၊ ဟို ကလေးမကလေး လှလေးလေ၊ သူ ဘယ်လောက်ထက်တယ် ဆိုတာကို ကျုပ်သိထားနှင့်တာကိုး၊ သူတို့ချင်း ခတ်ကုန်တော့မှာပဲလို့ စိုးရိမ်တယ်၊ မြစပယ်ရုံ ကတော့ ခတ်တတ်မှာလည်း မဟုတ်ဖူး၊ မတတ်သာ ငိုမယ့် ကလေးလို့ ထင်ခဲ့တာကိုး၊ ဘာပဲဖြစ်ဖြစ် စိန်စိုးအောင်ရယ်၊ သူတို့နှစ်ယောက်ရယ်ကို ရထား တာတော့ ကိုကြော့ဝေ အနုသဘင်အတွက် တန်ဖိုးမဖြတ်နိုင်ဘူး၊ လှလေးကရော သူ့မာယာမှာ လုပ်သွားတာ သတိထားမိမှာပေါ့၊ ကျုပ်လို ဝါရင့်သဘင်သည်ကြီး တောင်မှ ငိုင်သွားရတာပဲ"

ဆရာသည် ထိုညက ဦးကြာယုံကို ခြံဝအထိ လိုက်ပို့ခဲ့ပြီး တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်စွာ လျှောက်ပြန်လာခဲ့သည်။ ဆရာ ပြန်လာချိန်၌ မြို့သစ် ကလေးမှာ အိပ်မောကျနေပေပြီ။ အသက်ကင်းမဲ့ကာ ငြိမ်သက်နေ၏။ ရတနာလမ်း ပေါ်၌ လရောင်ခြည်မှာ ကြည်နူးဖွယ်ရာ ဖွေးကျနေသည်။ နောက်ဘက်မှ သဲဝါချောင်း၏ ရေတိုးဖော့သံမှာ ဂီတဆန်နေသည်။ ဆရာသည် စိတ်ကူး၌ နစ်မျော နေကာ ကြည်နူးနေခဲ့မိသည်။ ထိုညလောက် ကြည်နူးဖွယ်ရာ ကောင်းသောညမှာ မရှိနိုင်ဟု ထင်မှတ်ခဲ့ရသည်။ သူသည် ဤကြည်နူးဖွယ်ရာ အချိန်များ ဖြတ်သန်း ကွယ်လွန်သွားမည်ကို နှမြောနေမိခဲ့၏။ လမ်းဆုံးကာ အေးရိပ်ငြိမ်သို့ ပြန်ရောက် သွားမည်ကိုပင် နှမြောနေ၏။ အနုပညာလမ်းပေါ်၌ ကြယ်ရောင်များ ပြိုးပြိုး ပြက်ပြက်လက်နေကာ မျှော်လင့်ချက်များ ဝေနေပေသည်။ ဆရာသည် သူ့ ဇာတ်များကို မြစပယ်ရုံနှင့် လှကြည်ကြည်လေးတို့လောက် ပိုင်နိုင်အောင် ကပြနိုင်သူ မရှိနိုင်တော့ဟု သိနေသည်။ လှကြည်ကြည်လေးသည် ဆရာ့အတွက် မွေးစားသမီး လေးလို ဖြစ်၏။ မြစပယ်ရုံကား ဆရာကိုယ်တိုင် ထုလုပ်ကာ ရင်ခွင်ထဲ၌ ထွေးပိုက်လျက် အသက်သွင်းလိုက်သော ရုပ်တုကလေး ဖြစ်နေ၏။ "ဟုတ်တယ်၊ မေမေ၊ စပယ်ရုံနာမည်ကို သူ့ကို လွှဲအပ်လိုက်တာပဲ။ မြစပယ်ရုံပေါ့၊ မြစပယ်ရုံ ဆိုတာ ကျောင်းသူကလေး မစပယ် မဟုတ်တော့ဘူး၊ မြစပယ်ရုံဆိုတဲ့ စပယ်ရုံ

mgyoe.com

mgyoe.com


အငြိမ့်ကြီး ကို ဆက်ထိန်းသိမ်းသူပေါ့” ဆရာ့ နားထဲတွင် “မြစပယ်ရုံ၊ မြစပယ်ရုံ၊ မြစပယ်ရုံ” နှင့် နေရာတကာမှ တမ်းတခေါ်ဆိုနေသံကို စိတ်ကူးကာ ကြားလာနေမိခဲ့လေသည်။

နောက်ရက်များတွင် ဆရာသည် ဇာတ်အဖွဲ့ အလုပ်သမားများ အကူအညီဖြင့် အေးရိပ်ငြိမ်ရှေ့ မင်းဘောပင်များအရိပ်တွင် ဇာတ်စင်ပန်းချီကားများ ကြက်လိုက်လေသည်။

ဆရာသည် ဇာတ်စင်ပန်းချီများကို စတင် ရေးဆွဲလေသည်။ ဆရာသည် စိတ်အားထက်သန်စွာ အားကြိုးမာန်တက် လုပ်နေမိ၏။ ဇာတ်ပိုင်ရှင်သည် ဤရက်များအတွင်း၌ ညနေတိုင်းလိုလို လာရောက်တတ်သည်။ သူသည် ပန်းချီကားများကို ကြည့်ရင်း လှလေးဖျော်ပေးသည့် ကော်ဖီတစ်ခွက်ကို ပြုံးကာ သောက်သွားတတ်သည်။ ဆရာသည် ဤ ပန်းချီကားများ ရေးဆွဲခကို ရသင့်သည်၏ တစ်ဝက်မျှသာ ရရှိသော်လည်း ဘာမျှ မပြောဘဲ ငြိမ်နေလိုက်သည်။ ပေးသမျှကိုသာ ကျေကျေနပ်နပ် ပြုံးပြုံးရယ်ရယ်နှင့် ယူလိုက်လေသည်။ ဇာတ်စင်ပန်းချီများကို အချိန်လုပြီး တက်သုတ်ရိုက် ရေးဆွဲနေရ၏။ မီးရောင်ထိုး၍ သုံးရန်အတွက် မှန်ပန်းချီများလည်း ရေးရဦးမည်။ ဇာတ်ကောင်များအတွက် ခေါင်းဆောင်းများလည်း ဆရာကိုယ်တိုင် လုပ်ရဦးမည်။

ပန်းချီကားများ ရေးနေရင်း၊ ရေးနေရင်းပင် အချိန်များသည် တစ်ရက်ပြီး တစ်ရက် လျင်မြန်စွာ ဖြတ်သန်းသွားနေကြသည်။ ဆရာသည် အချိန်ရထားကို လိုက်ပြီး ဆွဲတားထားလိုက် လိုသည်။ လမ်းလျှောက်ချိန်ပင် မပေးနိုင်တော့ပေ။ မြို့အပြင်လမ်းကို ယခုအခါ မှတ်မှ မှတ်မိနိုင်ပါဦးမလား ဟူ၍ပင် တွေးယူရမတတ်ဖြစ်လာသည်။

စိန်စိုးအောင်သည် မြင်းလှည်းကို ညနေခင်းများ၌ စောစော ဖြုတ်လာတတ်၏။ သူသည် ဆေးခွက်များကို ဟိုရွှေ့ သည်ရွှေ့ လုပ်ကိုင်ဖေးကူ ဆေးကူစပ်ရင်း ဆရာ့အစား မောနေတတ်လေသည်။ “ဆရာ သိပ်အပင်ပန်းခံရတာပဲ”ဟု သူက မသက်မသာ ညည်းညူလျှင် ဆရာသည် ပြုံးနေလိုက်၏။ သူက ဆရာ့အား ပန်းချီကား ဆွဲခကို မကြာခဏ မေးတတ်၏။ ဆရာသည် သူမေးတိုင်းမဖြေဘဲ ပြုံးရုံသာ ပြုံးပြလိုက်သည်။ တစ်ညနေတွင်မူ ရေးဆွဲခကို ပြောပြလိုက်သောအခါ သူသည် အံ့အားသင့်နေခဲ့သည်။

“ကျွန်တော် ဒီလိုထင်လို့ မေးတာပဲ ဆရာ၊ ဆရာက ဇာတ်ပိုင်ရှင် အပေါ်မှာ

mgyoe.com

mgyoe.com


သိပ်အလျှော့ပေးလွန်းတယ်။ ဒါလောက်လျှော့ပေးတော့ နောက်တော့ အကျင့်ကြီးပါသွားမှာ စိုးတယ်။ သူက ကုန်သည်ပဲ ဆရာ၊ သူ့ အကျိုးအမြတ် အတွက် သူလုပ်တာပဲ"

ဆရာသည် စုတ်ကို ဆေးခွက်ထဲ ထည့်ထားရင်း ပြုံးနေမိသည်။

"ဆရာကတော့ တစ်မျိုးမြင်တယ် မောင်စိုးအောင်။ အနုသဘင် ထောင်ချင်တာ၊ ဆရာက ထောင်ချင်တာ၊ လုပ်ချင်တာက ဆရာလုပ်ချင်တာ၊ အနုသဘင်ဆိုတာ ဆရာ့ရဲ့ သဘင်၊ စိန်စိုးအောင်တို့၊ လှကြည်ကြည်လေးတို့၊ မြစပယ်ရုံတို့ ဆိုတာ ဆရာ့ညီလေးနဲ့ နှမလေးတွေ၊ ဆရာက မင်းတို့နဲ့ တွဲပြီး အနုသဘင် ထောင်ချင်တယ်၊ သူက ကြားထဲက ဝင်ပြီး ငွေရင်းစိုက်ပေးတယ်။ သူ့ကို ကျေးဇူးတင်ရမှာပေါ့၊ ဆရာ့အနေနဲ့ အလုပ်မဖြစ်ဖြစ်အောင် လျှော့ပေးရမှာပေါ့။ သူက မလုပ်ဘူးဆိုရင် ဆရာ့တိုက်ကလေးနဲ့ ခြံကလေး သွားဦးမယ်။ ဒီတော့ကွယ်၊ ဦးသက်ခိုင်က ဆရာ့ကို တိုက်တစ်လုံးနဲ့ ခြံတစ်ခြံ ဝယ်ပေးတယ်လို့ အဓိပ္ပာယ် ထွက်မလာဘူးလား။ ဒီပန်းချီရေးခအတွက် တန်ရာတန်ဖိုးထက် အများကြီးကို လွန်နေပြီပဲ"

"ဖြစ်မှဖြစ်ရလေ ဆရာ ...."

ဆရာသည် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောနေမိသည်။

သီတင်းကျွတ် လဆန်းမှ ဇာတ်စင်ပန်းချီများ ပြီးသွားသည်။ သီတင်းကျွတ် လဆန်းလျှင် ကိုသက်ခိုင်၏ မန်နေဂျာသည်လည်း မြင်းမဏီတောင်တစ်ဖက်မှ မြို့များတွင် ရုံများ တောက်လျှောက် စီစဉ်ပြီးနေပြီ။ ဇာတ်က ရက်အလွန် နီးကပ်လာနေပြီ။ ဇာတ်ကြော်ငြာများလည်း မြင်သာမှုစကာ အနုသဘင် ရုံတင်မည့် မြို့များ၌ ဝဲပျံသွားလေသည်။ ဆရာသည် သူ၏ ဇာတ်စင်ပန်းချီများ ပြီးသည့်နေ့ ညနေ၌ ကြော်ငြာလေးငါးရွက်ကို ကိုင်ကာ ရတနာလမ်းဘက်သို့ ထွက်လာခဲ့သည်။

အနုသဘင်အတွက် ကြော်ငြာကို ဆရာပင် ရေးခဲ့လေသည်။ ဆရာသည် ကြော်ငြာ၌ ဓာတ်ပုံမသုံးလိုသဖြင့် ပန်းချီရေးခဲ့၏။ မြစပယ်ရုံနှင့် စိန်ဝင်းရွှေတို့၏ ပြုံးရယ်နေသော မျက်နှာများကို စုတ်ချက်နုနုဖြင့် ရေးလိုက်သည်။ အနုသဘင်၏ ခွန်အားကို စုတ်ချက်ကြမ်းကြမ်း ဆေးရောင်ကြမ်းကြမ်းနှင့် ဖော်ပြလိုသော်လည်း ပရိသတ်ထောင့်မှ ပြန်ကြည့်ကာ လှနေအောင် ရေးရသည်။

ညနေချမ်း၌ ရတနာလမ်း သဲဝါချောင်းတံတားသို့ ရောက်လျှင်ပင် မြစပယ်ရုံတို့ ခြံဘက်မှ ရက်ကန်းခတ်သံကို ကြားရလေသည်။ ဆရာသည် တံတားပေါ်မှ

mgyoe.com

mgyoe.com


ဆင်းပြီး သူတို့ခြံဘက်သို့ လျှောက်သွားမိချိန်တွင် ဤခြံသို့ မရောက်ဖြစ်သည်မှာ ကြာတောင် ကြာလှပြီကို သတိပြုမိသည်။ စိန်စိုးအောင်တို့ မောင်နှမကို အလည်လိုက်ပို့ ပေးပြီးကတည်းက ဤခြံသို့ မရောက်ဖြစ်တော့ပေ။ ခြံရှေ့ ပုဏ္ဏရိုက်ပန်းပင်များပင် ရဲရဲတောက် ပွင့်နေခဲ့ပေပြီ။

ဆရာခြံရှေ့ရောက်၍ မြစပယ်ရုံသည် ဆရာ့ကို မြင်လိုက်လျှင် ရက်ကန်း အခတ် ရပ်ပစ်ခဲ့ကာ ချက်ချင်း ရက်ကန်းစင်မှ ဆင်းကာ ခြံထဲသို့ ဆင်းပြေး လာသည်။ သူ့ကိုယ်ပေါ်တွင် ထဘီအပြာကလေးနှင့် အင်္ကျီအဖြူကိုပင် ဝတ်ထားကာ ပြုံးရယ်နေသဖြင့် သူ့မျက်နှာကလေးမှာ ပြန်၍ငယ်သွားသည်ဟု ထင်ရသည်။ သူသည် မင်းသမီးကြီး မြစပယ်ရုံ မဟုတ်နိုင်တော့ဘဲ ကျောင်းသူ ကလေး မစပယ် ပြန်ဖြစ်သွားသည့် ထိုအခိုက်၌ ဆရာသည် သူ့ကိုယ်သူ ကျောင်းဆရာ ဦးကြော့ဝေ ဟု ထင်လိုက်မိလေသည်။

သူသည် အုတ်ခဲခင်းသည့် လမ်းအတိုင်း လျှောက်ပြေးလာပြီး ဆရာ့ရှေ့၌ တုံ့ခနဲ ရပ်လိုက်သည်။

"ခုနတင်ဘဲ မေမေနဲ့ ပြောရသေးတယ်၊ ဆရာ့အိမ်ကို မရောက်တာကြာပြီလို့၊ သတိရနေတုန်း ဆရာရောက်လာတာ၊ အသက်ရှည်ဦးမယ်"

ဆရာသည် လက်ထဲမှ ကြော်ငြာများကို သူ့လက်ထဲပြောင်းထည့်လိုက်ကာ ပြုံးနေသည်။ သူသည် ကြော်ငြာများကို ကြည့်ကာ ရွှင်လန်းသွားလေသည်။ နှစ်နှစ်ခြိုက်ခြိုက် ပြုံးကာ ကြော်ငြာများကို အထပ်ထပ်ကြည့်နေသည်။ ကြော်ငြာထဲမှ သူ့မျက်နှာကလေးမှလည်း ထိုကဲ့သို့ပင် တောက်ပစွာ ပြုံးနေသည်။ သူသည် ကြော်ငြာကို အသံထွက်ဖတ်နေ၏။

> "မြစပယ်ရုံ စပယ်ရုံ၏နာမည်ကို ဆက်ခံကာ အနုပညာ သဘင်ပညာ အမွေအနှစ်ကို ထိန်းသိမ်းထားမည့် မြစပယ်ရုံအား အနုသဘင်အဖွဲ့ကြီးတွင် မြင်တွေ့နိုင်ပါပြီ"

သူသည် အသံထွက်ဖတ်ရင်း ရယ်မောပြန်လေသည်။

"စပယ်တို့ ဇာတ်ထွက်ကြရမှာ နီးပြီနော် ဆရာ၊ တန်ဆောင်မုန်းလဆန်း ၁ရက်ဆိုတော့ ဒီနေ့ သီတင်းကျွတ်လဆန်း ၇ရက်၊ နှစ်ဆယ့်သုံးရက်၊ နှစ်ဆယ့် သုံးရက် သိပ်နီးနေပြီ၊ ဇာတ်ကရတာ ဘယ်လိုများ နေမလဲနော်၊ ရင်တုန်လိုက်တာ" ဆရာသည်လည်း သူ့လိုပင် ရယ်လိုက်သည်။

"ဆရာတော့ စိတ်ညစ်နေပြီ၊ ဆလိုက်ထိုးဖို့ မှန်ပန်းချီတွေလည်း မရေး

mgyoe.com

mgyoe.com


ရသေးဘူး၊ ခေါင်းဆောင်းတွေ၊ သရဖူ၊ ဘီလူးခေါင်း၊ ဘာညာဘာညာလည်း တစ်ခုမှ မလုပ်ရသေးဘူး၊ ဇာတ်လည်း ပြန်တိုက်ချင်သေးတယ်၊ လမ်းကို ထွက်မလျှောက် ဖြစ်တော့ဘူး၊ ဒီနေ့ညနေမှ မထူးတော့ဘူးဆိုပြီး ထွက်လာတာ၊ ဆယ်ကိုယ်လောက်ကို ခွဲထားလိုက်ချင်တာပဲ၊ အလုပ်က မနိုင်မနင်းကို ဖြစ်နေပြီ၊ ဇာတ်က ပြန်မနွှေးလို့ မရဘူး၊ ပြန်နွှေးရင် မီးရော၊ ကားရော၊ ဆက်တင်ပစ္စည်းရော၊ ဆိုင်းဝိုင်းကြီးရော တိုက်ချင်တယ်၊ ဒီလိုမှ မလုပ်ရင်လည်း မရဘူး၊ ဆိုင်းဝိုင်းတော့ ကိုသက်ခိုင် အိမ်မှာ ရောက်နေပြီကြာတယ် "ကဲ ဒါတွေထား၊ ဆရာ မင်းနဲ့ လမ်းလျှောက်မယ်၊ လမ်းလျှောက်ရင်း မင်းဆရာ့ကို ရယ်စရာ ပြောရမယ်၊ အပြန်မှာ ဒီမှာ ထမင်းစားမယ်"

"အို...... ရယ်အောင် ဘယ်လိုလုပ်ပြောရပါလိမ့်" မြစပယ်ရုံသည် ဆရာ့ မျက်နှာကို မျက်လွှာပင့်ကြည့်ကာ တည်တည်ကြီး ညည်းညူနေသည်။

●

mgyoe.com

mgyoe.com

သီတင်းကျွတ်ပြီးလျှင် အေးရိပ်ငြိမ်သည် အတက်ကြွဆုံးဖြင့် တက်ကြွလာသည်။ ညနေတိုင်လျှင် အေးရိပ်ငြိမ်ဆီမှ ဂီတသံ၊ ဆိုင်းသံ၊ သီချင်းသံ၊ ရယ်မောသံ၊ စကားပြောသံ များသည် အပြင်ဘက်မှ မြမာလာလမ်းပေါ်သို့ လျှံကျလာသည်။ သီတင်းကျွတ် လကုန်တော့မည် ရှိလျှင် ပြန်၍ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ဇာတ်က ထွက်ရက်နီးကပ်လာလျှင် ဆရာကိုယ်တိုင် စိတ်လှုပ်ရှားနေမိလေသည်။ ဆရာသည် စပယ်ရုံအငြိမ့်ဖြင့် အကြိမ်ကြိမ် အခါခါ လှည့်လည်လိုက်ပါခဲ့ဖူးသော်လည်း ထိုအခါကမူ ဘာမျှမသိသည့် ကလေးအရွယ်မျှသာရှိသည်။ ယခုကား သူဦးစီးရမည့် အနုသဘင်အဖွဲ့ကြီးမှာ ပရိသတ်ကြားထဲသို့ တိုးဝင်သွား ရတော့မည်။ ပရိသတ်ထံမှ မည်သည့်တုံ့ပြန်မှုမျိုးကို ရရှိမည်နည်း။ တုန်လှုပ်ချောက်ချားမှုလော၊ စိတ်စောတက်ကြွမှုလော၊ စိုးရိမ်သောကလော၊ ဘာရယ်လို့ ပြောမရဘဲ လှုပ်ရှားမှုမှာ ထွေပြားနေသည်။ ဆရာသည် မြစပယ်ရုံတို့ အိမ်ဘက်သို့ မရောက်နိုင်သော်လည်း မြစပယ်ရုံသည်လည်း ဆရာ့လိုပင် ခံစားနေရမည်ကို တွေးနေမိသည်။

ဇာတ်ပိုင်ရှင် မန်နေဂျာအဖွဲ့သည် တစ်ရက်ကြိုကာ မီးရထားဖြင့် မြင်သာသို့ သွားနှင့်လေသည်။ နောက်နေ့တွင်မှ ဇာတ်တစ်ဖွဲ့လုံး ခရီးထွက်ခွာရန် လှုပ်ရှားကြလေသည်။

ဇာတ်ထွက်ခွာမည့်နေ့တွင် အေးရိပ်ငြိမ်၌ ဇာတ်အဖွဲ့သားများ ပျားပန်းခတ်မျှ လှုပ်ရှားနေကြသည်။ ၁၁နာရီလောက်ကတည်းက အေးရိပ်ငြိမ်သို့ တဖွဲဖွဲ

mgyoe.com

mgyoe.com


ရောက်ရှိလာနေသည်။ ၁၂နာရီလောက်တွင် အေးရိပ်ငြိမ်ရှေ့လမ်းပေါ်၌ ကားကြီးနှစ်စင်း ထိုးရပ်လိုက်သည်။ ဦးထွန်းအုံနှင့် အလုပ်သမားများသည် ကားပေါ်သို့ ဓာတ်သေတ္တာများကို တင်လိုက်ကြ၏။ ဆိုင်းပစ္စည်း၊ ဆက်တင်ပစ္စည်း၊ မီးကိရိယာ၊ ကားလိပ်သေတ္တာများကို တင်နေစဉ်တွင် ဆရာသည် ခြံဝတွင် ရပ်ကြည့်နေမိလေသည်။

စိန်ဝင်းရွှေသည် ဆရာ့ကို အရပ်ချင်းတိုင်းလိုက်သလို ဆရာ့အနား၌ ယှဉ်ရပ်လိုက်သည်။ ဓာတ်က ထွက်ရခါနီးလာသောအခါ သူ့မျက်နှာမှ တက်ကြွနေဟန် ပေါ်နေသည်။ သူသည်ပြုံးရွှင်နေ၏။ သူ့ကိုယ်ပေါ်မှ ဝတ်ထားသော ကတ္တီပါလောင်းကွတ် အင်္ကျီကြီးကို ကြယ်သီးမတပ်ဘဲ ဝတ်ထားသဖြင့် ကြက်သွေးရောင်ကြောင့် ဇော်ဂျီဟန် ပေါက်နေသည်။ သူသည် ယောင်တစောင်း ထုံးထားသဖြင့် မဟာနဖူး ပို၍ ထင်းထင်းပေါ်နေသည်။ သူ၏ အသွင်ဟန်မှာ တက်ကြွမှုကြောင့် ပို၍ လွတ်လပ်နေသလို ဖြစ်နေသည်။

သူသည် အင်္ကျီပွကြီး၏ လက်ကို ပင့်တင်ကာ နာရီ မြှောက်ကြည့်လိုက်သည်။

"ကျွန်တော်တို့ ဒီက ၁နာရီလောက် ထွက်နိုင်မှာပဲ၊ ဟိုကို ၅နာရီ သာသာ လောက်မှ ရောက်နိုင်မယ် ထင်တာပဲဆရာ"

"မနေပါဘူး၊ မြင်းမဏိဟိုဘက် ဆင်းလိုက်ရင် မြင်သာရောက်တာပဲ၊ မှန်မှန်မောင်းရင် ၄နာရီလောက် ရောက်သွားနိုင်တယ်"

ဓာတ်သေတ္တာများကို တင်ပြီးနောက် ကိုယ်ပိုင်သေတ္တာများ၊ အိပ်ရာလိပ်များကို ပစ်တင်နေကြလေသည်။ လူတိုင်းကို ကြည့်ရသည်မှာ သွက်လက်ဖျတ်လတ်ကာ တက်ကြွနေသည်။ မိန်းကလေးများ၏ ရယ်မောသံများကို ကြားရသည်။ နောက်ကားပေါ်သို့ ငွေစန္ဒာတင်အောင်နှင့် ကျော့မြလေး တက်သွားပြီး သူတို့ နှစ်ယောက် တစ်ခုခုပြောကာ ရယ်လိုက်သံကြားရသည်။ စိန်စိုးအောင်သည် သူတို့ မောင်နှမ သေတ္တာများနှင့် ဆရာ့သေတ္တာ၊ အိပ်ရာလိပ်တို့ကို ခြံဝသို့ သယ်ပို့နေသည်။

သူ့မျက်နှာမှာလည်း ပြုံးရွှင်ရယ်မောနေသည်။ သူသည် ဓာတ်အဖွဲ့များ နောက်တွင် အကြိမ်ကြိမ်လှည့်လည်ကာ လိုက်ပါခဲ့ဖူးသဖြင့် ဓာတ်တစ်ဓာတ်နှင့် ခရီးထွက်ရမည်ကို အထူးအဆန်းဖြစ်မနေတော့ပေ။ ပျော်ရွှင်စိတ်သာလျှင် ရှိနေ၏။

မကြာမီ စိန်အေးသောင်နှင့် စိန်အုန်းကြည်ရောက်လာသည်။ ထွန်းအောင်နှင့် ပဒုမ္မာကြည်ကြည်၏မျက်နှာမှာ မိတ်ကပ်ဖြင့် လွန်ကဲစွာ နီရဲနေသည်။ ဦးငွေသောင်နှင့် သမီးလေး ခင်စန်းကြည်တို့ မြင်းလှည်းတစ်စီးဖြင့် ရောက်လာပြန်သည်။ မောင်စိုးနှင့်

mgyoe.com

mgpoe.com


သူ့နှမ လှလှမူ၊ နီနီဝင်းတို့ ရောက်လာပြန်သည်။ ရီရီစိန်နှင့် သူ့အဒေါ် ထမင်းချက် ဒေါ်သိန်းတို့လည်း ရောက်လာသည်။ ခေတ်စန်းကြည်သည် သူ့မိခင်နှင့်အတူ မြင်းလှည်းတစ်စီးဖြင့် ရောက်လာပြီး မြင်းလှည်းပေါ်မှ ကြော့ကြော့မော့မော့ ဆင်းလိုက်သည်။ မောင်ခင်ဇော်နှင့် ကြေးကိုသာတို့ ရောက်လာသည်။ မောင်ထွန်းလည်း သူ့ဇနီးနှင့်အတူ ရောက်လာသည်။

ဆရာသည် ဦးကြာယုံတို့ သားအဖနှင့် မြစပယ်ရုံတို့ကို မျှော်နေမိသည်။ သူတို့ကား ရောက်မလာသေးပေ။ အထူးသဖြင့် မြစပယ်ရုံကို စောင့်ဆိုင်းနေရသဖြင့် မကောင်းဟု ထင်နေသည်။ မြစပယ်ရုံ အခွင့်အရေးယူရာ ကျနေလိမ့်မည်။ ဇာတ်အဖွဲ့မှ မိန်းကလေးများမှာ မြစပယ်ရုံအပေါ်၌ မနှစ်သိမ့်နိုင်အောင် ဖြစ်နေကြ သည်ကို ဆရာသည်လည်း သိနေ၏။ သူတို့သည် မြစပယ်ရုံအပေါ်၌ နှစ်နှစ် ကာကာ မရှိနိုင်ကြပေ။ သူတို့ချင်း ရယ်မောနေနိုင်သည့်တိုင်အောင် မြစပယ်ရုံ ရောက်လာလျှင် ဟက်ဟက်ပက်ပက် မရယ်နိုင်ကြတော့ပေ။ အပြင်ဘက်တွင် မည်မျှ ဟန်ဆောင်ထားကြသည်ဖြစ်စေ သူတို့ အတွင်းစိတ်များကား ပေါ်လွင် နေပေသည်။

"ကားပေါ် တက်ကြတော့လေ" ဟု ကျော်မြလေး၏ အသံထွက်လာသည်။

ကားပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် တက်နေကြ၏။ ကားပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် သူတို့ မျက်နှာများ ရိပ်ခနဲ ရိပ်ခနဲ ပြောင်းလဲကုန် ကြသည်ဟု ဆရာထင်နေသည်။ သူတို့၏ ယခု မျက်နှာထားများသည် အေးရိပ်ငြိမ်၌ ဇာတ်တိုက်နေကြစဉ်နှင့် အလျဉ်းမတူတော့ပေ။

လမိုင်းစိတ်ကြောင့် စိတ်များ နိုးကြွလာနေပုံရ၏။ လှုပ်ရှားမှု စကားပြောဟန်၊ အသံ၊ အမူအရာ၊ ကြည့်ဟန်၊ ရယ်မောသံအားလုံးမှာ သိသိသာသာ ပြောင်းလဲ သွားကြသည်။ သူတို့ကို ကြည့်မြင်နေရသည်မှာ ကမ္ဘာသစ်ကို ထွက်ခွာသွားကြ တော့မည့် သူများလို ဖြစ်နေ၏။ သူတို့သည် အရပ်သား မျက်နှာဖုံးအစွပ်များကို ချွတ်ချလိုက်ပြီး အုပ်ထိန်း၍ မရနိုင်လောက်အောင် စည်းမဲ့ ဘောင်မဲ့ ဖြစ်သွားကြ တော့မလိုပင် ဆရာ့ စိတ်၌ ထင်နေသည်။ သူတို့ကို သည်အတိုင်း ဝဲစေပျံစေ လွှတ်လိုက်ရတော့မည်ဟု တွေးနေမိသည်။ ဆရာနှင့် ယခင်က တူညီသယောင် ကိုက်ညီသယောင်ရှိခဲ့သော အမူအကျင့်များမှာ ယခု ကွယ်ပျောက်နေကြပြီ ထင်သည်။ ဆရာသည် သူတို့ကို ထိန်းကွပ်ထား၍ ရနိုင်မည်မဟုတ်ဟု ထင်လာ သည်။ သည်အချိန်မှ စကာ အနုသဘင်၏ လမ်းကြောင်းမှာ ပြောင်းလာပြီဟု

mgype.com

mgyoe.com


တွေးလိုက်မိသည်။

နောက်ဆုံး၌ လှလေးသည် သူ၏ ဇစ်ဆွဲအိတ်ကို ကိုင်ပြီး တိုက်ထဲမှ ထွက်လာသည်။ သူသည် မျက်မှန်အနက်ကို တပ်ကာ အဝါရောင် ပိုးပဝါကို ခေါင်း၌ စည်းထားသည်။ နောက်ဘက်၌ ပဝါစသည် တဖျတ်ဖျတ်လွင့်နေ၏။ အေးရိပ်ငြိမ်သို့ လာသည့်နေ့က ထဘီပင် ဝတ်ထားကာ တင်သားကို ထုတ်ပြထားသည်နှင့် တူနေသည်။ သူ့ ခါးကျစ်ကျစ်ကလေးမှာ ပို၍ သေးသိမ်သွားသည်။ မျက်နှာမှာ ကော်ပတ်ရုပ်ကလေးလို နီတွေးနေသည်။ သူ၏ သွက်လက်ဖျတ်ဖျတ် လမ်းလျှောက်လာဟန်ကြောင့် သူ၏ ကိုယ်ဟန်အလှမှာ ပို၍ ပေါ်လာသည်။ သူသည် စိမ့်ဆတ်ဆတ်ဖြစ်ကာ နှုတ်ရှုနေသည် ထင်တွေးရသည်။ ခြံဝတွင် ဆရာ နံဘေးမှ ဖြတ်သန်းသွားစဉ် ဆရာ့ကို တစ်ချက် ဖျတ်ခနဲ ကြည့်သွားသည်။ သူ၏ တွေးနေသော နှုတ်ခမ်းထောင့်တွင် ပြုံးလိုက်မှာလားဟု ထင်နေရသည်။ သူသည် မပြုံးမရယ်ဘဲနှင့် နောက်ကားဘက်သို့ လျှောက်သွားသည်။

သူသည် ဇစ်ဆွဲအိတ်ကို ကားပေါ်သို့ ဖျတ်ကနဲ ပစ်တင်လိုက်ကာ ကားနောက်ဘက်တွင် သူ့လက်ကို မြှောက်ထားပြီး ကားပေါ်သို့ မော့ကြည့်ကာ......

"ဟော့..... ကိုယ့်ကိုလည်း ဆွဲကြပါဦး"

ရယ်သံတစ်မျိုးဖြင့် ပြောလိုက်သည်။ သူ့အသံမှာ အခြားရယ်သံများကို လွှမ်းသွားသည်။ သူက " ဆွဲကြပါဦး" ဟု နှစ်မျိုးသုံးမျိုး အဓိပ္ပါယ်ကောက်ယူနိုင်သော စကားဖြင့် ပြောသည်။ ပြက်လုံးဖြစ်စေရန် ရွှန်းလိုက်သလားပဲ။

"ဆွဲပါ့မဗျာ" ဟု ကျော်မြလေးက ပြန်ပြောလိုက်သည်။

သူ၏ မဲ့ခွက်ခွက်မျက်နှာကို တစ်မျိုးလုပ်ပြီး ရယ်နေသည်။

သူသည် ရယ်မောရင်း မိန်းကလေး၏ လက်မောင်းနှစ်ဖက်ကို အပေါ်မှ လှမ်းဆုပ်ကိုင်လိုက်ပြီး ဆွဲတင်လိုက်သည်။

"ဒါမျိုးတော့ တတ်တယ်" ဟု လှကြည်ကြည်လေးက ပြောသည်။

လှကြည်ကြည်လေး ကားပေါ်သို့ ရောက်ပြီး သူသည် နေရာမှမရွေ့ဘဲ အနားမှပင် မဲ့ခွက်ခွက် ရယ်ကြဲကြဲ မျက်နှာဖြင့် ပူးကပ်ရပ်နေသည်။

"ဟော့..... ဘာကပ်ရပ်နေတာလဲ၊ သွားလေ၊ ဟိုဘက်မှာ နေရာအကျယ်ကြီး ရှိတယ်၊ ဒါမျိုးစမ်းလို့ မရဘူး"

မိန်းကလေးသည် ကြွပ်ဆတ်ဆတ် ပြောချလိုက်၏။ ကျော်မြလေးသည် ရယ်ပြီး ကားရှေ့ဘက်သို့ လျှောက်သွားကာ ငွေစန္ဒာတင်အောင် အနီးတွင်

mgyoe.com

mgyoe.com


ဝင်ထိုင်ပြီး တစ်ခုခုကို ပြောလျက် ရယ်နေပြန်သည်။

ဤအပြုအမူများကို မည်သူမျှ အလေးထား ဂရုမပြုလိုက်ကြ။ သူတို့အတွက် ဤအပြုအမူမှာ ဘာမျှ ထူးထွေဆန်းပြားပုံ မရတော့ပေ။ သူတို့သည် ဇာတ်ခုံပေါ်၌လည်း ဤသို့ ပြောဆိုနေ၏။ အကျင့်ပါကာ အပြင်ဘက်၌လည်း နေလို့ရလျှင် နေချင်သည်။

ဆရာသည် ဇာတ်ကားကြီး နှစ်စင်းပေါ်၌ ပြည့်နေကြသော သူတို့ကို ကြည့်ကာ ဤဇာတ်အဖွဲ့ကြီးနှင့်ပင် လိုက်ပါသွားချင်စိတ် ကုန်ခန်းသွားသည်။

စိတ်ထဲတွင် မအီမသာဖြင့် နွမ်းနယ်နေသည်။ ယခုကား အစသာလျှင် ရှိသေးသည်။ ခုအတိုင်းဆိုလျှင် လှကြည်ကြည်လေးနှင့် ဆရာတို့သည် တစ်ချိန်မဟုတ် တစ်ချိန်တွင် လမ်းခွဲကြရမည်ဟု ထင်လာသည်။ ဆရာသည် ဇာတ်စီးနေချိန်၌သာ သူ့ ဩဇာညောင်းနေကာ ဇာတ်ထွက်တော့မည် ဆိုသည်နှင့် တစ်ပြိုင်နက် သူ့ဩဇာမှန်သမျှ ကျဆုံးလာခဲ့ပြီကို အလိုလိုသိလာသည်။ သူ့ရှေ့၌ပင် လှကြည်ကြည်လေးလို နှမလေးတစ်ယောက်အဖြစ် သူသတ်မှတ်ထားသည့် မိန်းကလေး။ အနုသဘင်၏ ဒုတိယ ခေါင်းဆောင်ဖြစ်သော မိန်းကလေးက ဤကဲ့သို့ ပြုမူရဲလျှင် သူသည် ကျန်အရေးအခင်းများကို ဆက်၍ မတွေးဝံ့တော့ပေ။ အနုသဘင်ကြီးကား ကမောက်ကမ ဖြစ်ချင်ရာ ဖြစ်တော့မည်ဟု ထင်လာနေရသည်။ ရှေ့တစ်လျှောက်၌ ဆရာ၏ ဩဇာကျဆင်းလာကာ ဇာတ်ပိုင်ရှင်၏ ဩဇာသည် အလိုလို တက်လာတော့မည်။ ဆရာနှင့် ဇာတ်ပိုင်ရှင်သည် အလိုလို ပဋိပက္ခ ဖြစ်လာရတော့မည်။

ပဋိပက္ခပေါက်ကွဲလိုက်လျှင်လည်း မြစပယ်ရုံ၊ စိန်စိုးအောင်၊ ဦးကြာယုံမှလွဲလျှင် ဇာတ်ပိုင်ရှင်ဘက်မှ လိုက်ပါသွားကြကုန်လိမ့်မည်။ ဆရာသည် စိန်စိုးအောင်ပြောသည့် "ဇာတ်ပိုင်ရှင်အပေါ် အလျှော့ပေးလွန်းသည်" ဆိုသည့် စကားကို သတိရနေသည်။ ဇာတ်ပန်းချီများကို တန်ရာတန်ဖိုးမရဘဲနှင့် ရေးဆွဲပေးလိုက်ခြင်းသည် ဆရာ့အတွက် ဂုဏ်သိက္ခာကျစရာများ ဖြစ်နေကောင်း ဖြစ်နေနိုင်သည်။ "အလကား ငပေါပါ၊ ဇာတ်ရူးပါ" ဟု ပြောစရာ ဖြစ်နေနိုင်သည်။

စိန်စိုးအောင်သည် အိမ်တံခါးများ လိုက်ပိတ်ပြီး သော့တွဲကိုင်ကာ ထွက်လာသည်။ ခြံရှေ့၌ ခြံတံခါးကို ပိတ်နေရင်း "ကဲ..... မင်းတစ်ယောက်တည်း နေခဲ့တော့ဟေ့၊ တို့ သွားတော့မယ်...." ဟု အိမ်ကိုကြည့်ကာ လှမ်းပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့ ဇာတ်ကြီး မတော်တဆ ဇာတ်ခေါင်းမကွဲဘဲနေရင်

mgyoe.com

mgyoe.com

ဒီကို နောက်မိုးပိုင်းကျလာမှ ပြန်ရောက်တော့မှာ"

မြမာလာလမ်းအတိုင်း မြောက်ဘက်မှ အပြေးစိုင်း မောင်းနှင်လာသည့် မြင်းလှည်းသံ ကြားရလေသည်။ မြင်းလှည်းရှေ့ဘက်၌ ဦးကြာယုံ၏ ရယ်နေသော မျက်နှာကို အလျင်လှမ်းမြင်ရသည်။ မြင်းလှည်းသည် ခြံဝ၌ ထိုးရပ်လိုက်၏။ ဦးကြာယုံနှင့် တိုးမလေး ဆင်းသွားပြီးနောက် မြစပယ်ရုံတို့သားအမိ ဆင်းလာသော အခါမှ ဆရာသည် သက်ပြင်းချလိုက်မိ၏။ အမောပြေသွားသည်။ စိန်စိုးအောင်သည် မြစပယ်ရုံနှင့် ဒေါ်စပယ်တင်တို့၏ သေတ္တာများကို အတင်းလုဆွဲသွားပြီး ကားပေါ်သို့ သွားတင်လိုက်လေသည်။ စည်းတီးကောင်ကလေး မောင်ဆိုင်သည် ကားပေါ်မှ ဆင်းလိုက်ပြီး သူ့ဆရာ စိန်စိုးအောင် လက်ထဲမှ သေတ္တာနှင့် အိပ်ရာလိပ်များကို ကူယူနေသည်။

မြစပယ်ရုံသည် မြင်းလှည်းပေါ်မှ ဖြည်းဖြည်းဆင်းလိုက်ပြီး မပြုံးမရယ်၍ပင် မရနိုင်သလို ဖြစ်နေသည်။ သူသည် အားငယ်နေပုံလည်း ရနေသည်။ သူ့ မျက်နှာမှာ သိမ်ငယ်နေသည်ဟု ထင်ရသည်။ မျက်နှာပေါ်တွင် သနပ်ခါးရေကျဲကလေးမျှသာ လိမ်းထားသည်။ နှုတ်ခမ်းနီပင် ခပ်ပါးပါးမျှသာ ဆိုးလာခဲ့သဖြင့် သူ့နှုတ်ခမ်းမှာ ဖြူပြေပြေ ဖြစ်နေသည်။ သူ့ခေါင်း၌ စပယ်ပန်းများ ပန်ထားသည်။ ကျောင်းသူ ထဘီအပြာ၊ ကျောင်းဝတ်အင်္ကျီ အဖြူဖြစ်နေသဖြင့် သူ့အသွင်သဏ္ဍာန် သည် အများနှင့် မပတ်သက်နိုင်၊ ခြားနားနေသည်။

ဆရာသည် မြင်းလှည်းဘက်လျှောက်သွားပြီး.....

"ကျောင်းတက်လာတာလား မစပယ်....."ဟု ရယ်သံဖြင့် မေးလိုက်လေသည်။

မြစပယ်ရုံသည် ပြုံးပြ ရယ်မောရန် အားထုတ်ပုံရ၏။

မရယ်နိုင်ဘဲ "ကားထွက်တော့မှာလား ဆရာ...."ဟုသာ မေးသည်။

ဆရာသည် သည်ခဏ၌ သူ့ကို ဇာတ်အဖွဲ့သူ အဖွဲ့သားများနှင့် ရောနှော နေစေလိုစိတ် မရှိတော့ပေ။ သူတို့နှင့် မြစပယ်ရုံ၏ ခြားနားချက်ကား ကြီးမားလှပေသည်။ ဆရာသည် မြစပယ်ရုံကို ယခုအတိုင်းသာလျှင် အစဉ်အမြဲရှိနေ ဖြစ်နေစေလိုသော ဆန္ဒပေါ်လာနေသည်။ ဘာကြောင့်မှန်း မသိနိုင်ဘဲ သူပြောင်းလဲသွားမည်ကို စိုးရိမ်လာသည်။ မြစပယ်ရုံသည် ယခု အသွင်ပုံဟန်ဖြင့်သာ စပယ်ရုံ၏ အမွှေကိုဆက်ခံ ထိန်းသိမ်းသွားစေရမည်ဟု စိတ်ထဲ၌ ပိုင်းဖြတ်နေသည်။

"ကလေး .... ဆရာနဲ့လိုက်စီး ...." ဟု ပြောလိုက်ကာ ဆရာသည် ရှေ့ကားဘက်သို့ လျှောက်သွားသည်။ နောက်ကားခေါင်းထဲတွင် ဦးကြာယုံတို့

mgyoe.com

mgyoe.com


သားအဖနှင့် စိန်ဝင်းရွှေကို တွေ့ရသည်။ ဦးကြာယုံသည် ဆရာ့ကို လှမ်းပြုံးပြလိုက်၏။

ရှေ့ကား နောက်ဘက်၌မူ ဆိုင်းသမားများ၊ ဇာတ်အလုပ်သမားများ နှင့် လူပို့ကိုယ်လွတ်များ စုဝေးနေကြ၏။

ဆရာသည် ကားခေါင်းထဲတွင် တက်ထိုင်လိုက်၏။ ဆရာ့နံဘေး၌ မြစပယ်ရုံ၊ မြစပယ်ရုံနှင့် ဒရိုင်ဘာကြား၌ ဒေါ်စပယ်တင် ထိုင်သည်။ ဆရာသည် စောင်းကို ပိုက်ထားရင်း ရှေ့ဘက်သို့ စိုက်ကာ ငေးတွေနေမိသည်။

"ထွက်မယ်..... အားလုံးစုံကြပြီးနော်....."

ကားသည် အေးရိပ်ငြိမ်ရှေ့မှ ထွက်ခွာကာ မကြာမီ မြို့သစ်ကလေးဈေးကို ပတ်ကွေ့လိုက်သည်။ မကြာမီ ချမ်းသာရပ် နံဘေးမှ ကွေ့ဖြတ်ကာ အတက်လမ်းဘက်သို့ ခပ်နှေးနှေး ချီုးသွားသည်။ ချမ်းသာရပ်မှ တိုက်တာများကို လှမ်းမြင်ရသည်။ ဦးမောင်မောင်ဖေ၏ နီလာရောင် တိုက်ရှေ့မှ ဖြတ်မောင်းနေစဉ်တွင် အထက်ထပ် လေသာဝရန်တာမှ ထွက်မျှော်ကြည့်နေသော မောင်မင်းဆွေကို လှမ်းတွေ့ရသည်။

ဆရာသည် မောင်မင်းဆွေ၏ပုတ်ခတ်သံများကို ကြားလိုက်သလို ဖြစ်နေသည်။ ဆရာ့စိတ်ထဲ၌ မျိုသိပ်ကာ စုဆောင်းထားသလို ဖြစ်နေသော ဒေါသစိတ်များ ထကြွနေသည်။ ယခုလည်း ကျောင်းသူကလေး မစံပယ်ကို ဆရာက အနား၌ ထားကာ အတူယှဉ်ထိုင်နေသည်ကို မောင်မင်းဆွေ မြင်သွားလေသည်။

သူသည် ဆတ်ခနဲ မျက်နှာလှည့်ကာ ကျောပေးလိုက်သည်ကို မြင်လိုက်ရ၏။ ကားသည် မကြာမီ မြို့အပြင်ဘက် လမ်းပြေသို့ရောက်လာကာ ကားလမ်းနံဘေး၌ရှိသော "ဘောဂဗေယျ" သစ်စက်မှ ခုတ်မောင်းနေသံကို ကြားလာရသည်။

ကားလမ်းနံဘေးသစ်ကွင်းထဲတွင် သစ်လုံးများ စုပုံနေသည်။

သစ်တောမှ ထွက်သောသစ်၊ နိုင်ငံခြားမှ ဖြစ်သော စက်ကိရိယာ၊ အလုပ်သမားများ၏ ချွေးနှင့်လုပ်အားများ ပေါင်းစပ်ရောမွှေလိုက်သောအခါ၊ ဦးမောင်မောင်ဖေ အတွက် တိုက်၊ ကား၊ ရွှေ၊ ငွေ၊ စိန် တို့ ဖြစ်လာလေသည်။

ဘောဂဗေယျကို လွန်လာခဲ့ပြီးသည့်တိုင်အောင် ဆရာ့ စိတ်ထဲတွင် မောင်မင်းဆွေ ပါလာခဲ့သည်။ သူက ဆရာ့အား ကျောင်းသူကလေး မစပယ်ကို ဖျက်ဆီးသူဟု စွပ်စွဲခဲ့၏။ ယခုမစပယ်နှင့် ဆရာ အတူတွဲထိုင်နေသည်ကို မြင်တွေ့ရသောအခါ သွားပုပ်လေလွင့် ပို၍ ပြောဆိုတော့မည်။ ဤကဲ့သို့ လူပေါင်း မည်မျှက

mgyoe.com

mgyoe.com


ပြောဆိုနေကြမည်ကို တွေး၍ မရနိုင်ပေ။ ဇာတ်သမ ဖြစ်လာလျှင် ပျက်စီးသွားပြီဟု သူတို့က ယူဆလိုက်ကြ၏။ ငွေကြေးရှိသူများက ပို၍ ယူဆတတ်၏။ သူတို့သည် ဇာတ်သဘင်နယ်မှ အကျင့် သိက္ခာမဲ့သော ကလေကချေ အငြိမ့်သမ ဇာတ်သမ ကလေးများနှင့် ကြိမ်ဖန်များစွာ ဆုံစည်းခဲ့နိုင်သူများလည်း ဖြစ်၏။ ထို့ကြောင့် ဇာတ်သဘင်နယ်တစ်ခုလုံးကို ပုပ်ဟောင်နေပြီဟု သူတို့က အလွယ်တကူ ပြောကြ၏။

ကားသည် မြင်းမဏိတောင်ခြေမှ ကျလာသော ဆင်နှာမောင်းချောင်းနှင့် ယှဉ်ကာ မြင်းမဏိတောင်ခြေသို့ ပြေးသွားသည်။ မြေပြင်သည် မြင့်မှန်းမသိ မြင့်လာပြီး မြို့သစ်ကလေးသည် အနောက်ဘက် အနိမ့်ပိုင်း၌ ပျောက်ကျန်ရစ်ခဲ့သည်။ ရှေ့၌ မြင်းမဏိတောင်ထိပ်မှာ မြင့်မားလှသဖြင့် တစ်ခါက ကာကွယ်ရေး ဌာနဝန်ကြီး တစ်ဦးစီးလာသည့် လေယာဉ်ဝင်တိုက်မိကာ ပျက်ကျခဲ့လာသဖြင့် တောင်၏ အမြင့်သည် ပို၍ နာမည်ကြီးလာခဲ့ပေသည်။

ဆရာသည် မြင်သာဇာတ်ရုံကို စိတ်မှ မှန်းဆနေ၏။ မြင်းမဏိ ဟိုဘက်ရောက်လျှင် မြင်သာကို တွေ့ရတော့မည်။ မြင်သာပရိသတ်နှင့် အနုသဘင် တွေ့ဆုံရတော့မည်။ ပရိသတ်ထဲမှ မည်ကဲ့သို့ တုံ့ပြန်မှုမျိုး ထွက်ပေါ်လာမည်နည်း။ ယခုအချိန်၌ ဇာတ်ကြော်ငြာများနှင့် ပရိသတ်မှာမူ ရင်းနှီးနေနှင့်ပေပြီ။

ပရိသတ်က အနုသဘင်ကို တမ်းတနေလိမ့်မည်ဟု တွေးနေမိပြန်သည်။

ကားမောင်းသူသည် ရှေ့ဘက်ကို အာရုံစိုက်နေ၏။ တဖြည်းဖြည်းလမ်းမှာ မြင့်တက်လာကာ ဆင်နှာမောင်းချောင်းကို အဝေးကြီးရှိ ချိုင့်ထဲ၌ သေးသေးမျှင်မျှင် ကလေး လှမ်းမြင်ရသည်။ ချောက်ထဲမှ သစ်ပင်များ၏ အဖျားပိုင်းများကို အလွန်သေးငယ်စွာ မြင်တွေ့ရသည်။

ဆရာနံဘေး၌ မြစပယ်ရုံသည် ငြိမ်သက်နေ၏။ မိန်းကလေးသည်လည်း တစ်ခုခုကို လေးလေးနက်နက် နက်ရှိုင်းစွာ တွေးနေပုံရသည်။ သူ့ခေါင်းမှ စပယ်ရနံ့မှာ သင်းမြနေသည်။ အတန်ကြာမှ သူသည် ဆရာဘက်လှည့်လိုက်ကာ ကြိုးစား၍ ပြုံးကြည့်နေသည်။

"စပယ်တို့ တကယ် ဇာတ်ကကြရတော့မှာနော် ဆရာ" ဟု သူ၏ တိုးတိုးပြောသံ၌ ရင်ခုန်မှု လှိုင်းလိပ်ကလေးများ ငြိမ့်ညောင်းစွာ တိုးဝှေ့ပါလာနေသည်။

"စပယ်တော့ ဇာတ်ကရမှာ စိတ်ထဲ တစ်မျိုးကြီးပါပဲ၊ မနက်ဖြန် ညကို က ရမှာနော်......"

mgyoe.com

mgyoe.com


"ဘာပြုလို့လဲ၊ ကြောက်နေတာလား...."

"ကြောက်နေသလိုပဲ ထင်တယ်ဆရာ....."

"မင်း ကျောင်းကပွဲတွေမှာ အများကြီး ကခဲ့ဖူးတာပဲကွယ်...."

"တူနိုင်ဘူးဆရာ.....၊ ဟိုက အပျော်တမ်းကတာ၊ ဝါသနာ ကပွဲ၊ ခုက မှာက ကြေးစား သဘင်သည်၊ ပြီးတော့ ဆရာ၊ စပယ် သူတို့နဲ့သာ ပေါင်းသင်း နေရတယ်၊ သူတို့နဲ့ မတူဘူးလိုဘဲ ဆရာ၊ သူတို့နဲ့ စပယ်တို့နဲ့ စည်းခြားနေကြတာပဲ၊ စပယ်တို့ ဆိုတာက ဆရာနဲ့ စပယ့်ကို ပြောတာ"

ဆရာသည် ရှေ့ဘက်မှန်၌ထင်နေသည့် သူ့အရိပ်ကို ကြည့်ကာ အသာအယာ ပြုံးနေမိသည်။ ဆရာ့ စိတ်ထဲတွင် ကြည်နူးနေသလိုလည်း ဖြစ်နေသည်။ "စပယ်တို့ ဆိုတာက ဆရာနဲ့ စပယ့်ကို ပြောတာ" ဟု သူ၏ စကားသံမှာ ဝဲပျံ့နေသည် ထင်သည်။ ဆရာသည် သူ့တပည့်မကလေးနှင့် လက်ချင်းတွဲကာ လောကသစ် တစ်ခုထဲသို့ လှမ်းဝင်နေသည်ဟု ခံစားရသည်။

လောကသစ်ကား အနုပညာလောက ဖြစ်၏။ အနုပညာသည်တို့ လျှောက်ရ သည့် လမ်းမှာ ရေရာမှု မရှိနိုင်ပေ။ ယခု တစ်ခဏ၌မူ မရေရာသောလမ်းကို လျှောက်ရန်အတွက် စိတ်တက်ကြွလာကာ ပျော်လာသလိုလည်း ခံစားရသည်။ အနုပညာသည်တစ်ဦး၏ တစ်ဝက်မျှသော စိတ်မှာ လူမိုက်စိတ် ဖြစ်နိုင်ရမည်ဟု လည်း တွေးမိသည်။ အနုပညာလမ်းကို အနုပညာသည်တစ်ဦးအဖြစ်ဖြင့် လျှောက်လိုလျှင် မိုက်သွေးကလေး၊ မိုက်စိတ် ကလေးရှိနိုင်မှ၊ မရှိလျှင် လျှောက်ရဲ လိမ့်မည် မဟုတ်ပေ။ "ဘာပဲဖြစ်ဖြစ် ရဲရဲတိုးဝင်၊ ရဲရဲရင်ဆိုင်ပေါ့" ဟု ဆရာသည် သူ့ကိုယ်သူ စိတ်ထဲတွင် ပြောနေလိုက်လေသည်။

●

mgyoe.com

mgyoe.com

ညနေ ၅ နာရီကျော်ပြီးမှ မြင်သာမြို့အတွင်းသို့ ဝင်လိုက်ရသည်။ ကားသည် မြင်သာမြစ် ကျောက်ရေကာတာကြီးအပေါ်မှ လမ်းအတိုင်း ပြေးနေ၏။ ရေကာတာ ကြီး အောက်ခြေ၌မူ စိမ်းပြာပြာ မြစ်ရေများ တိုးဝှေ့နေသည်။ မြစ်သည် မြင်းမဏိတောင် ရေတံခွန်မှ မြစ်ဖျားခံလာပြီး ခုလို ရေနည်းသွားချိန်၌ပင် ရေစီးအားမှာ သန်နေဆဲ ဖြစ်လေသည်။ ရှေ့ဘက်နားရောက်မှ ရေကာတာလမ်းမှ ခွဲကာ မြို့အတွင်းလမ်းသို့ ချိုးကွေ့လိုက်လေသည်။ ကုက္ကိုပင်ကြီးတစ်ပင်၌ ချိတ်ဆွဲထားသော ပိုစတာကြီးမှ စိန်ဝင်းရွှေနှင့် မြစပယ်ရုံတို့၏ ပြုံးနေသော ရုပ်ပုံလွှာများက ဆီးကြိုနှုတ်ဆက်လေသည်။ ဆရာသည် အနုသဘင်ကို မြင်သာသူ မြင်သာသားများက ဆီးကြိုနေသည်ဟု စိတ်ထဲ၌ ထင်လာသည်။ ဇာတ်စီစဉ်သူမှာ ကြော်ငြာတော်သူ ဖြစ်၏။ ပွဲဆက်များအတွက် မြင်သာအနီး မြို့ကလေး ၅ မြို့ တွင်လည်း အနုသဘင်၏ ကြော်ငြာများ ပျံ့ဝဲပြီးသား ဖြစ်နေနှင့်ပေပြီ။

မြင်သာသည် မြင်းမဏိတောင်စွယ်တစ်ခုပေါ်၌ ရှိသဖြင့် ညနေဘက် နေညိုလာသည်နှင့် တစ်ပြိုင်နက် ကောင်းကင်မှ နှင်းစိုင်နှင်းခဲများ ပြုတ်ကျလာသည်။ လမ်းနံဘေး၌ ခြံများမှာ သစ်ပင်ဥယျာဉ်တို့မှ အစိမ်းရင့်ရောင် လွှမ်းနေသည်။ ငြိမ်းချမ်းသောမြို့။

ဆရာသည် လမ်းနံဘေးကို ငေးကြည့်ရင်း သူ့ကိုယ်သူ တကယ် ဇာတ်ကထွက်လာတာ ဟုတ်ရဲ့လားဟု မေးနေသည်။ သူသည် သူ့ကိုယ်သူ အလည်လာသော၊ ခွင့်ယူထားသော ကျောင်းဆရာကလေးလို ထင်နေပြန်သည်။ တကယ် ဇာတ်က

mgyoe.com

mgyoe.com


ရတော့မည်ဟု တွေးသောအခါ စိတ်မှာ မလှုပ်ရှားတော့ပေ။

မြင်သာဈေး၀ လမ်းဆုံ၌ ကပ်ထားသော ပိုစတာကြီးအောက်မှ လူအများ ဖြတ်သန်းသွားနေကြ၏။ ဆရာ၏ စိတ်ထဲ၌ လန်းဆန်းတက်ကြွနေသည်။ စပယ်ရုံ အငြိမ့်ကြီးနှင့် လိုက်ပါခဲ့စဉ်က ဖေဖေ၏ ပြုံးနေတတ်သော မျက်နှာကို သတိရမိသည်။

မကြာမီ စိမ်းမြသောလမ်းများကို ဖြတ်ကျော်ပြီး ဇာတ်ကားကြီး နှစ်စင်းသည် ဇာတ်ရုံနောက်ဘက် သွားရာလမ်းကို ချိုးကွေ့လိုက်သည်။ ဇာတ်ရုံ နောက်ဘက်၌ ထိုးရပ်လိုက်ပြီး ဆရာသည် ဇာတ်ရုံကို ကြည့်ကာ ရုတ်တရက် မဆင်းဖြစ်သေးဘဲ ဖြစ်နေသည်။

ဤဇာတ်ရုံမှာ အနုသဘင်အဖွဲ့ကြီးနှင့် ပရိသတ်များ စတင်တွေ့ဆုံရာ ဇာတ်ရုံ။ မြစပယ်ရုံအား ပရိသတ်များ စတင် မြင်တွေ့ရမည့် ဇာတ်ရုံ။ ဆရာသည် မြန်မာမှု ပြဇာတ်များကို စတင်ကာ ပြည်သူနှင့် ထိတွေ့စေရမည့် ဇာတ်ရုံ။

နောက်ကားသည် တစ်ဖက်ဘေးမှ ရပ်လိုက်၏။ ကားရှေ့ခေါင်းထဲမှ တိုးမလေး၊ ဦးကြာယုံနှင့် စိန်ဝင်းရွှေတို့ ဆင်းလာကာ ဦးကြာယုံက ဆရာ့ကို လှမ်းနှုတ်ဆက်သည်။ ကားပေါ်မှ ဆင်းသက်သံများ၊ ရယ်မောသံများ ဆူညံနေသည်။ ခဏတွင်း၌ပင် အသက်ဝင် လှုပ်ရှားလာသည်။ ဦးထွန်းအုံကြီးနှင့် အလုပ်သမားများသည် ဇာတ်သေတ္တာများကို ချရန် ပြင်ဆင်နေ၏။ ရုံနောက်ဘက် အပေါက်ဝတွင် ကားများပေါ်မှ လူများကို လှမ်း၍ ပြုံးပြ ကြိုဆိုနေသော ဇာတ်မန်နေဂျာ၏ မျက်နှာကို လှမ်းမြင်ရသည်။ မင်းသမီးကလေးများသည် ကားပေါ်မှ ဆင်းနေကြ၏။

ကုလားမစိန်နှင့် လှကြည်ကြည်လေးသည် လက်တွဲပြီး ကားပေါ်မှ ဖျတ်ခနဲ ခုန်ချလိုက်ကြ၏။ အောက်ရောက်လျှင် လူကြားထဲ၌ ထဘီများကို ဖြန့်ကာ ဖြန့်ကာ ဝတ်လိုက်ကြသည်။

ဆရာသည် မြင်သာမြေကို နင်းလိုက်ပြီးသည့်တိုင်အောင် စိတ်၌ ဇဝေဇဝါကား ဖြစ်နေလျက်ပင်။ ဇာတ်ရုံကြီးနောက်ပိုင်းကို မြင်တွေ့နေရပါလျက် တကယ်လားဟု တွေးနေသည်။ သူသည် အရပ်သားလား၊ ကျောင်းဆရာလား၊ ဇာတ်သမားလား...။ ထိုခဏ၌ပင် ပိုင်းခြားမရနိုင်အောင် ဖြစ်နေသည်။

မြစပယ်ရုံသည် ဆရာ့နံဘေး၌ ရပ်လိုက်ပြီး ပြုံးနေသည်။ ပြုံးသည်ဟု ဆိုသော်လည်း ရင်ခုန်လှုပ်ရှားမှုအပေါ်မှ ဝေ့တက်လာသော အပြုံးမှာ တစ်မျိုး

mgyoe.com

mgyoe.com


ဖြစ်နေသည်။ တစ်မျိုးလှနေသည်ဟု ဆိုရမလား။ စိန်စိုးအောင် သေတ္တာများကို ယူဆွဲလာခဲ့ပြီး ဆရာ့ ရှေ့၌ လာရပ်လိုက်သည်။ မောင်ဆိုင်ကို လက်ဖြင့်ပြခဲ့သဖြင့် မောင်ဆိုင်သည် ဆရာ့သေတ္တာနှင့် မြစပယ်ရုံတို့၏ သေတ္တာများကို ဆွဲချနေသည်။

"မြင်သာတော့ ရောက်ဖူးပြီ မြစပယ်ရုံရေ့၊ အနည်းဆုံး မြင်သာကိုတော့ ရောက်ဖူးပြီလို့ ပြောရတော့မှာပဲ။ မတတ်သာမှ ပြေးကြတာပေါ့ ..."

စိန်စိုးအောင်သည် တဟားဟား ရယ်လိုက်၏။

လှကြည်ကြည်လေးသည် သူ့ဇစ်ဆွဲအိတ်နှင့် သေတ္တာများကို ဆွဲကာ သွက်သွက် လှမ်းလာသည်။ ပေါင်တစ်လုံးဖော်ဝတ်ဟန်ကြောင့် ခြေလှမ်းလိုက်တိုင်း သူ၏ ပိုးစထဘီမှာ အသားနှင့် ကပ်နေသည်။ သူ့ကို တွေ့မြင်ရသည်မှာ အလိုလို ကြွတက်နေသော ရုပ်ကြွဆန်သော အသွင်မျိုးဖြစ်၏။ ခေါင်းကို မမော့တမော် ကလေး မော့ထားသည်။ မျက်နှာ၌ မော်သည့်အပြုံး၊ လှသည့် အပြုံးကို အသေပြုံးထားသည်။ သူ၏ မိတ်ကပ်နီနီမှာ သူ့အသားထက်၌ နီစွေး ကြွတက်နေသည်။ သူသည် ဆရာနှင့် မြစပယ်ရုံကြား၌ ဖျတ်ဖျတ်ဆို ဝင်ရပ်လိုက်ပြီး ဆရာ့ကို အသာမော့ကြည့်လိုက်သည်။ သူ့ မော့အကြည့်ထဲ၌ လှနေအောင် ပြုပြင် တတ်သည့်ဟန်၊ အလှအတတ်ပညာ တစ်ခုခုကို လျှို့ဝှက်စွာ သုံးထားသည်ဟု ထင်ရအောင်ပင် လှနေသည်။

"လှလေးတို့ နေရာယူကြရအောင်လေ ဆရာ ..."ဟု မိန်းကလေးသည် ဂီတအသံလွင်နေသည့် အသံဖြင့် ပြောသည်။

ဇာတ်အဖွဲ့သားများမှာ သူ့အစုနှင့်သူ အုပ်စုဖွဲ့ကာ ဇာတ်ခုံနောက်ဘက်သို့ သွားနေသည်။ ကျော့မြလေးနှင့် ငွေစန္ဒာတင်အောင်တို့ အတွဲသည် ဆရာ့ရှေ့မှ ဖြတ်လျှောက်သွား၏။

"သွားယူနှင့်ကြလေ ..."ဟု ဆရာက ပြောလိုက်သည်။ စိန်စိုးအောင် သေတ္တာ များဆွဲကာ ဇာတ်ရုံဘက်သို့ လျှောက်သွားသည်။

ဦးထွန်းအုံကြီး၏ ငေါက်ငမ်းသံနှင့်အတူ အလုပ်သမားများသည် ဇာတ်သေတ္တာများကို ချနေသည်။ နီနီဝင်း၊ လှလှမူ သည် သူ့အစ်ကို မောင်စိုး နှင့်အတူ ဇာတ်ရုံဘက် ထွက်သွားသည်။

ခင်စန်းကြည်၊ ခေတ်စမ်းကြည်၊ ရီရီစိန်တို့၏ အတွဲလည်း ဖြတ်လျှောက် သွားသည်။ ဆရာသည် မြစပယ်ရုံတို့ သားအမိ၊ လှကြည်ကြည်လေးနှင့်အတူ ဇာတ်ရုံနောက်ဘက်သို့ ဝင်လာခဲ့သည်။ ဇာတ်ရုံနောက်ဘက်၌ ဖျာခင်းသံ၊

mgyoe.com

mgyoe.com


နေရာယူသံ၊ ဖျာရှာသံ၊ သေတ္တာချသံ၊ စကားပြောသံ၊ ရယ်မောသံများဖြင့် ဆူညံလှုပ်ရှားနေသည်။ ဇာတ်ရုံအတွင်းသို့ ဝင်လိုက်ရန်အတွက် ရင်လေးနေသလိုလည်း ဖြစ်မိသည်။

အတွင်း၌မူ အနည်းငယ် မှောင်ရီနေသည်။

မြေပြင်ပေါ်၌ ဖွဲများ ထုတက်အောင် ခင်းထား၏။ အပေါ်မှ ဖျာများ ဇာတ်ရုံထဲမှ ယူကာ အထပ်လိုက် ထပ်ခင်းကြ၏။ သူ့အစုနှင့်သူ ခန်းဆီးရှိသူများက ခန်းဆီးများ ကာလိုက်ကြသည်။ သေတ္တာများကိုယူကာ ကြားထဲ၌နေရာ အကန့်ခြားလိုက်ကြသည်။

ဇာတ်ခုံနောက်ဘက် ဝဲဘက်ထောင့်အစွန်၌ ဇာတ်ပိုင်ရှင်အတွက် အခန်းမှာ သီးသန့်ခြားနား ကာရံထားပြီးသား ဖြစ်နေသည်။ အပြာနုရောင် ခန်းဆီး စသည် ကြွားဝင့်သလို လွင့်နေသဖြင့် အထဲ၌ပြင်ဆင်ထားသော ခုတင်၊ နိုင်လွန် ခြင်ထောင်၊ ကုလားထိုင်၊ စားပွဲ၊ ဘုရားစင်၊ ငှက်ပျောအုန်းပွဲများကို မြင်လိုက်ရ၏။ သစ်ကနက်သား ဘုရားရုပ်တုရှေ့၌ အမွှေးတိုင်ထွန်းညှိထားသဖြင့် အမွှေးတိုင် ရနံ့မှာ အပြင်သို့ ဝေ့ထွက်လာနေသည်။

ဇာတ်ပိုင်ရှင်၏ မန်နေဂျာသည် ဇာတ်ပိုင်ရှင်အခန်းဝ၌ ပြုံးပြုံး ရပ်နေ၏။

"ဦးသက်ခိုင်ကော"ဟု ဆရာက လျှောက်သွားရင်း မေးလိုက်သည်။

"ဇာတ်ဆရာ လမ်းလျှောက်ရင်း ပွဲမိန့်အတွက် ထွက်သွားပါတယ်။ ကိုကြော့ဝေနဲ့ စိန်စိုးအောင်ကို သူ့ကို စောင့်နေဖို့ ပြောလိုက်ဖို့လဲ ကျွန်တော့်မှာသွားပါတယ်။ ခုပဲ ပြန်လာပါလိမ့်မယ်"

ဇာတ်ခုံပေါ်တွင် ဝဲဘက်၌ ကျော်မြလေးနှင့် စိန်ဝင်းရွှေ၊ ငွေစန္ဒာတင်အောင်တို့အစု နေရာယူပြီးနေပြီ။ ကျော်မြလေးနှင့် ငွေစန္ဒာတင်အောင်တို့ အတော်ကြာလျှင် ဇာတ်ရုံအပြင်ဘက်သို့ ထွက်သွားသည်။

ယာဘက်၌ မြေပေါ်တွင် နေရာယူထားကြရာ၊ ဆရာ၏ အိပ်ရာကို ဝဲဘက်အစွန်ဆုံးထိပ်၌ စိန်စိုးအောင်နှင့် မောင်ဆိုင် ပြင်နေသည်ကို တွေ့ရသည်။ အပေါက်ဝတွင် ဖြစ်နေသဖြင့် လေအတိုးသက်သာစေရန် ဇာတ်ရုံမှ ဖျာများကို ဆွဲယူပြီး ကာရံထားသည်။ ဟိုဘက်၌ စိန်စိုးအောင်တို့ မောင်နှမ၊ ဟိုဘက်၌ မြစပယ်ရုံတို့ သားအမိ၊ ဟိုဘက်၌ ခင်စန်းကြည်နှင့် ဦးငွေသောင်၊ ဟိုဘက်၌ တိုးမလေးနှင့် ဦးကြာယုံ၊ ဟိုဘက်၌ ခေတ်ဆန်းကြည်တို့ သားအမိ၊ ဟိုဘက်၌ မောင်စိုးတို့ မောင်နှမတစ်တွေ၊ ဟိုဘက်အစွန်တွင် ရီရီစိန်နှင့် ဒေါ်သိန်း၊ ဝင်ပေါက်

mgyoe.com

mgyoe.com


တစ်ခုခြားပြီး ဟိုဘက်တွင် အိမ်ထောင်သည်များ။ ဇာတ်ခုံအပေါ် ယာဘက်၌ ဦးထွန်းအုံနှင့် အလုပ်သမားခြောက်ယောက် နေရာယူထားသည်။

ဆရာသည် ခင်းပြီးစ သူ့အိပ်ရာထဲ၌ ဝင်၍ လဲလျောင်းလိုက်ရင်း အလုပ်သမားများ လှုပ်ရှားနေသည်ကို ငေးကြည့်ကာ ဤဇာတ်အဖွဲ့၌ သူ့နေရာမှာ ဘာမျှမဟုတ်တော့သည်ကို တွေးနေမိလေသည်။ သူ့ကို ဇာတ်မန်နေဂျာက "ကိုကြော့ဝေ"ဟု ခေါ်လိုက်သည်ကို သူသည် စိတ်ထဲမှဖျောက်၍ မရပေ။ ဇာတ်မန်နေဂျာမှာ ဆရာ့ထက် အသက်များစွာ ငယ်ရွယ်သည်။ ဆရာသည် သူ့ကိုယ်သူ ဇာတ်ပိုင်ရှင်၏ သာမန်အလုပ်သမားကလေး တစ်ယောက်မျှ ဖြစ်နေခဲ့ပြီကို တွေးနေမိလေသည်။ ဇာတ်ပိုင်ရှင်ကို အများက "ဇာတ်ဆရာ"ဟု သုံးကာ ဇာတ်အဖွဲ့တစ်ဖွဲ့၌ သူ့ ဩဇာသာလျှင် အထိရောက်ဆုံး ဖြစ်ပေသည်။ သူသည် ဇာတ်သူဇာတ်သားများနှင့် အဆင့်အတန်းချင်းများစွာ ခြားနားသော ပုဂ္ဂိုလ်ကြီးတစ်ယောက် အလိုလို ဖြစ်လာသည်။ ဆရာသည် ယခင်က ကျောင်းဆရာလေးဘဝမျှပင် လူအလေးစားခံရတော့မည် မဟုတ်တော့ပေ။ အစဉ်အလာပင် ဖြစ်လေသည်။

အနုသဘင်မှာ ဆရာ၏ အနုသဘင် မဟုတ်နိုင်တော့ပြီ။ ဆရာသည် အနုသဘင်ထဲ၌ ပါဝင်သော ဇာတ်စာရေးဆရာကလေး တစ်ဦးမျှသာ ဖြစ်နေခဲ့လေပြီ။ နောင်အခါ၌ အနုသဘင်အဖွဲ့ကြီးသည်လည်း အခြား ဇာတ်အဖွဲ့များလိုပင် အမျိုးမျိုး ရှုပ်ရှုပ်ထွေးထွေး ဖြစ်ချင်ရာ ဖြစ်လာတော့မည်။ စင်စစ်၌ အနုသဘင်ကား ပျံကျများ စုဝေးရာ ပျံကျအဖွဲ့တစ်ခုမှတစ်ပါး အခြား မဖြစ်နိုင်တော့ပေ။ ယခုအတိုင်းဆိုလျှင် ဆရာသည် မပိုင်ဝက်မွေးဖြစ်ကာ ဖြစ်ချင်ရာဖြစ် ဘာမျှ မလုပ်ဆောင်နိုင် တားဆီးနိုင်မည့် ပုံလည်း မရှိတော့ပေ။

"လှလေးတို့ ထမင်းစားကြရအောင် ကိုကို"ဟု မိန်းကလေးက ပြောလိုက်လေသည်။

မကြာမီပင် အိပ်ရာခြေရင်း ဇာတ်သေတ္တာ နှစ်လုံးပေါ်တွင် ဝိုင်းဖွဲ့ကာ ပါလာကြသော ထမင်းချိုင့်များကို ထုတ်ယူ စားသောက်လိုက်ကြသည်။ မြစပယ်ရုံသည် သေတ္တာတစ်ဖက်မှ ကျုံ့ကျုံ့ကလေး ထိုင်စားလေသည်။ ဤဇာတ်ရုံထဲ၌ ပထမဆုံး ထမင်းစားရခြင်းမှာလည်း ထူးဆန်းသလို ဖြစ်နေသည်။

မကြာမီ ငွေစန္ဒာတင်အောင်တို့ နှစ်ယောက် အပြင်မှ ပြန်လာကြသည်။ ဆရာ ထမင်းစားပြီး လက်ဆေးရန် အထလိုက်တွင် သူတို့နှင့် ကွေ့ရှောင်လိုက်ရသည်။

mgyoe.com

mgyoe.com


ဆရာသည် သူတို့ထံမှ အရက်နံ့ကို ထောင်းခနဲ ရရှိလိုက်လေသည်။ သူတို့သည် ဓာတ်ခုံနောက်ဘက်သို့ လှေကားမှ တက်သွားကြ၏။ ဆရာသည် ဓာတ်ရုံဝ၌ ရပ်ကျန်ရစ်ခဲ့သည်။ အနုသဘင်၏ အနာဂတ်ကို မျှော်တွေးမိလိုက်လျှင် စိတ်ထဲ၌ ပွေနောက်သွားသည်။ တစ်ခုတည်းသာ လုပ်ယူရန် ရှိတော့သည်။ သူသည် ဓာတ်ပိုင်ရှင်နှင့် အသေအချာ ပေါင်းသင်းပြီးမှ စည်းကမ်းထိန်းသိမ်းရေးကို ကိုင်တွယ်လိုက်လျှင် ပဋိပက္ခများ စတင် ဖြစ်ပွားလာရတော့မည်။ သူတို့ကား ပျံကျများ ဖြစ်ကြသဖြင့် ဓာတ်တကာ၌ ဤအတိုင်းနေခဲ့သည့် အကျင့်ကို စွဲနေသည်။ ဤအရာများကား လျစ်လျူရှုထားရမည့် အပိုင်းပေလား၊ ဆရာသည် ဓာတ်ညွှန်ကြား စီစဉ်ရာ၌သာ ဆရာနှင့် ပတ်သက်နေသလား။

ခြေရင်းဘက်မှ မီးများ ဖျတ်ခနဲ လင်းလာလေသည်။ ဓာတ်ပိုင်ရှင့်အခန်းမှ အပြာရောင်မီးတန်းများ အပြင်ဘက်သို့ ပွင့်အန်ထွက်လာသည်။

ဆရာသည် ကိုသက်ခိုင် ပြန်ရောက်လာသောအခါ စိန်စိုးအောင်နှင့်အတူ အခန်းထဲ၌ ဝင်ရောက် တွေ့ဆုံခဲ့သည်။ နောက်နေ့ည ကြော်ငြာပိုင်း အစီအစဉ်၊ ဓာတ်အစီအစဉ်များကို အတည်ပြု ဆွေးနွေးကြပြီး ဓာတ်ပိုင်ရှင့်အခန်းမှ ပြန်လာခဲ့ကာ အိပ်ရာထဲသို့ ဝင်ရောက် လဲလျောင်းလိုက်သည်။

မည်သူနှင့်မျှ စကားမပြောချင်တော့ပေ။ စိတ်ထဲ၌ ရှင်းမရနိုင်အောင် ရှုပ်ထွေးနေသည်။ ဆရာသည် ခြင်ထောင်ချလိုက်ပြီး မျက်လုံး မှိတ်ထားလိုက်၏။ အသံဗလံများ ကြားနေကာ ဆိတ်ငြိမ်မှု မှန်သမျှကား ပျက်စီးနေခဲ့လေပြီ။ ထွန်းထားသော မီးရောင်သည် မျက်လုံးအိမ်အတွင်းသို့ ဖောက်ဝင်နေ၏။ အိပ်ရာခင်းမှာ အေးစက်နေသည်။ မှောင်လာလျှင်ပင် မြင်သာမှာ အအေးဓာတ် ကဲလာသည်။ ဓာတ်ရုံအမိုးပေါ်သို့ နှင်းသီးနှင်းပေါက်များ တဖျောက်ဖျောက် ကြွေကျနေသည်။ မြင်းမဏိတောင်ခြေ နှင်းတောဘက်မှ ဝှေ့တိုက်လာသော လေသည် ကာထားသည့် ဖျာများကို အတင်း ကျစ်တိုးနေသည်။ မြေ၏ အအေးဓာတ်သည် ဖျာများအပေါ်သို့ တက်လာသည်။ တဖြည်းဖြည်းနှင့် တိတ်ဆိတ်လာသည်။

လူအားလုံး အိပ်မောကျချိန်အထိ ဆရာသည် အိပ်၍ မရနိုင်သေး။ တစ်ဖက်နှစ်အိပ်ရာကျော်မှ မြစပယ်ရုံ၏ လူးလွန့်သံကိုလည်း ကြားရသည်။ သည်မိန်းကလေးခများလည်း အိပ်ပျော်နိုင်ရှာမည် မဟုတ်။ ဤလောကသစ်ထဲသို့ ယခုမှ ရောက်လာကြသော လူသစ်များမှာ ဆရာနှင့် သူ။ သူနှင့် ဆရာ။

mgyoe.com

mgyoe.com


ဆရာသည် အနုပညာသည်တို့၏ အခြေမခိုင်လုံနိုင်သော ဘဝများကို တွေးနေမိ၏။ ဤအိပ်ရာကား အေးရိပ်ငြိမ်မှ ကျွန်းခုတင်နှင့် များစွာ ခြားနားခဲ့လေပြီ။ သည်ဘဝမှာ ဆရာ၏ လွန်ခဲ့သော လေးငါးလက ဘဝနှင့်ကား ခြားနားခဲ့လေပြီ။ ကျင့်သားမရနိုင်မီ ကြား၌မူ ဤခြားနားချက်များကို တွေးမိနေမည်။ ဆရာသည် တစ်ဖက်အိပ်ရာမှ စိန်စိုးအောင်၏ တခေါခေါ အိပ်မောကျနေသံကို သတိထားမိသည်။ သူကား ထုသားပေသား ကျင့်သားနေသူရ ဖြစ်၏။ သူသည် ဓာတ်ပေါင်းစုံ၌ လှည့်လည် ပျံ့ဝဲခဲ့၏။ သူသည် ခေါင်းနှင့် ခေါင်းအုံး ထိလိုက်လျှင် ဘာမှ မတွေးတော့ဘဲ တခေါခေါ အိပ်မောကျသွား၏။ သူ့လို ကျင့်သားပေသား ရယူနိုင်လျှင်မူ ဆရာ့အတွက် အားလုံးမှာ ပြေပြေချောချောကလေးမျှသာ ဖြစ်သွားပေလိမ့်မည်။

●

mgyoe.com

mgyoe.com

အနုသဘင်သည် မြင်သာမြို့ မဟာပိန္နဲတွင် ရုံတင်ပြီးနောက် အစီအစဉ်အတိုင်း မြင်းမဏိတောင်ခြေ မြင်သာမြစ်ကမ်း တစ်လျှောက် ကူးကာယက်ကာ တောင်ညို၊ တောင်စိမ်း၊ စိမ့်၊ မြစ်သာ၊ မြစ်သေနှင့် ခဲမမြို့များကို ဖြတ်သန်းသွားသည်။ မြင်သာနှင့်တကွ မြို့တိုင်းတွင် ပထမညရုံ လူအဝင် ကြဲတတ်သည်။ ဝေဖန်သံ မည်ကဲ့သို့ပင် ထွက်ပေါ်လာသည် ဖြစ်စေ၊ ဒုတိယညဌ ရုံ လူအဝင် စိပ်လာတတ်သည်။ နောက်ည များတွင် ပိုမိုများပြားလာတတ်သည်။

သဘင်ဆိုသည်မှာ ပရိသတ်ရှေ့မှောက်၌ ပြနေရသော အနုပညာ ဖြစ်၏။ ပရိသတ်၏ အသံကို ချက်ချင်းကြားလာရသော သဘောရှိသည်။ ပရိသတ်၏ ရှုထောင့်မှာ ညတွင်းချင်း တန်ပြန်ဂယက် ရိုက်ခတ်လာသည်။ လူအမျိုးမျိုး အဆင့် အမျိုးမျိုးရှိသော ပရိသတ်ထံမှ ဝေဖန်သံသည်လည်း အရောင်အသွေးမျိုး စုံလှပေ သည်။

သူတို့သည် ဇာတ်စလျှင်စချင်း 'ဝဏ္ဏာပဘာ' လို အဆို၊ အက၊ ဂီတ၊ လင်္ကာကဗျာတို့ဖြင့် ဖွဲ့စည်း ရွတ်ဆိုထားသော ပြဇာတ်မျိုးကို ကြည့်ရသောအခါ အံ့အားသင့်ကာ တွေသွားကြသည်။ ဇာတ်လမ်း နှစ်ပါးသွား ဇာတ်ကွက်ဝင် မြိုင်ထများကို ကြည့်ရလျှင် သူတို့နှင့် စိမ်းနေကြ၏။ သူတို့သည် ဇာတ်လမ်း၌ နှစ်မြုပ်နေရစဉ်၌ မြန်မာ့သဘင်မှုဖြစ်သည့် နှစ်ပါးသွား မြိုင်ထတို့ကို ကြည့်ပြီး ဖြစ်နေသည်။ ပထမတွင် နားမလည်နိုင် ဖြစ်နေသည်။ ထို့နောက်နှစ်ပါးသွား မလာတော့ဘဲ အစီအစဉ်အရ အုပ်စုလိုက် အကများ၊ ကိုယ်စွမ်းပြ အကများ၊

mgyoe.com

mgyoe.com

အဆိုအက ဇာတ်လမ်းတိုများ တင်ဆက်သောအခါ ဘာမှန်းမသိတော့ဘဲ 'ပဒေသာ ကပွဲလား'ဟု ငေးနေကြ၏။

သူတို့က စိန်ဝင်းရွှေနှင့် မြစပယ်ရုံ၊ သို့မဟုတ် လှကြည်ကြည်လေး၊ မင်းသမီး အစုံတို့၏ ဇာတ်ရုပ်နှစ်ပါးသွား မဟုတ်နိုင်ဘဲ လူကိုယ်တိုင် နှစ်ပါး၊ သုံးလေးငါးပါး သွားကြသည်ကို မျှော်လင့်စောင့်ကြိုနေစဉ်တွင် နောက်ထပ် 'မြတ်ပန်းဝတ်မှုန်'လို မြန်မာမှု ပြဇာတ်တစ်ပုဒ် ဝင်ရောက်လာလျှင် အံ့အားသင့်မှုမှာ အထွတ်အထိပ်သို့ ရောက်သွားသည်။

"ဘယ်လိုဇာတ်လဲ မသိပါဘူးဟယ်... ကောင်းတော့ ကောင်းပါတယ် တစ်မျိုးကြီးပဲ"

ထိုအသံများ လျှံထွက်လာသည်။

မြစပယ်ရုံနှင့် လှကြည်ကြည်လေးတို့မှာ ပရိသတ် ရင်ထဲ၌ တင်ကျန် နေရစ်ခဲ့ပြီဟု ထင်ရသည်။ စိန်ဝင်းရွှေကား ခေါင်းဆောင်များထဲ၌ မှိန်နေသည်။

ပရိသတ်က နေရာတကာတွင် 'ပြဇာတ် မပါဘူးဟေ့'ဟု ပြောနေ၏။

"ပြဇာတ်မပါတာ ရှော်တယ်ကွာ၊ အလကားပဲ၊ တို့က ဖိုက်တင် ကြည့်ချင်တာ၊ ဂျူဒို ကရာတေးလေး ဘာလေးကြည့်၊ တဒိုင်းဒိုင်းပစ်တာ ကြည့်ရမလားလို့ သွားတာ"

"လာကြည့်မိတာ မှားတာပဲ၊ ရှေ့ပိုင်း ပြဇာတ်ကြည့်ပြီး ပြန်မလို့ဟာ"

ဤအသံများကို ဆရာသည်လည်း ကြိုတင်ကာ မျှော်လင့် သိထားပြီးသား ဖြစ်၏။ ဇာတ်ကို ပရိသတ်ကြည့်နေသဖြင့် ထိုဝေဖန်သံအတွက် ပြုံးပြီး နားထောင်နေနိုင်ခဲ့သည်။

စိမ့်တွင် တတိယညှ က ပြီးသောအခါ ဆရာသည် ထိုဝေဖန်သံနှင့် ပတ်သက်ပြီး ပထမဆုံးအကြိမ် ဇာတ်ပိုင်ရှင်နှင့် ဆွေးနွေးခဲ့ရလေသည်။ ဇာတ်ပိုင်ရှင်နှင့် စတုတ္ထညအတွက် နေ့ခင်းပိုင်း၌ အစီအစဉ်များ ရေးဆွဲရင်း...

"ပရိသတ်ဆီကတော့ ပြဇာတ်ဆိုတဲ့ အသံ ထွက်နေတာပဲ"ဟု ဇာတ်ပိုင်ရှင်က ပေါ့ပေါ့ကလေး ပြောလိုက်လေသည်။

ဆရာသည် ပြုံးနေခဲ့၏။

"ဒီအသံကတော့ ထွက်လာရမှာပဲလို့ ကျွန်တော် ပထမတုန်းကတည်းက ဆေးရုံပေါ်မှာ ကတည်းက ပြောခဲ့တာပဲ မဟုတ်လား။ ကျွန်တော်လည်း ကြားတာပါပဲ။ ဒါကတော့ အဆန်းမှ မဟုတ်တာဘဲ ဦးသက်ခိုင်"

mgyoe.com

mgyoe.com


"မဟုတ်ဘူးလေ … ဒါပေမဲ့ ကျွန်တော်တို့ကတော့ ပရိသတ်ဆီက အသံကို နားထောင်ကြည့်ရမှာပဲ မဟုတ်လား၊ သူတို့ဆီက အသံကို ပြန်ပြီး ကောက်ချက်ချယူ၊ ကျွန်တော်တို့ရှိတဲ့ဟာနဲ့ ညှိနှိုင်းယူ"

ဆရာသည် ဇာတ်ပိုင်ရှင်၏ ငွေကြုတ်ထဲမှ စီးကရက်တစ်လိပ်ကို ကောက်ယူမီးညှိဖွာရှိုက်ကာ ပြုံးမြဲပြုံးနေခဲ့၏။ ပရိသတ်၏ တောင့်တမှုဆိုလျှင် ထိုတောင့်တမှုသည် စက်တစ်ခု၏ ပင်မအားဖြစ်သဖြင့် ဇာတ်ပိုင်ရှင်ဟူသည့် ခွေးသွားစိပ်များကို လည်ပတ်စေကာ ထိုအရှိန်သည် အနုပညာသည်များထံကို ရောက်လာရပေမည်။ အဘယ်ကြောင့် ပရိသတ်ထံမှ ထိုတောင့်တမှု ရှိနေခဲ့သည်ကို ချိန်ဆပြီး အနုပညာသည်များက ပရိသတ်၏ တောင်းဆိုမှု မှုမှန်သွားအောင် ပြန်လည်ပြုပြင်နိုင်သည်ဟု ဆရာသည် နားလည်ခံယူသည်။ ပရိသတ်ကို တောင်းဆိုမှု မှန်ကန်အောင် ပြုပြင်နိုင်ရန် အနုပညာသည်သည် ပြည့်ဝနိုင်ဖို့ လို၏။ အနုပညာသည်ကသာလျှင် ပရိသတ်ရှေ့မှ ဆောင်သွားနိုင်ရပေမည်။ အကြောင်းမှာ ထိုလွဲမှားသော တောင်းဆိုမှုမျိုး ဖြစ်ပေါ်လာအောင် ပြုလုပ်သွားသူများမှာလည်း အနုပညာသည်များပင် ဖြစ်နေသောကြောင့် ဖြစ်၏။

ဆရာသည် စီးကရက် ပြာချွေရင်း …

"ဒါပေမဲ့ ရုံတော့ ပထမညထက် ဒုတိယညမှာ ပိုဝင်တာပဲ။ ပြဇာတ်လို့ အသံထွက်လာတာ အများစုတော့ မဖြစ်နိုင်ပါဘူး"ဟု ပေါ့ပေါ့ကလေးပြောခဲ့သည်။

"ဟုတ်တယ်၊ ဒီလိုပဲ ကြည့်နေရမှာပေါ့"

ဆရာသည် ဇာတ်ပိုင်ရှင်အခန်းမှ ထွက်လာခဲ့ပြီး အိပ်ရာထဲ၌ လဲလျောင်းရင်း ယခုအခါ၌ အနုသဘင်အဖွဲ့ ရုံ လူဝင်နေသောကြောင့်သာ ဇာတ်ပိုင်ရှင်ထံမှ အသံမှာ ရယ်မောသံ၊ မတိုးမကျယ်ပြောသံ ဖြစ်နေသည်ကို သတိထားမိသည်။ ထိုအသံမှာ ရယ်မောသံအကြားမှာ မှိန်ကာပျောက်ကွယ် သွားပြန်သည်။ တစ်ချိန်ချိန် ဇာတ်နာသောအခါတွင် ထိုအသံမှာ ကျယ်လောင်လာပေလိမ့်မည်။ အနုသဘင်အဖွဲ့အတွင်း၌ အုပ်စုကွဲသွားနိုင်သောအသံ ဖြစ်ကောင်း ဖြစ်နိုင်သည်ကို ကြိုတင်တွေးဆ ထား၍ရသည်။

ဆရာသည် လေးငါးနေရာ မကူးမိ၍ပင် နေ့ခင်း အိပ်ပျော်အောင် အိပ်တတ်လာသည်။ ဇာတ်အဖွဲ့က ချက်သည့် ထမင်းဟင်းများကို မျိုကျအောင် စားတတ်လာသည်။ သူ့ကိုယ်သူ ဥပေက္ခာလည်း ပြုနိုင်သမျှ ပြုတတ်လာသည်ဟု ထင်လာရသည်။ သူသည် ကိုယ်နှင့် ဆိုင်သည့် ကိစ္စများ၌လည်း မဆိုင်သလို နေတတ်

mgyoe.com

mgyoe.com


လာသည်။ မင်းသမီးကလေးများ၏ ကပိုကရို နေတတ်ဟန်ကို သိပ်ဂရု မပြုတော့ပေ။ သူတို့၏ အရိုင်းကမ္ဘာထဲသို့ ဝင်ရောက် ထိုးဖောက်သွားလိုတတ်သော ဆန္ဒစိတ်ရိုင်း များကိုလည်း ဂရုမပြုတော့ပေ။ ရံဖန်ရံခါ၌မူ မချမ်းမသာ ဖြစ်နေတတ်၏။ ထိုသို့ ဖြစ်သော်လည်း မိုတ်ကျိတ်မျိုသိပ် လာတတ်သည်။ အသာအယာ လျှော့ပေးလာတတ်သည်။ အရက်နံ့ရလာလျှင်မူ စိတ်ထဲ၌ မကျေမနပ် ဖြစ်သွားမိတတ်သည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ပြောဆိုမိလျှင်လည်း သိက္ခာကျကောင်း ကျနိုင်မည်ဖြစ်၍ အသာပင် ငြိမ်နေလိုက်သည်။ ဇာတ်မှာ ဆရာထင်သည့် အရှုပ်အထွေးများ ပေါ်မလာသေးပေ။ အရှုပ်အထွေးများ ပေါ်လာနိုင်မည့် အစကိုမူ မြင်တွေ့နေရသည်။

မြစပယ်ရုံသည် ဆရာ့အဝတ်ဟောင်းများကို အတင်းယူပြီး ဖွတ်ပေးတတ်၏။ တစ်ခါတစ်ရံ ဆရာက အားနာ၍ ငြင်းပယ်လျှင် သူသည် အတင်းဆွဲချွတ်မည့် အတိုင်း ပြုလုပ်တတ်၏။

"ဆရာ၊ အဲဒီ အင်္ကျီကြီးပေနေပြီ ချွတ်စမ်းပါ၊ စပယ်ရေချိုးရင်း ဖွပ်ခဲ့မလို့၊ ဟိုမှာ မီးပူတိုက်ထားတာ ယူဝတ်ပါ။ အို ... ကိစ္စမရှိဘူးဆိုလို့ ဘယ်ဖြစ်မလဲ။ ဆရာ့ ပြောလိုက်ရင် ဒီလိုချည်းပဲ။ ကဲ ... ချွတ်စမ်းပါ ဆရာရယ်၊ တစ်ခါတစ်ခါ လူတွေဆိုတာ အဝတ်အစားကြည့်ပြီး လူ့ တန်ဖိုးဖြတ်ချင်ကြတာ"

ဆရာသည် မြစပယ်ရုံနှင့်လည်း အခါတိုင်းလို ရင်းရင်းနှီးနှီး မနေမိအောင် သတိထားခဲ့သည်။ စိတ်ထဲ၌မူ တစ်ခါတစ်ရံ ကြည်နူးမိတတ်သည်။ ဆရာသည် မြစပယ်ရုံနှင့် ဟိုတုန်းကလို လမ်းအတူတူမလျှောက်မိရန် တမင် ဆင်ခြင်နေခဲ့သည်။ ညနေခင်းဘက်၌ ဆရာ၏ လမ်းလျှောက်အကျင့်မှာကား မပျောက်တော့ပေ။ ဆရာသည် ရောက်ရာဒေသတိုင်း၌ မြို့အပြင်ဘက်သို့ ရောက်အောင် ထွက်ပြီး လမ်းလျှောက်သည်။ တစ်ခါတစ်ရံ ဇာတ်အဖွဲ့၌ စိတ်ညစ်စရာများ ပေါ်ပေါက်လာလျှင် လမ်းလျှောက်ပစ်ခြင်းဖြင့် ညစ်ညူးသော စိတ်များကို ပြောင်းလဲကုစားပစ်သည်။

ဇာတ်ခွင်ထဲ၌မူ ဆရာသည် တင်းတင်းမာမာပင် အတိမ်းအစောင်းမခံ ဆက်ဆံပစ်၏။ မှားယွင်းလျှင် သည်းမခံဘဲ အော်ဟစ်ပစ်လိုက်၏။ သူသည် သူ၏ နေရာမှာ ဇာတ်ခွင်အတွင်း၌သာလျှင် ရှိသည်။ အပြင် ပုဂ္ဂိုလ်ရေးရာများနှင့် မဆိုင်ဟု တွက်ဆလိုက်သောအခါ ညစ်ညူးနေသော စိတ်ကလေးများ ပျောက်ကွယ်သွားတတ်ပြန်သည်။

mgyoe.com

mgyoe.com


ဇာတ်သည် မြစ်သာမြို့၊ မြစ်သေမြို့များသို့ ဆက်ကာ ကူးပြောင်း သွားလေသည်။ ထိုမြို့များသို့ ရောက်လျှင် ဇာတ်အုပ်စုဖွဲ့မှုများကို စတင်၍ မြင်လာသည်။ ဇာတ်ရုံမင်းသမီးလေးများသည် အုပ်စုဖွဲ့လာကာ မြစပယ်ရုံကို ဝိုင်းပယ်ခြင်းအားဖြင့် စတင်တိုက်ခိုက်လာသည်။ သူတို့သည် မြစပယ်ရုံကို မည်သူကမျှ အဖက် မလုပ်ကြတော့ပေ။ သူတို့၏ အနေအထိုင် အပြောအဆို များမှာလည်း ပို၍ ဇာတ်ဆန်လာသည်။ အဝတ်အစားလဲလှယ်သည်မှ စကာ သူတို့၏ အကျင့်စွဲနေသော အပြုအမူများအတိုင်း ဖြစ်ချင်သလို ဖြစ်လာသည်။ တစ်ယောက်နှင့် တစ်ယောက် အပြောအဆို သုံးစွဲသည့် စကားမှာလည်း ကြမ်းတမ်း လာသည်။ မြစပယ်ရုံကား အရပ်သူ ကျောင်းသူကလေးအတိုင်းပင် ရိုးရိုးကလေး နေထိုင်ဆဲဖြစ်၏။

ဆရာသည်လည်း သူတို့ကိုကြည့်ကာ တစ်ချိန်ထက် တစ်ချိန် စိတ်မောလာသည်။ ဇာတ်ခုံပေါ်၌ လူရွှင်တော်များ၏ ပြက်လုံးများကို ပိုမို ကြပ်မတ်ထိန်းသိမ်း လာရ၏။ မင်းသမီးလေးများ ပါးစပ်မှ ထွက်ပေါ်လာမည့် စကားကို ကြိုတင် ပိတ်ဆို့လိုက်၏။ "ဒါတော့ အပြတ်ပြောတာ၊ ခါးက အောက် ပြက်လုံးတစ်ခုမှ မထုတ်ရဘူး၊ ရိုင်းပျတာ တစ်ခုမှ မပါရဘူး" ဟု ဆရာသည် ကြိမ်းမောင်းနေရ၏။ သူတို့ မျက်လုံးများကိုမူ ထိန်း၍ မရ။ သူတို့၏ ရမ္မက်ပါသော အသံများကိုမူ ထိန်းထား၍ မရ။

မြစပယ်ရုံသည် ဇာတ်ခုံပေါ်တွင် ထက်မြက်လှစွာ လုပ်ပြသွားတတ်သော်လည်း ဇာတ်ခုံအနောက်ဘက်သို့ ရောက်လျှင် သူ့မျက်နှာကလေးမှာ စိတ်ညစ် ရှုပ်ထွေးကာ ညှိုးကျလာတတ်လေသည်။ သူက ဆရာအား ဖွင့်မပြောသော်လည်း ဆရာသည် သူစိတ်ထဲ၌ တဖြည်းဖြည်း ဆင်းရဲလာနေသည်ကို သိနေသည်။ အများက ဝိုင်းပယ်ထားသောအခါ သူသည် ဇာတ်မှ အလိုလို ကွဲထွက်ကာ အားငယ် လာသည်။ သူသည် အိပ်ရာမှ နိုးလာလျှင် မျက်လုံးဖွင့်ကာ ဆရာ့ကို လှမ်းကြည့် တတ်သည်။ သူ၏ မျက်လုံးအိမ်ထဲ၌ အားငယ်မှု အရိပ်အရောင်များကို တွေ့နေရတတ်သည်။ သူသည် နေ့လယ်နေ့ခင်း ဆရာ စောင်းတီးလျှင် ခြေရင်းဘက်၌ ပုံ့ပုံ့ကလေးထိုင်ကာ သီချင်းတစ်ပုဒ်ပုဒ်ကို အသံအုပ်ပြီး ဆိုတတ်သည်။ သူ့ကို မြင်နေရသည်မှာ ပို၍ သိမ်မွေ့လာသလိုပင် ထင်လာသည်။ သူ၏ စကားပြောသံမှာ ပို၍ တိုးတက်သွားသည်။ သူ့ မျက်နှာပေါ်၌ ရွှင်ပြုံး ရယ်မောမှုမှာ အတွေ့ရ နည်းပါးလာသည်။ ရယ်မောလျှင်လည်း ရွှင်လန်းတက်ကြွ

mgyoe.com

m.gyoe.com


မှုများ ဟက်ဟက်ပက်ပက် မရှိတော့ပေ။

ခဲမသို့ရောက်လျှင် ဆရာမှာ ပို၍ ထုသား ကျင့်သား ရလာသည်။ မျက်နှာမသစ်သေးဘဲ လက်ဖက်ရည် သောက်တတ်လာသည်။ မျက်နှာသုတ်ပဝါကို လည်ပင်း၌ တစ်နေကုန် တင်ထားတတ်လာသည်။ ဆရာသည် ခဲမသို့ ရောက်သည့် ညနေ၌ပင် မြို့အပြင်ဘက် မြင်သာ မြစ်နဖူးအတိုင်း လမ်းလျှောက်ပစ်၏။ ခဲမတွင် တစ်နေ့ နေ့ခင်း၌ ဆရာ အပြင်ထွက် လက်ဖက်ရည်သောက်နေရာ ဆိုင်သို့ မြစပယ်ရုံ လိုက်လာခဲ့သည်။

နေ့ခင်းဘက်တွင် ဓာတ်ရုံရှေ့ လက်ဖက်ရည်ဆိုင်များတွင် လူရှင်းနေသည်။ ဆရာသည် မြစပယ်ရုံ လိုက်လာကတည်းက တစ်ခုခု ပြောစရာရှိ၍ လိုက်လာခဲ့ခြင်း ဖြစ်ရမည်ကို သိနေသည်။ ဆိုင်အတွင်းတွင် ထိုင်လိုက်လျှင် ထိုင်လိုက်ချင်း "ကလေး ဆရာ့ကို ပြောစရာရှိလို့လား" ဟု မေးလိုက်မိသည်။

မြစပယ်ရုံသည် စားပွဲထောင့်စွန်းဘက်မှ ဆရာ့ မျက်နှာကို စိုက်ကြည့်နေသည်။ သူ့ မျက်နှာကလေးမှာ ငြိမ်သက်နေကာ သူသည် ခေါင်းညိတ်ပြပြီးမှ စကား ရုတ်တရက် မပြောနိုင်သေးပဲ ဖြစ်နေသည်။ အတန်ကြာမှပင်.....

"စပယ်တော့ ငိုချင်လာပြီ ဆရာ၊ ဓာတ်ထဲကကို ထွက်ပြေးချင်လာပြီ၊ ပြေးပေါက် မရှိသလိုဘဲ၊ သိပ်စိတ်ညစ်တာပဲ၊ စပယ့်ကို ဓာတ်ရုံကလေးလောက် ဖြစ်ဖြစ် ပြန်ထားပေးလို့ မရနိုင်ဘူးလား ဆရာ၊ အဲဒါဆိုရင် စိတ်ချမ်းသာရမှာဘဲ၊ ကြာလေ စိတ်ညစ်လာရလေ" ဟု တိုးတိုးပြောသည်။

ဆရာသည် သူ့ကို ကျော်ပြီး ဆိုင်အပြင် လမ်းဟိုဘက် ဝေးဝေး ရှိစီးနေသော မြင်သာမြစ်ပြင်ကို လှမ်းကြည့်နေရင်း သက်ပြင်းမချမိရန် သတိထားနေရ၏။ မိန်းကလေး၏ မျက်လုံးများမှာ အားငယ်မှုကြောင့် မှိန်ဖျော့နေသည်ဟု ထင်ရသည်။ သူ့မျက်နှာကလေးမှာ ညှိုးကျနေသည်။

"မင်းက အားငယ်တတ်တာကိုး ကလေးရဲ့"

"မဟုတ်ပါဘူး ဆရာ၊ နေ့စဉ်နဲ့အမျှ ဆိုတော့လည်း"

"ဟုတ်ပါတယ်၊ အနုပညာသည်ဆိုတာ ဒါလောက်တော့လည်း ရင်ဆိုင်ရမှာပေါ့ကွယ်၊ ဒါလောက်အခက်အခဲ စိတ်ညစ်စရာကလေးမှ မရှိဘူး ဆိုရင်လည်း အနုပညာသည်ရယ်လို့ ဘယ်ဖြစ်နိုင်တော့မလဲ၊ စိတ်ဓာတ်ပျော့လို့တော့ မရနိုင်ဘူး၊ တစ်နည်းမဟုတ် တစ်နည်းအားဖြင့်တော့ အတိုက်အခိုက်ဆိုတာ ရှိလာရမှာပဲ။ အနုပညာသည်မှာ အတိုက်အခိုက် ရပ်စဲနေပြီလို့ကို မရှိနိုင်ဘူး။ အတိုက်အခိုက်

m.gyoe.com

mgyoe.com


ရပ်စဲသွားပြီလို့ ဆိုရင်လည်း အဲ့သည် အနုပညာသည်ဟာ ရပ်တန့်သွားပြီလို့ပဲ အဓိပ္ပာယ်ရမယ်"

ခုကိစ္စကို ဖြစ်ပေါ်လာအောင် ဖန်ဆင်းလိုက်သူမှာ လှကြည်ကြည်လေးသာ ဖြစ်ရမည်ဟု ဆရာသည် တွေးလိုက်မိ၏။ လှကြည်ကြည်လေးသည် လက်ထောက်နေရာမှ နေပြီး သူ့အမည်ကို တောက်လာအောင် မြို့တိုင်း နေရာတိုင်း၌ လုပ်လာခဲ့၏။ သူသည် ဆရာ ခိုင်းသည့်အတိုင်းထက် ပို၍ မလုပ်ဟု ထင်ရသော်လည်း ဇာတ်စင်ပေါ်၌ များစွာ လုပ်သွားခဲ့သည်။ အနည်းဆုံး သူ့မျက်လုံးကို ကစားပြီး ဖြစ်ဖြစ်၊ ပရိသတ်၏ အာရုံကို ရအောင် ဖမ်းယူ သွားခဲ့လေသည်။ သူသည် ဆရာ့အပေါ်၌ လေးစား၍သာ ဘောင်စည်းကို တရိုတသေ လိုက်နာနေခဲ့၏။ သို့မဟုတ်လျှင် ယခုရထားသည့် အခွင့်အရေးကို အသုံးချကာ သူ့နာမည်ကို မည်သည့်နည်းနှင့် ဖြစ်ဖြစ်၊ ဟုန်းဟုန်းတောက်လာအောင် လုပ်သွားလိမ့်မည်။ သူသည် မြစပယ်ရုံကို ခေါင်းဆောင်နေရာမှာ ပြောင်ပြောင်တင်းတင်း ပယ်ချရန် မဖြစ်နိုင်သော်လည်း မြစပယ်ရုံ စိတ်ဓာတ်ကျကာ အလိုလိုညှိုးမှိန်သွားရန်မူ ကြိုးပမ်းကြည့်သည်။ သူသည် စိန်ဝင်းရွှေမှစကာ တစ်ဖွဲ့လုံးနှင့် ကျေညက်အောင် ပေါင်းသင်းထားလိုက်၏။ တစ်ဖွဲ့လုံး သူ့နောက်လိုက်များ၊ သူခိုင်းရာလုပ်သူများ ဖြစ်လာအောင် မသိမသာဖြင့် လုပ်ထားလိုက်၏။ နောက်တစ်ဖွဲ့လုံး စိတ်ထဲ၌ အခံရှိနေနှင့်သော မနာလိုစိတ်များကို ငြိမ်သက်မနေစေရန် ဆွပေးလိုက်သည်။ သူကမူ မြစပယ်ရုံနှင့် ပို၍ ရင်းနှီးအောင် ပေါင်းကာ သူ့ကိုယ်သူ မျက်နှာစုံညီရှေ့တွင်မူ အလွတ်ရုန်းကာ ရှောင်ရှားသွားနှင့်သည်။

"စပယ်သိတော့ သိပါတယ် ဆရာ၊ သူတို့က စပယ့်ကို ကျောင်းသူလူထွက်ကလေးလို့ သိတယ်၊ ဒီနေ့ နေ့ချင်းညချင်း ကောက်ကာ ငင်ကာ ဇာတ်ခုံပေါ်တက်လာတာဆိုပြီး အထင်သေးထားတယ်၊ နောက်တော့ သူတို့နဲ့ အနေအထိုင်ချင်းလည်း မတူတော့ စပယ့်ကို ဝိုင်းပယ်လာရမှာပဲ၊ ရန်လုပ်လာရမှာပဲ။ စောင်းတာချိတ်တာ ကြုံရမှာဘဲ။ စိတ်ဆင်းရဲရမှာပဲလို့ တွေးပါတယ်၊ တစ်ခါတစ်ခါတော့လည်း အားငယ်တာပဲ ဆရာ၊ ခုလို ဆရာ့ကို ဖွင့်ပြောရတော့ ရင်ထဲမှာ ရှင်းသွားတယ်၊ ကိုယ့်ဘာသာလည်း အားပေးမိသလို ပြန်ဖြစ်လာတယ်"

မြစပယ်ရုံသည် စကားပြောရင်း သူ့ကိုယ်သူ အားပေးလိုက်သလို ပြုံးလိုက်သည်။ သူသည် လက်ဖက်ရည်ကို ကောက်ကိုင်ထားပြီးမှ မသောက်သေးဘဲ ဆရာတစ်ခုခု ပြောလိမ့်မည်ကို စောင့်နေသည်။ ဆရာကား

mgyoe.com

mgyoe.com

ခေါင်းညိတ်ပြရုံသာ ပြပြီး စကား ဆက်မပြောတော့ပေ။ ယခုကား အနုသဘင်၏ ခရီးအစမျှသာ ရှိသေးသည်။ နောင်အခါတွင် ယခု မြစပယ်ရုံ ကြုံတွေ့ရသည့် ကိစ္စမျိုးကလေးများကို စကားလုပ်၍ ပြောနိုင်ကြမည် မဟုတ်ဟု တွေးနေလိုက်မိသည်။ ဆရာသည် မိန်းကလေး၏ လက်ဖက်ရည်ခွက် ကောက်ကိုင်နေသည့် လက်ကလေးများကို အာရုံမစိုက် ကြည့်နေမိရင်း သည်မိန်းကလေးကို ဟိုစဉ်ကလို သွားအတူ လာအတူ ဆက်ဆံနေ၍ မဖြစ်တော့ဟု တွေးနေမိသည်။ အတော်ကြာလျှင် မြစပယ်ရုံကို ဆရာနှင့်ပင် သွားပုပ်လေလွင့် ပြောဆိုလာနိုင်ပေသည်။ ဆရာသည်လည်း မသိမသာ သက်ပြင်းချ နေမိပြန်သည်။

●

mgyoe.com

mgyoe.com

ခဲမမြို့မှထွက်ခွာကာ မဏိဘက်သို့ ကူးရပြန်သည်။ ထို့နောက် အနုသဘင်သည် မြင်းမဏိတောင်ခြေမှ ခွာပြီး စနစ်ကျသော အစီအစဉ်များအတိုင်း အညာဘက်သို့ ဆန်တက်သွားသည်။ ဇာတ်အဖွဲ့၏ အသွင်သဏ္ဍာန်ကား ပြောင်းလဲမလာသေးပေ။ အပေါ်ယံမှ ကြည့်လျှင် စည်းကမ်းသေဝပ်သော ဇာတ်ပေပဲဟု ထင်လာရသည်။ ဆရာသည် သူနှင့် ဇာတ်အဖွဲ့သားများကို မထွက်သွားစေရန် အစဉ်အမြဲ တစ်လုံးတစ်စည်းတည်း ရှိနေရန် ကြိုးပမ်းကြည့်နေ၏။ သူတို့ကို အသာလျှော့ပေးကာ ကြိုးရှည်ရှည်နှင့် ပြန်၍ချော့ပြီး လိုရာသို့ ဆွဲယူလိုက်၏။ ဆွဲယူ၍ မရနိုင်လျှင် ပြန်၍ ပြန်လျှော့ပေးလိုက်၏။ ဇာတ်ပိုင်ရှင်၏ သြဇာမှာ ပို၍ ထက်မြက်လာသည်။ ရိုရိုစိန်နှင့် ခေတ်စန်းကြည်သည် ထမင်းစားချိန်၌ ဇာတ်ပိုင်ရှင်ထံသို့ ဟင်းများ ဦးဦးဖျားဖျား ပို့ပေးတတ်သည်။ ဇာတ်ပိုင်ရှင်သည် ဇာတ်ခုံပေါ် ၌ တင်ပြသော အနုပညာရပ်များတွင်ပင် ဝင်၍ စွက်ဖက်ချင်လာပုံရသည်။ ထိုဘက်တွင်မူ ဆရာသည် နယ်သတ်မှတ်ကာ သူ့သြဇာအဝင်မခံတော့ပေ။ လိမ္မာပါးနပ်စွာဖြင့် သူ့ကို အသာအယာ ခါချလိုက်၏။ ဆရာသည် ဇာတ်ကနေချိန်များတွင် ဦးထွန်းအုံကြီး၏ အိပ်ရာထဲ၌ ရှိနေတတ်၏။ စောင်းဖြင့် လိုက်၍ တီးပေးရသည့် အခါများ၌ ဦးထွန်းအုံကြီး၏ အိပ်ရာမှ ထကာ တီးပေးလိုက်သည်။ အနုသဘင်၏ လမ်းမှာ ဖြောင့်ဖြူးနေဆဲပင် ဖြစ်လေသည်။ ရုံများ၌ လူအဝင်အသင့်အတင့် ကောင်းနေသည်ဟု ဆိုရမည်။

အညာမြို့ငယ်ကလေးများကို တစ်မြို့ပြီး တစ်မြို့ ဖြတ်သန်းသွားနေသည်။

mgyoe.com

m-gyoe.com


ပျမ်းမျှကြည့်လျှင် ဓာတ်ပိုင်ရှင်အတွက် အမြတ်ပေါ် လာနေပေပြီ။ ဓာတ်ပိုင်ရှင်သည် အသာပင် အေးအေးငြိမ်းငြိမ်း ငြိမ်နေလိုက်လေသည်။

ဆရာသည် ရောက်ရာ ဓာတ်ရုံကို အိုးအိမ်လို သဘောထား တတ်လေသည်။ ရောက်ရာ ဓာတ်ရုံမှ ညနေခင်းများဘက်လမ်းလျှောက် ထွက်ရသည်မှာ အေးရိပ်ငြိမ်မှ မြို့အပြင်လမ်းကို လမ်းလျှောက် ထွက်ရသည်နှင့် မခြားနားပေ။ ရှုခင်းတို့ကား အညာဒေသသို့ ဆန်တက်လာသည့်အခါ၌ မြင်းမဏိတောင်ခြေနှင့် သိသိသာသာ ခြားနားလိုက်လာသည်။ ဆရာသည် အညာ၏ လွင်တီးခေါင် အလှကို နှစ်သက်မိသည်။ မြို့အပြင်ဘက်များတွင် လမ်းလျှောက်ရင်း လွင်တီးခေါင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လွတ်လပ်သန့်ရှင်းသည့် လေကို အားပါးတရ ရှူရှိုက်ရသည်။ ညနေဆည်းဆာတွင် နေခြည်နှင့် နှင်းငွေများ ရောထွေးနေသောအခါ၌ နွေးနေသည်။ သဲပြင်များအပေါ်၌ လမ်းလျှောက်ရင်း ဖိနပ်အထိ နစ်မြုပ်သွားတတ်သည်။

တစ်ခါတစ်ရံ ဆရာသည် လမ်းလျှောက်ထွက်လာခဲ့ရင်း ပုံကြမ်းစာအုပ်ကို ယူလာခဲ့ကာ အညာ၏ အလှတို့ကို ပုံကြမ်း ရေးဆွဲလိုက်၏။ အမှတ်တရ အဖြစ်လည်း ပါသည်။ တစ်ချိန်ချိန်၌ ယခု ခရီးသွားဟန်လွှဲ စုဆောင်းခဲ့သော ပုံကြမ်းများမှာ ပန်းချီကားကောင်းများ ဖြစ်မလာနိုင်ဟု ပြော၍ရမည် မဟုတ်ပေ။

ဆရာသည် မြစပယ်ရုံနှင့် လမ်းအတူထွက်၍ မလျှောက်မိရန် သတိထားသော်လည်း တစ်ခါတစ်ခါတွင် သူသည် အတင်း လိုက်လာတတ်၏။ မြစပယ်ရုံ၏ အဖြစ်မှာမူ ဓာတ်အဖွဲ့သားအများစု နှင့် အနေအထိုင်ချင်း မတူနိုင်ဘဲ ပဋိပက္ခများ ဖြစ်မြဲ ဖြစ်နေလျက် ရှိနေသည်။ မြစပယ်ရုံသည် ရက်အတန်ကြာလာမှ တိုးမလေး၊ ခင်စန်းကြည်၊ စိန်အုံးကြည်တို့ သုံးဦးနှင့် ပေါင်းရလာသည်။ တိုးမလေးမှလည်း မင်းသမီးနှင့် မတူသော မိန်းကလေး ဖြစ်နေသည်။ နောက်တော့ အုပ်စု နှစ်စုမှာ မသိမသာ ကွဲနေရာမှ သိသိသာသာ ကွဲလာတော့မည့် အခြေမျိုး ဖြစ်လာသည်။ မြစပယ်ရုံသည် တိုးမလေးတို့ကိုပင် မပေါင်းသင်းဘဲ နေလိုက်ကာ အုပ်စုအကွဲကို ထိန်းလိုက်လေသည်။ ဓာတ်စင်ပေါ်မှာမူ မြစပယ်ရုံသည် ဆတ်ဆတ်ထိ မခံတော့ပေ။ သူသည် လမ်းလျှောက် လိုက်လာတတ်ရင်း ဆရာ့ကို သူ့စိတ်ထဲ၌ ခံစားနေရသမျှ အကုန်ဖွင့်အန်လေသည်။ တစ်ခါတစ်ခါ၌ စိတ်မကောင်းစရာ ဖြစ်သော်လည်း တစ်ခါတစ်ခါ၌မူ ရယ်မောရတတ်လေသည်။

ဓာတ်အဖွဲ့အတွင်း၌ ကြာရှည်ကြာမြဲ အတူတွဲဖက်လာသောအခါ၌

m-gyoe.com